မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ပ တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၂)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

မြန်မာနိုင်ငံက လေကြောင်းသဘောတူညီချက် ၄၆ ခု ချုပ်ဆိုပြီးစီးနေပြီဖြစ် လေကြောင်းလုံခြုံရေးအခြေခံအဆောက်အအုံနှင့် လေဆိပ်အဆင့်မြှင့်တင်ရေးဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂလက်အောက်ခံ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်(International Civil Aviation Organization-ICAO) ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Raymond Benjamin အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂလက်အောက်ခံ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်(International Civil Aviation Organization-ICAO)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Raymond Benjamin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့မှု၊ အဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံအား နည်းပညာများပေးအပ်နေမှုများအတွက် ကျေးဇူးတင်ရှိမှုနှင့် ဆက်လက်၍ လေကြောင်းဖွံ့ဖြိုးရေးနည်းပညာနှင့် အတွေ့အကြုံများ ဝေမျှရယူလိုမှု၊ မြန်မာနိုင်ငံအနေဖြင့် လေကြောင်းသဘောတူညီချက် ၄၆ ခု ချုပ်ဆိုပြီးစီးနေပြီဖြစ်ရာ လေကြောင်းလိုင်းဖွံ့ဖြိုးတိုးတက်ရန်အတွက် အရင်းအနှီးနှင့် နည်းပညာများ၊ လေကြောင်းလုံခြုံရေးအခြေခံအဆောက်အအုံ၊ လေဆိပ်အဆင့်မြှင့်တင်ရေး၊ လေကြောင်းဆိုင်ရာ စက်ပစ္စည်းကိရိယာများ ကူညီပံ့ပိုးပေးရန် လိုအပ်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်သည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်ပြီး *စာမျက်နှာ ၇ ကော်လံ ၁* ✻

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် (၁၆၂)နှစ်မြောက် သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်ကျင်းပ

ရွှေကျင်သီတင်းကျွတ်မီးမျှော ပွဲတော်တွင် လှေ်ကားတော်ကြီးလှေ ဦးဆောင်၍ ရှင်ဥပဂုတ္တမထေရ်မြတ် စံမြန်းတော်မူသည့် ကရဝိက်ဖောင်တော် လှည့်လည်အပူဇော်ခံနေစဉ်။

သတင်းမှတ်စု - ပိန်းဇလုပ်သိန်းညွန့်

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် (၁၆၂)နှစ်မြောက် သီတင်းကျွတ် မီးမျှောပူဇော်ပွဲတော်ကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ရွှေကျင်မြို့နယ် ရွှေကျင်ချောင်းအတွင်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပွဲတော်ကျင်းပရေး နာယကနှင့် ဦးစီးကော်မတီ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်မည့် ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အရှင်ဥပဂုတ္တမထေရ်မြတ် ကရဝိက်ဖောင်တော်ကို လှေ်ကားတော်ကြီးလှေမှ ဦးဆောင်၍ တက်ခုတ်၊ တက်ပျံအဖွဲ့များက ချောင်းအတွင်း ပင့်ဆောင်ပူဇော်ပြီး ယိမ်း၊ တက်ခုတ်၊ တက်ပျံပြိုင်ပွဲများ ကျင်းပသည်။ ထို့နောက် ယှဉ်ပြိုင်ကြသည့် ယိမ်းအဖွဲ့များက *စာမျက်နှာ ၇ ကော်လံ ၄* ▲



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဒီရွှေသည် ငါတို့ရွှေ

ကျွန်ုပ်တို့ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပွဲကြီးသည်ကား တဖြည်းဖြည်း နီးကပ်လာခဲ့ပြီဖြစ်သည်။ ပြိုင်ပွဲကျင်းပရန် ၄၉ ရက်သာလိုတော့သည်။ ဤပြိုင်ပွဲကြီးသည် တစ်မျိုးသားလုံး၏ဂုဏ်ကို မြှင့်တင်ပေးမည့် အမျိုးသားရေး ပြိုင်ပွဲကြီးလည်း ဖြစ်သည်။ ထူးခြားသည်မှာ ကျွန်ုပ်တို့ မြန်မာနိုင်ငံက ဤပြိုင်ပွဲကြီးကို နှစ်ပေါင်း ၄၄ နှစ်ကြာမှ ပြန်လည်ကျင်းပခွင့်ရရှိခဲ့ခြင်းလည်း ဖြစ်ပါသည်။

အမှန်စင်စစ် ဤပြိုင်ပွဲကြီးကို ကျင်းပခွင့်ရလိုက်ခြင်းသည် မြန်မာ့အားကစား အဆင့်အတန်းကို မြှင့်တင်ပေးလိုက်ခြင်းလည်း ဖြစ်ပါသည်။ ဤပြိုင်ပွဲကြီးမှတစ်ဆင့် ကျွန်ုပ်တို့နိုင်ငံတွင် ခါးဆက်ပြတ်နေသော အားကစားနည်းများ ပြန်လည်အသက်သွင်းလာနိုင်ပြီး မျိုးဆက်သစ် အားကစားသမားများကို မွေးထုတ်ပေးနိုင်လိမ့်မည် ဖြစ်ပါသည်။ ယခုအခါ ဆီးဂိမ်းပြိုင်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ လူငယ်မျိုးဆက်သစ်အားကစားသမားများသည် အောင်နိုင်ဆုများနှင့် အတွေ့အကြုံကောင်းများရယူနိုင်ရန် ပြည်တွင်းပြည်ပ နည်းပြကောင်းများဖြင့် စနစ်တကျ အပြင်းအထန် လေ့ကျင့်နေကြပြီ ဖြစ်ပါသည်။

ယခုအခါ ပြိုင်ပွဲကျင်းပမည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်(ငွေဆောင်) တို့တွင် အားကစားကွင်းနှင့် အားကစားရုံများကို နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ထားပြီဖြစ်ပါသည်။ ဤကဲ့သို့ ကြီးကျယ်ခမ်းနားလှသော အားကစားရုံကြီးများနှင့် အားကစားကွင်းသစ်ကြီးများ အဆင့်အတန်းမြင့်မြင့် ပေါ်ထွန်းလာခြင်းသည် နောင်အနာဂတ် မျိုးဆက်သစ် အားကစားသမားကောင်းများ ဆက်လက်မွေးထုတ်ပေးနိုင်မည့် ဘူမိနက်သန်များ ဖြစ်လာမည်ဖြစ်ပါသည်။

ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အားကစားနည်း ၃၃ မျိုးထည့်သွင်းယှဉ်ပြိုင်မည်ဖြစ်၍ အားကစားနည်းအလိုက် အောင်နိုင်ဆုများ မျှော်မှန်းအားထုတ် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ နောင်အနာဂတ်ကို မျှော်မှန်း၍လည်း ဆက်လက်အားထုတ်လေ့ကျင့် ပျိုးထောင်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့ မြန်မာ့အားကစားအဆင့်အတန်းသည် တဖြည်းဖြည်း ပြန်လည်မြင့်မားလာပြီး အာရှအဆင့်မှ ကမ္ဘာ့အဆင့်အထိ တက်လှမ်းကာ အောင်ဆုအလီလီ ဆွတ်ခူးလျက် မြန်မာ့ဂုဏ်ကို ဆောင်နိုင်ကြမည်ဖြစ်ပါသည်။

မည်သည့်အားကစားမဆို မဖြစ်မနေ နိုင်ရမည်၊ အောင်ရမည်ဟူသော စိတ်ဓာတ်သည် အောင်နိုင်စိတ်၏ အဓိကအချက်ဖြစ်ပါသည်။ ပြိုင်ဘက်ကို စိုးရွံ့ခြင်း၊ ကြောက်ရွံ့ခြင်းဖြင့် အောင်ပွဲမရနိုင်ပါ။ မည်သည့်ပြိုင်ဘက်ကိုမဆို မကြောက်မရွံ့မတွန့်သော စိတ်ဓာတ်ဖြင့် မဖြစ်မနေအနိုင်ရအောင် ကစားမည်ဟူသော စိတ်ဓာတ်ကသာ အောင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အားကစားသမားတိုင်းက ဒီရွှေသည် ငါတို့ရွှေ၊ ငါတို့မဖြစ်မနေ အရယူမည်ဟူသော သန္နိဋ္ဌာန်ချလျက် အောင်ဆုများရရှိရန် အောင်စိတ်ဖြင့် အပြင်းအထန် အားထုတ်သွားသင့်ပါကြောင်း။ ။

ရွှေတိဂုံစေတီပန်းပေါင်းစုံဗုဒ္ဓဆင်းတုတော်များ လှူဒါန်း

မင်းရွာ အောက်တိုဘာ ၂၁

ကျေးလက်နေ ဗုဒ္ဓဘာသာဝင်တို့၏ နေအိမ်များ၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကိုးကွယ်ပူဇော်ရန် အခက်အခဲရှိသူများအတွက် အဓိကရည်ရွယ်၍ ရန်ကုန်မြို့နေ ဦးမျိုးအောင်(ဥက္ကဋ္ဌ၊ Same Sky Co., Ltd.) မိသားစုက လှူဒါန်းသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အလှူရှင်၏ကိုယ်စား ပဲခူးတိုင်းဒေသကြီး တာဝန်ခံ ပဲခူးမြို့ ရွှေအောင်ရွေးကျောင်းတိုက်မှ ဦးကောဏ္ဍညက အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ် မင်းရွာကျေးရွာသို့ ဆင်းတုတော်အဆူ ၅၁၀၊ ကျောင်းစုကျေးရွာသို့ အဆူ ၃၀၀နှင့် တာ၀ ကျေးရွာသို့ အဆူ ၁၀၀ စုစုပေါင်း အဆူ ၉၁၀ ကို လာရောက်လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များသည် ရွှေတိဂုံစေတီ အလယ်ပစ္စယာနှင့် အောက်ပစ္စယာတို့မှ ပန်းပေါင်းစုံတို့ကို အခြောက်လှန်း မိုလောင်း၍ ဆင်းတုတော်ပြုလုပ်ပြီး ရွှေသင်္ကန်းကပ်ကာ အနေကဇာတင်ပြီးမှ ကျေးရွာများအရောက် လှူဒါန်းခြင်းဖြစ်ပြီး ယခုတစ်ကြိမ် သနပ်ပင်မြို့နယ်အတွင်း လာရောက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ရဲထွဋ်(မင်းရွာ)

First Choice Travel & Tour
09-4210 69966
09-517 1301
09-730 59081
Nov 23, Dec 26
Nov 1, 23, Dec 21
Nov 9, 23, Dec 6, 26
Nov 7, 21, Dec 21, 26
Nov 7, 21, Dec 22, 26
Dec 21, 26
Dec 21
Nov 8, 28, Dec 20, 27
Nov 9, Nov 23, Dec 7, Dec21

ပြည်တွင်းသတင်း

နည်းပညာအထောက်အကူများပံ့ပိုးမှု ကျေးလက်ဖွံ့ဖြိုးမှုပိုမိုထိရောက်

နေပြည်တော် အောက်တိုဘာ ၂၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ The Institute of Management Consultants Thailand (IMCT)မှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာမူဘောင်များ ချမှတ်ရေးဆွဲပြီး ဆောင်ရွက်နေပါကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း ဆင်းရဲမှုနှုန်း ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ် ရှစ်ရပ်ချမှတ်၍ စားနပ်ရိက္ခာဖူလုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းသော စားနပ်ရိက္ခာထုတ်လုပ်ရေး၊ ကျေးလက်မီးလင်းရေးနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်နေပါကြောင်း၊ ထိုသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် ပြည်ပအဖွဲ့အစည်းများမှ လိုအပ်သော နည်းပညာ၊ အထောက်အကူများ ကူညီပံ့ပိုးပေးခြင်းဖြင့် ကျေးလက်ဒေသများ လျင်မြန်စွာ Quick Win အောင်မြင်တိုးတက်လာစေမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် The Institute of Management Consultants Thailand (IMCT) မှ ကိုယ်စားလှယ်က မြန်မာနိုင်ငံရှိ နယ်ပယ်အသီးသီးတွင် အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဆိုင်ရာ လုပ်ငန်းများအား အတိုင်ပင်ခံ အကြံပေးဝန်ဆောင်မှုများ ပေးခြင်းနှင့် မြန်မာနိုင်ငံ၏ အကြံပေး ပုဂ္ဂိုလ်အရည်အသွေးများ မြှင့်တင်ပေးနိုင်ရေးကိစ္စများ၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ကျေးရွာများ ထူထောင်ခြင်း၊ လယ်သမားများထံ အိမ်တိုင်ရာရောက် ဘဏ်ဝန်ဆောင်မှုစနစ်၊ အခွန်လွတ်ဈေး၊ နယ်သာလန် နည်းပညာအသုံးပြု၍ ထိရောက်ကောင်းမွန်သောရေရရှိရေး စီမံခန့်ခွဲမှုစနစ် စသည့်ကိစ္စရပ်များကို ရှင်းလင်း ဆွေးနွေးသည်။

Institute of Managemant Consultant Myanmar Co.,Ltd. သည် ကမ္ဘာပေါ်တွင် အကြီးဆုံးအဖွဲ့အစည်းဖြစ်သော နိုင်ငံပေါင်း (၅၀) ကျော်ရှိ အတိုင်ပင်ခံအကြံပေးများ စုဝေးရာ International Council of Management Consulting Institutes (ICMCI) နှင့် ချိတ်ဆက်ထားပြီး ထိုင်းနိုင်ငံရှိ The Institute of Management Consultants Thailand (IMCT) နှင့် ပူးပေါင်း၍ နိုင်ငံတကာ အသိအမှတ်ပြု Certified Management Consultants (CMC) သင်တန်းများကို ကျင်းပပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချစ်ကြည်ရေးတံတားပေါ်မှ စည်းကမ်းမဲ့ဈေးသည်များနှင့် တောင်းရမ်းစားသောက်သူများ ကြပ်မတ်သင့်

တာချီလိတ်မြို့ရှိ ချစ်ကြည်ရေးတံတားအမှတ်(၁)ပေါ်တွင် စည်းကမ်းမဲ့ဈေးရောင်းချသူများနှင့် တောင်းရမ်းစားသောက်သူများကြောင့် နိုင်ငံတော်နှင့် မြို့၏ ဂုဏ်သိက္ခာကို ထိခိုက်လျက်ရှိကြောင်း သိရသည်။

ချစ်ကြည်ရေးတံတားက မြန်မာစံတော်ချိန် နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ဖွင့်ပါတယ်။ တံတားဖွင့်တာနဲ့ မော်တော်ယာဉ်မျိုးစုံနဲ့ ဆမ်လော့တွေ၊ စက်ဘီးတွေ အသွားအလာ အလွန်များပါတယ်။ တံတားရဲ့ အနေအထားက ၁၂ လမ်းမောင်းဖြစ်ပြီး အကျယ်အဝန်းအားဖြင့်လည်း ကျဉ်းပါ

ထင်သာမြင်သာ ပြုပြင်စရာ

တယ်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံက ညာမောင်းစနစ်၊ ထိုင်းဘက်က ဘယ်မောင်းစနစ် ဖြစ်တဲ့အတွက် တံတားအလယ်မှာ ယာဉ်ကြောပြောင်းရပါတယ်။ နောက်ပြီး နံနက် ၆ နာရီကနေ ၉ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီလောက်ကနေ ၅ နာရီလောက်အထိ တစ်ကြိမ် အလုပ်သွားအလုပ်ပြန်တွေ၊ ကျောင်းကြို/ ပို့ယာဉ်တွေ၊ ဈေးဝယ်ယာဉ်တွေနဲ့ ယာဉ်အသွားအလာ များပြားပါတယ်။ နဂိုကမှ တံတားကကျဉ်းရတဲ့အထဲ အခုလို စည်းကမ်းမဲ့ ဈေးသည်တွေကလည်းတွေ ထီးတွေဖွင့်ပြီး ဈေးထိုင်ရောင်းနေကြတော့ ယာဉ်ကြောတွေ မကြာမကြာပိတ်ဆို့ ကုန်ပါတယ်။ အရေးပေါ်ကိစ္စတွေ၊ ကျန်းမာရေးကိစ္စတွေအတွက် အလျင်အမြန်သွားချင်ပေမယ့် စည်းကမ်းမဲ့သူအချို့ကြောင့် ပြည်သူတွေပဲ ထိခိုက်နစ်နာရတာပေါ့ဗျာ” ဟု မြို့မိမြို့ဖတစ်ဦးက ပြောကြားသည်။

“တံတားပေါ်မှာ တောင်းရမ်းစားသောက်သူတွေက အထူးသဖြင့် နိုင်ငံခြားသားဧည့်သည်တွေကို အတင်းလိုက်ပြီး တတွတ်တွတ်နဲ့ တောင်းကြတယ်ဗျ။ နောက်ဆုံးဗျာ ငွေမရရင်တောင် လက်ထဲစားသောက်နေတဲ့ မုန့်တွေ အချိုရည်ဘူးတွေကို လက်ညှိုးထိုးထိုးပြီး အတင်းတောင်းကြတော့ အတောင်းခံရသူက ရှက်လည်းရှက် စိတ်လည်းရှုပ်ထွေးပြီး မပေးချင်ပေးချင်နဲ့ ပေးရတော့တာပေါ့။ ကျွန်တော်တို့နိုင်ငံအတွက် အရှက်ရစေတာပေါ့ဗျာ” ဟု တာချီလိတ်မြို့မှ ဘလော့ဂါတစ်ဦးကလည်း ရင်ဖွင့်ပါတယ်။

သို့ဖြစ်ပါသောကြောင့် နိုင်ငံတော်နှင့် တာချီလိတ်မြို့၏ ဂုဏ်သရေကို ညှိုးနွမ်းစေသည့် အဆိုပါ အမှတ်(၁) ချစ်ကြည်ရေးတံတားပေါ်မှ စည်းကမ်းမဲ့ ဈေးသည်များနှင့် တောင်းရမ်းစားသောက်နေသူများကို သက်ဆိုင်ရာမှ ထိထိရောက်ရောက် အရေးယူပေးနိုင်ပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

မောင်ယဉ်ကျေး

ကျိုက္ခမီမြို့ ဆံတော်ရှင်ရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် အဘိဓမ္မာအခါတော်နေ့ကျင်းပ

သံဖြူဇရပ် အောက်တိုဘာ ၂၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဆံတော်ရှင်ရေလယ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ လပြည့်ကျော် ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိနေသည်။ အောက်တိုဘာ ၁၉ ရက်(သီတင်းကျွတ်လပြည့်နေ့) နံနက် ၂ နာရီမှစတင်၍ ကျိုက္ခမီ ဆံတော်ရှင် ရေလယ်ဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများသည် ပင်လယ်ပြင်အတွင်းသို့ ဆွမ်းအိုးမျှောပူဇော်ခြင်း၊ ရှင်ဉပဂုတ္တဖောင်ဖြင့် ပူဇော်ခြင်းများကို စည်ကားသိုက်မြိုက်စွာဖြင့် ပူဇော်ခဲ့ကြသည်။

ထို့အပြင် နံနက်အရုဏ်တက်ချိန်၌ ရေလယ်ဘုရားကုန်းအပေါ် သီရိရတနာ အဆောင်ခန်းမ၌ သံဃာတော် အရှင်သူမြတ်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကို မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေလယ်ဘုရား ဂေါပကအဖွဲ့ဝင်များနှင့် ကျိုက္ခမီမြို့သူ မြို့သားတို့ကဆောင်ရွက်ကြပြီး ကျိုက္ခမီရေလယ်ဘုရား၏ ပဓာနနာယက ဆရာတော် ဆင်ပုန်းဂူတောရဆရာတော်က ဗုဒ္ဓအဘိဓမ္မာအခါတော်နေ့ တရားတော်များ ဟောကြားတော်မူပြီး ပြည်နယ်အစိုးရအဖွဲ့များနှင့် မြို့သူမြို့သားများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျိုက္ခမီမြို့ ဝတ်ရွတ်အဖွဲ့က ဗုဒ္ဓအဘိဓမ္မာခုနစ်ကျမ်းကို ရွတ်ပွားပူဇော်ကြသည်။

ကျင်းပနေသည့် ကျိုက္ခမီရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်တွင် ရွှေသံလွင်ကုမ္ပဏီနှင့် ပွဲတော်ကျင်းပရေးကော်မတီတို့က အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသည့် ဘုရားဖူးများကို နံနက်စာ၊ နေ့လယ်စာတို့ဖြင့် စတုဒိသာ ကျွေးမွေးလှူဒါန်းကြောင်း သိရသည်။

ကျော်ဝင်း(သံဖြူဇရပ်)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမများ မသုံးရ

ပြည်တွင်းသတင်း

ပုံးပေါက်ကွဲမှုဖြစ်စဉ်များကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ နှောင့်နှေးရပ်တန့်မည်မဟုတ်၊ အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန် ရည်ရွယ်ပြီး ယခုရက်ပိုင်းအတွင်း တိုင်းဒေသကြီးအချို့တွင် မသမာသူများမှ ဖောက်ခွဲမှုများအား လုပ်ဆောင်ခဲ့ကြရာ ပေါက်ကွဲမှုဖြစ်စဉ် (၇) ကြိမ်နှင့် ဖော်ထုတ်သိမ်းဆည်းရရှိမှု (၄)ကြိမ် ဖြစ်ပွားခဲ့ပြီး အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးခဲ့၍ နိုင်ငံခြားသူတစ်ဦး အပါအဝင် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်များတွင် ပြည်သူလူထု၏ အားတက်သရော ဝိုင်းဝန်းကူညီမှုဖြင့် ပါဝင်ပတ်သက်သူအချို့အားဖော်ထုတ်ရရှိခဲ့ပြီး KNU အဖွဲ့ရှိ စီးပွားရေးတာဝန်ခံအချို့ ဆက်စပ်ပါဝင်ခဲ့ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ၎င်းပေါက်ကွဲမှု ဖြစ်စဉ်များမှာ KNU အဖွဲ့အစည်းနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိဘဲ နိုင်ငံတော်အစိုးရနှင့် လုပ်ဆောင်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ထိခိုက်မှုရှိစေရန် အဖွဲ့အစည်းအတွင်းရှိ အနည်းငယ်သော အင်အားစုအချို့မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး KNU အဖွဲ့အစည်းအနေဖြင့် လုပ်ဆောင်ခြင်းမဟုတ်ကြောင်းနှင့် အဖြစ်မှန်ပေါ်ပေါက်၍ တရားခံများဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်သည်အထိ KNU အဖွဲ့မှ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဖော်ထုတ်ဆောင်ရွက်ခဲ့သည်။

အထက်ပါ ဖြစ်စဉ်များကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးရပ်တန့်သွားမည်မဟုတ်ဘဲ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(မြဝတီ)**

လေဖိအားနည်းရပ်ဝန်း ဆက်လက်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ **(မိုး/ဇလ)**

ထစ်ချုန်းမိုး

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် ငါးလကျော်သာလို သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများကို စီမံချက်အတိုင်း ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်နှင့်အညီ လုပ်ငန်းစဉ်အပေါ် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး လိုက်ပါပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပြည်သူများသိရှိနားလည်သဘောပေါက်စေရေးအတွက် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း နေရာဒေသအနှံ့ ထိထိရောက်ရောက် ထိုးဖောက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ်များသို့ လှည့်လည်သွားရောက်၍ သန်းခေါင်စာရင်းကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ သတင်းမီဒီယာများအား တွေ့ဆုံကာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များကို ရှင်းလင်း ဆွေးနွေးလျက်ရှိကြောင်း၊ ယခုအခါ သန်းခေါင်စာရင်း ကောက်ယူခြင်းအကြောင်း သိကောင်းစရာများကို ရုပ်မြင်သံကြား၊ ရေဒီယို၊သတင်းစာများကလည်း ထုတ်လွှင့်ဖော်ပြပေးနေသကဲ့သို့ ဂီတအစည်းအရုံး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဇာတ်သဘင်ပညာရှင်များ အစည်းအရုံးတို့ကလည်း မိမိတို့တတ်စွမ်းသည့် ပညာရပ်များဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များကို ပြည်သူများသိရှိနားလည် သဘောပေါက်စေရေး ကြိုးပမ်းဖော်ဆောင်ပေးကြရန် လိုကြောင်း၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် ငါးလကျော်သာလိုတော့သည်ဖြစ်၍ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများကို စီမံချက်အတိုင်း အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်ကြရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင် သတင်းနှင့်ပြန်ကြားရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မတီ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းဆပ်ကော်မတီအတွင်းရေးမှူးနှင့်ဆပ်ကော်မတီဝင်များက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအပေါ် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများအား ကဏ္ဍအလိုက် အကောင်အထည်ဖော်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြကြပြီး UNFPA မှ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါက်တာနေဝင်းက လုပ်ငန်းများအပေါ် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဖြည့်စွက်တင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကျေးလက်နေပြည်သူများအား လူကုန်ကူးခံရခြင်းမှ ကင်းဝေးရန်ဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက်က ပဲခူးမြို့နယ် အဝိုင်းကျေးရွာတွင် ပညာပေးဟောပြောပွဲ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာခေတ်မီကျန်းမာရေးပညာရပ်တိုးတက်ရန် ဆောင်ရွက်နေ

သတင်း-ဝေယံဦး

ရန်ကုန် အောက်တိုဘာ ၂၁

ကျန်းမာရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို နိုင်ငံတကာအဆင့်မီ သိရှိစေရန်နှင့် တိုးတက်ဖွံ့ဖြိုးမှုများ ဖြစ်ထွန်းစေရန် ရန်ကုန်တက္ကသိုလ်သိပ္ပံခန်းမ၌ ဖွင့်လှစ်ထားသည့် International Center of Excellence က ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့် ပါဒါနာတက္ကသိုလ်တို့ဖြင့် ပူးပေါင်းကာ Update in Women's Healthy အမည်ရှိ ခေတ်မီဆေးပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက်၌ ရန်ကုန်တက္ကသိုလ်သိပ္ပံဆောင်၌ ကျင်းပသည်။

"ကျွန်မတို့အနေနဲ့ ခေတ်မီဆေးပညာရပ်နဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတတွေကို မြန်မာနိုင်ငံက ပညာရေးနဲ့ ကျန်းမာရေးဆိုင်ရာ နယ်ပယ်က ပုဂ္ဂိုလ်တွေ နိုင်ငံအတွင်းမှာပဲ အလွယ်တကူ သိရှိနိုင်စေဖို့ အခုလို ဆောင်ရွက်ပေးတာဖြစ်ပါတယ်" ဟု International Center of Excellence မှ တွဲဖက်ဥက္ကဋ္ဌဖြစ်သူ ဒေါ်ယူဇာမော်ထွန်းက ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့် Perdana တက္ကသိုလ်တို့မှ Dr. Isabel C. Green၊ Dr. Module Aguch တို့မှ ဆေးပညာရပ်အပြင် ကျန်းမာရေးဆိုင်ရာ အသိပညာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)၊ သူနာပြုတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊ အလုပ်သမားဆေးရုံ၊ အင်းစိန်ဆေးရုံ၊ မင်္ဂလာဒုံဆေးရုံ၊ စံပြဆေးရုံ၊ အောင်ရတနာ အထူးကုဆေးခန်း၊ အာရှတော်ဝင်ဆေးရုံ၊ ဝိတိုရိယဆေးရုံ၊ ဆာကူရာဆေးရုံ၊ ဗဟိုစည်နှင့် မဟာမြိုင်အထူးကုဆေးခန်း၊ ပန်းလှိုင်ဆေးရုံ၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်းအပါအဝင် ပါမောက္ခချုပ်၊ တွဲဖက်ပါမောက္ခချုပ်၊ ကထိကနှင့် နည်းပြများ ၅၀ ခန့် တက်ရောက်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်အဆင့်ပညာရေး အဆင့်အတန်းမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ICOE အနေဖြင့် ပြီးခဲ့သည့် ဇူလိုင်လက အီလီနွိုက်တက္ကသိုလ်၊ ဩဂုတ်လက တောင်ကိုရီးယားတက္ကသိုလ်၊ စက်တင်ဘာလက ပါဒါနာတက္ကသိုလ်တို့မှ ပညာရှင်များနှင့် ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

အမေရိကန်-ပါကစ္စတန်ဆက်ဆံရေးအလွန်အရေးကြီးဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီပြောကြား

ဝါရှင်တန် အောက်တိုဘာ ၂၁

အမေရိကန်နှင့်ပါကစ္စတန်ဆက်ဆံရေးသည် အလွန်အရေးကြီးကြောင်း ဝါရှင်တန်၌ ပါကစ္စတန်ဝန်ကြီးချုပ်နာဝပ်ရှရစ်နှင့် တွေ့ဆုံစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားလိုက်သည်။

မစ္စတာနာဝပ်ရှရစ်၏ သုံးရက်ကြာသွားရောက်သည့် အမေရိကန်ခရီးစဉ်သည် နှစ်များစွာအတွင်း နှစ်နိုင်ငံအဆင့်မြင့်ပုဂ္ဂိုလ်များ၏ တွေ့ဆုံဆွေးနွေးပွဲများကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။ အဆိုပါဆက်ဆံရေးသည် အစ္စလမ္မာဘတ်က လက်မခံနိုင်သည့် အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများအပါအဝင်တင်းမာမှုအချို့ ရှိနေဆဲဖြစ်သည်။ ထိုအတောအတွင်း သမ္မတဘားရက်အိုဘားမားက ပါကစ္စတန်သို့ လုံခြုံရေးအကူအညီ အမေရိကန်ဒေါ်လာ ၃၀၅ သန်းကူညီရေး ရပ်ဆိုင်းထားမှုအပေါ် ပြန်စရန် ကွန်ဂရက်သို့ တောင်းဆိုလိုက်သည်။

ဝါရှင်တန်၏ လုံခြုံရေးအကူအညီသည် ၂၀၁၁ ခုနှစ်တွင် အမေရိကန်က ပါကစ္စတန်ကို နိုင်ငံအတွင်း အိုစမာဘင်လာဒင်ကို ဝင်တိုက်စဉ် အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၀ ကျော်သေဆုံးခဲ့ပြီးနောက် တင်းမာမှုများဖြစ်ပွားကာ ရပ်ဆိုင်းထားခဲ့ရသည်။

မိမိတို့အနေဖြင့် အပြန်အလှန်ဆွေးနွေးစရာ အများအပြားရှိပါကြောင်း၊ ပါကစ္စတန်နှင့်ဆက်ဆံရေးသည် အလွန်အရေးကြီးပါကြောင်း အောက်တိုဘာ ၂၀ ရက်က နာဝပ်ရှရစ်နှင့် မတွေ့မီ ဂျွန်ကယ်ရီက ပြောသည်။

ပါကစ္စတန်နိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ပြီး အကြမ်းဖက်မှုများကို နှိမ်နင်းရန်သာလိုအပ်တော့ပါကြောင်း၊ ဒေသတည်ငြိမ်ရေးသည် အရေးကြီးကြောင်း ၎င်းက ပြောသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ(ဝဲ)နှင့် ပါကစ္စတန် ဝန်ကြီးချုပ်တို့အား တွေ့ရစဉ်။

(ဘီဘီစီ)

ကိုယ်ဝန်ဆောင်များနှင့်သန္ဓေသားများကို ဆီးရီးယားစစ်တပ် လက်တည့်စမ်းပစ်နေသည်ဆိုခြင်းမှာ ရန်လိုအုပ်စု၏ မီဒီယာလက်သီးပုန်းထိုးနှက်ချက်ဟု တန်ပြန်ငြင်းဆို

ဒမတ်စကတ် အောက်တိုဘာ ၂၁

ဆီးရီးယားစစ်တပ် လက်ဖြောင့်တပ်သားများက ကိုယ်ဝန်သည်များကို လက်တည့်စမ်းပစ်သတ်လျက်ရှိကြောင်း သတင်းတစ်စွန်းတစ်စ ထွက်ပေါ်လျက်ရှိရာ လုံးဝအခြေအမြစ်မရှိကြောင်း ဆီးရီးယားအစိုးရတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၂၀ ရက်၌ ငြင်းဆို ပြောကြားခဲ့သည်။

ပြန်ကြားရေး ဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ဆင်ဟွာသတင်းသို့ ပြောကြားခဲ့ရာတွင် တိုင်းပြည်နှင့် ပြည်သူတို့အား ကာကွယ်ရေးတာဝန် ထမ်းဆောင်နေသည့် ဆီးရီးယားစစ်တပ်၏ပုံရိပ်ကို ရုပ်ပျက်သိမ်ဖျင်းအောင် ကြံစည်ကြပြီး ယခုလို သတင်းများထွက်လာခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

“ဒီလိုမျိုးသတင်းတွေနဲ့ပတ်သက်ရင် ပြတ်ပြတ်သားသား ကျွန်တော်တို့ငြင်းပါတယ်။ သုံးသပ်ရမယ်ဆိုရင် တချို့သော အနောက်အုစ်စုတွေနဲ့ဒေသတွင်းက ဆီးရီးယားအပေါ် ရန်စောင်နေတဲ့ နိုင်ငံများက မီဒီယာစစ်ပွဲရဲ့ လက်သီးပုန်းထိုးနှက်မှုတစ်ရပ်လို့ပဲ ဆိုချင်ပါတယ်” ဟု ၎င်းတာဝန်ရှိသူက ဖြည့်စွက်ပြောကြားသည်။

ဆီးရီးယားအစိုးရတပ်သားများက ကြောက်မက်ဖွယ်ရာသော ပစ်ကွင်းလေ့ကျင့်မှုလုပ်ကွက်အတွင်း သန္ဓေသားလွယ်ထားသော ကိုယ်ဝန်သည် မိခင်များကို ပစ်ခတ်ခဲ့ကြသည်ဟု ဆီးရီးယားဆေးရုံတစ်ရုံ၌ သီတင်းငါးပတ်ကြာ စေတနာ့ဝန်ထမ်း လုပ်အားပေးခဲ့သော ဗြိတိသျှ ဆရာဝန်တစ်ဦးက အသေအချာပြောဆိုချက်ကို သည်ဒေးလီးတယ်လီဂရပ် ဝက်ဘ်ဆိုက်တွင် အောက်တိုဘာ ၁၉ ရက်က ဖော်ပြခဲ့သည်။ ထို့ပြင် လူမှုကူညီရေးအသင်း တစ်သင်းဖြစ်သော Syria Relief (ဆီးရီးယားအေးရိပ်ဆာယာ) အသင်းထံမှ ရရှိသည်ဆိုသည့် ဦးခေါင်းခွံရိုးတွင် ကျည်ဆန်တစ်တောင့်စိုက်ဝင်နေသော သန္ဓေသားကလေးငယ်တစ်ဦး၏ ဓာတ်မှန်ပုံကိုလည်း ဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

(ဆင်ဟွာ)

ဦးခေါင်းခွံတွင် ကျည်ဆန် စိုက်ဝင်နေသည့် သန္ဓေသားငယ်၏ ဓာတ်မှန်ပုံ။ (သည်ဒေးလီးတယ်လီဂရပ်)

မော်လ်ဒိုက်သမ္မတဆင်းပေးရန် လိုအပ် ရွေးကောက်ပွဲအနိုင်ရရှိသူ တိုက်တွန်းပြောကြား

မော်လ်ဒိုက် အောက်တိုဘာ ၂၁

မော်လ်ဒိုက်နိုင်ငံတွင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်အနိုင်ရထားသူ မိုဟာမက်နာရှေးက သမ္မတ မိုဟာမက်ဝါရှီးဒ်အား နိုင်ငံရေးအကျပ်အတည်း နက်ရှိုင်းလာသည်နှင့်အမျှ အခြေအနေဆိုးရွားလာနိုင်သဖြင့် ရာထူးမှ အမြန်ဆုံးဆင်းပေးရန် တိုက်တွန်းလိုက်ကြောင်း အောက်တိုဘာ ၂၁ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စတာ နာရှေး ရွေးကောက်ပွဲတွင် အနိုင်ရကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် အောက်တိုဘာ ၁၉ ရက်က သမ္မတရွေးကောက်ပွဲကို ရဲတပ်ဖွဲ့က ရပ်တန့်ထားသည်။ မစ္စတာ နာရှေးက ယခုရွေးကောက်ပွဲကို ရပ်ဆိုင်းပြီး အခြားရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် ဆော်ဩလိုက်သည်။ မစ္စတာနာရှေးသည် သမ္မတအဖြစ်မှ နုတ်ထွက်ပြီး ၁၈ လအကြာ ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် လက်ရှိသမ္မတဝါရှီးဒ်သည် ရာထူးမှ နုတ်ထွက်သင့်ကြောင်း၊ ရွေးကောက်ပွဲပါလီမန်က ရွေးကောက်ပွဲပြီးသည့် တိုင်အောင် အစိုးရတာဝန်ကို ယူသင့်ကြောင်း မစ္စတာနာရှေးက အောက်တိုဘာ ၂၀ ရက်တွင် တိုက်တွန်းလိုက်သည်။ ၎င်းသည် ပြီးခဲ့သည့်လက ရွေးကောက်ပွဲ ပထမအကျော့တွင် ၄၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိထားသည်။

(ဘီဘီစီ)

မက္ကဆီကိုက အမေရိကန်ကို သူလျှိုလုပ်နေသည်ဟု စွပ်စွဲ

မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၁

မက္ကဆီကို သမ္မတဟောင်း၏ အီးမေးလ်ကို ဝင်ရောက်နှောင့်ယှက်ခံရကြောင်း သတင်းထွက်လာပြီးနောက် အမေရိကန်သည် သူလျှိုလုပ်နေကြောင်း မက္ကဆီကိုက စွပ်စွဲလိုက်သည်။

အမေရိကန်ထောက်လှမ်းရေး စနိုးဒန်းဖွင့်ချခဲ့သော အချက်အလက်များအရ သမ္မတဟောင်း ဖီးလစ်ကယ်ဒါရွန်၏ အီးမေးလ်ကို ၂၀၁၀ ခုနှစ်က ဝင်ရောက်နှောင့်ယှက်ခဲ့ကြောင်း ဂျာမနီမဂ္ဂဇင်း ဒါစပီးဂျယ်တွင် ဖော်ပြသည်။

တရားမဝင်သူလျှိုလုပ်ခြင်းသည် နှစ်နိုင်ငံကောင်းမွန်သော ဆက်ဆံရေးကို ထိခိုက်နိုင်ကြောင်း မက္ကဆီကို နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

ယင်းစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးပေးပါရန် မက္ကဆီကိုက သမ္မတအိုဘားမားအား တိုက်တွန်းလိုက်သည်။

သံတမန်နည်းလမ်းအရ စုံစမ်းစစ်ဆေးမှု ကဲ့သို့သော အရေးကြီးသော လက်တုံ့ပြန်မှုကို ချက်ချင်းပြုလုပ်သွားမည်ဖြစ်ကြောင်း မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးရုံး ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

(ဘီဘီစီ)

မင်္ဂလာပွဲတွင် သေနတ်ကိုင် ရမ်းကား၍ သုံးဦးသေဆုံးရ

ကိုင်ရို အောက်တိုဘာ ၂၁

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ ခရစ်ယာန်ဘာသာရေးကျောင်းတစ်ခု အပြင်ဘက်၌ လက်ထပ်မင်္ဂလာပွဲ တစ်ရပ်ကျင်းပနေစဉ် မော်တော်ဆိုင်ကယ်စီးသေနတ်သမားများက ဝင်ရောက်ပစ်ခတ်သွားသဖြင့် ရှစ်နှစ်အရွယ်မိန်းကလေးတစ်ဦးအပါအဝင် သုံးဦး သေဆုံးသွားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါမြို့ ဂီဇာအရပ်၌ ဖြစ်ပွားခဲ့သော ယင်းတိုက်ခိုက်မှုကြောင့် အခြား ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ တိုက်ခိုက်မှု ဖြစ်သည်ကို ချက်ချင်း မသိရသေးဟု ဆိုသည်။

အီဂျစ်နိုင်ငံတွင် ခရစ်ယာန်အသိုင်းအဝိုင်းကို အစ္စလမ်မစ်တို့ ပစ်မှတ်ထားတိုက်ခိုက်လာသည်။ ၎င်းတို့က ဇူလိုင်လတွင် သမ္မတ မော်စီကို ဖြုတ်ချခဲ့ပြီးနောက် အီဂျစ်စစ်တပ်က ခရစ်ယာန်ဘာသာရေးကျောင်းများကို ကာကွယ်ပေးနေသည်ဟု စွပ်စွဲထားသည်။ ယခုတိုက်ခိုက်မှုဖြစ်စဉ်အတွင်း အမျိုးသားတစ်ဦးနှင့် မိန်းကလေးတစ်ဦးသည် ဘာသာရေးကျောင်းအပြင်ဘက်၌ ပွဲချင်းပြီး သေဆုံးခဲ့ပြီး ကျန် အမျိုးသမီးတစ်ဦးသည် ဆေးရုံသို့ပို့ဆောင်စဉ် လမ်းတွင် သေဆုံးသွားသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်၌ ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်များဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၂၁

အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်- မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၂၃/၇)နှင့် (၁၂၄/၀) ကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဖောဓိကုန်းအမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မန္တလေးမှ ရန်ကုန်သို့ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မအူတန်းရပ်နေ ထွန်းအောင်ဇော် (၂၅ နှစ်) မောင်းနှင်လာသော ၈ဏ/---- လိုက်အေ့စ်အဖြူရောင်ယာဉ်သည် ဘရိတ်ပေါက်ပြီးအရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကပ်တုံးများကို တိုက်မိတိမ်းမှောက်ခဲ့သည်။ **(ယာပုံ)** ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ ၂၁ ဦးအနက် မန္တလေးမြို့ ဖောဓိကုန်းအလယ်ရပ်နေသူများဖြစ်သည့် ဒေါ်ကော်မူ (၅၅ နှစ်)တွင် ဝဲ/ယာမျက်လုံးဖူးရောင်၊ နှာခေါင်းသွေးထွက်၊ ဝဲနားရွက်အပေါ်ပိုင်း ပြတ်ရှပေါက်ပြဲဒဏ်ရာ၊ မရှမ်းမ (၄၅ နှစ်)တွင် ယာနဖူး/ယာပါး/ ယာမျက်လုံးပေါက်ပြဲဒဏ်ရာများရရှိခဲ့ပြီး ဒေါ်ကော်မူမှာ ဖြူးဆေးရုံမှတစ်ဆင့် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့သည်။ ထို့ပြင် ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ဝဲ/ယာတံခါး မှန်ကွဲ၊ ဘော်ဒီအနည်းငယ်ပိန်ချိုင့် ပျက်စီးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ထွန်းဇော်အောင်ကို ဖောဓိကုန်းအမြန်လမ်း ရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

အလားတူ အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၃၆/၄-၅)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဖောဓိကုန်းအမြန်လမ်းရဲစခန်း မှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှ နေပြည်တော်သို့ ဘားအံမြို့ အမှတ် (၆) ပြည်ထောင်စုရပ်ကွက်နေ ယဉ်ထွေး(၃၅ နှစ်) မောင်းနှင်လာသည့် ၇ခ/---ဟွန်ဒါဖစ်အဖြူရောင်ယာဉ်သည် ယာဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးတွင် ကာရံထားသော သစ်သားတန်းများကို ဝင်ရောက်တိုက်မိသဖြင့် **(အပေါ်ပုံ)** ယာဉ်ရှေ့ခေါင်းပိုင်း ပိန်ချိုင့်၊ ပျက်စီးခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ယဉ်ထွေးကို ဖောဓိကုန်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အောက်တိုဘာ ၁၈ ရက် ည ၁၀ နာရီ မိနစ် ၄၀ ခန့်ကလည်း ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် (၇၄/၀-၁)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အုတ်ရှစ်ကုန်း အမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့ ဈေးပိုင်းနေ အောင်ကိုလတ်(၃၅ နှစ်)မောင်းနှင်လာသော ၄ဃ/---- ပရိုဘောက်စ်အဖြူရောင်ယာဉ်သည် ယာဘက်ရှေ့ဘီးပေါက်ပြီး လမ်းလယ်ကျွန်းဘယ်ရီယာတုံးများကိုတိုက်မိကာ လမ်းလယ်ကျွန်းပေါ် ရောက်ရှိ ရပ်တန့်သွားခဲ့ကြောင်း တွေ့ရှိရသည်။ **(အောက်ပုံ)**ယာဉ်တိုက်မှုကြောင့် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ခေါင်းခြမ်းဝဲဘက် ပိန်ချိုင့်၊ နောက်လေကာမှန်ကွဲ၊ ယာတံခါးမှန်ကွဲ ပျက်စီးခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်ကိုလတ်ကို အုတ်ရှစ်ကုန်း အမြန်လမ်းရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။

အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီခွဲခန့်က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၄၄/၁-၂)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပေပင်လေးအမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မန္တလေးမှရန်ကုန်သို့ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၇၃/၆၈ လမ်းနေ မယဉ်ယဉ်မြင့်(၃၁ နှစ်) မောင်းနှင်လာသော ၉ဃ/----အာအေဗီ-၄ အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်မြေသားလမ်းပေါ်သို့ ထိုးကျခဲ့ပြီး လမ်းဘေးရှိသစ်ပင်အားဝင်ရောက်တိုက်မိကာ တိမ်းမှောက်သွားခဲ့သည်။ **(အောက်ပုံ)** ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း မယဉ်ယဉ်မြင့်တွင် ယာဘက်နားထင် ပေါက်ပြဲ၊ ယာလက် မောင်းပွန်းပဲ့၊ ယာဘက်ဒူးပွန်းပဲ့ ဒဏ်ရာနှင့် တစ်ရပ်တည်းနေ ဒေါ်သန်းစိန်(၆၃ နှစ်)တွင် နဖူး/ဝဲလက်ဖမိုးပွန်းပဲ့ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ရှေ့ဝဲ/ယာတံခါးတွန့်ကြေပျက်စီးခဲ့သဖြင့် ယာဉ်မဆင် မခြင်မောင်းနှင်သူ မယဉ်ယဉ်မြင့်ကို ပေပင်လေးအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောက်တိုဘာ ၁၉ ရက် ညနေ ၄ နာရီခန့်ကလည်း မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၄၂/၃-၄)ကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ပေပင်လေးအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မန္တလေးမှနေပြည်တော်သို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညို ကျေးရွာနေ နိုင်ဝင်း(၃၈ နှစ်) မောင်းနှင်လာသော ၉က/---- နစ်ဆန်းပစ်ကပ်မီးခိုးပြာရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအုတ်ခုံကိုတိုက်မိကာ ရေမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း တွေ့ရှိရသည်။ **(အောက်ပုံ)** ယာဉ်တိမ်းမှောက်မှုကြောင့် တစ်စုံတစ်ရာထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်မှာရှေ့ ဦးခေါင်းပိုင်း/အမိုးကိုင်းပိန်ချိုင့် ပျက်စီးခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ နိုင်ဝင်းကို ပေပင်လေးအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ရဲပြန်ကြား

လမ်းဘေးရပ်ထားသည့် ကုန်တင်ယာဉ်ကို ခရီးသည်တင်ယာဉ် ဝင်တိုက် ကလေးငါးဦးနှင့် ယာဉ်မောင်းဒဏ်ရာရ

ရန်ကုန် အောက်တိုဘာ ၂၁

အောက်တိုဘာ ၂၀ ရက် ည ၈ နာရီခန့်က မင်္ဂလာဒုံမြို့နယ်အတွင်း ရန်ကုန်-မန္တလေးသွား လမ်းမကြီးပေါ်၌ လမ်းဘေးတွင်ရပ်ထားသော ၁၀ ဘီးကုန်တင်ယာဉ်ကို ရန်ကုန်-နေပြည်တော်ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်က ဝင်တိုက်မှုဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့ ရွာမရပ်ကွက် ရန်ကုန်-မန္တလေးလမ်း၊ ဇိနမာန်အောင်ဘုရားရှေ့တွင် ယာဉ်မောင်း ဦးဝင်းသိန်း မောင်းနှင်လာသော ရန်ကုန်-နေပြည်တော်ပြေးဆွဲသည့် ဇာနည်ဘွားလိုင်းမှ ယာဉ်အမှတ် ၆ခ/. . . ဖူဆိုအမျိုးအစား Express သည် ဇိနမာန်အောင်ဘုရားရှေ့ အရောက် လမ်းဘေးတွင်ရပ်ထားသော ယာဉ်အမှတ် ၃ခ/. . . နစ်ဆန်း ၁၀ ဘီးကုန်တင်ယာဉ်ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုသတင်းအား တာဝန်သိခရီးသွားပြည်သူတစ်ဦးမှ ည ၈ နာရီ မိနစ် ၂၀ တွင် ထောက်ကြံ့မီးသတ်တပ်ဖွဲ့စခန်းသို့ လာရောက်အကြောင်းကြားသတင်းပို့ခဲ့ခြင်းဖြစ်သည်။ မီးသတ်တပ်ဖွဲ့စခန်းမှ သန္ဓေမီးသတ်ခုနစ်ဦး၊ အရန်မီးသတ် ၁၀ ဦးတို့ သွားရောက်ကူညီပေးခဲ့ကြသည်။

ယာဉ်တိုက်မှုကြောင့် ခရီးသွားယာဉ်ပေါ်ပါ ယာဉ်မောင်း ဦးဝင်းသိန်း အသက် (၅၂ နှစ်) ညာခြေထောက်ကြေ၊ မောင်ဖိုးသူရ (၅ နှစ်) ခြေထောက်နှစ်ဖက်ကြေ၊ မနှင်းရွှေရည် (၁၁ နှစ်) နဖူး၊ ညာလက်ပွန်းပဲ့၊ မစုသန္တာကျော် (၉ နှစ်) ဘယ်လက် ဘယ်ဒူးပွန်းပဲ့၊ မလှသန္တာ (၅ နှစ်) ညာဒူး ညာလက်ပွန်းပဲ့၊ မအေးသဒ္ဒါခိုင် (၅ နှစ်) ညာလက်နဖူးပွန်းပဲ့ ဒဏ်ရာများ ရရှိခဲ့ကြသည်။

မီးသတ်တပ်ဖွဲ့ဝင်များက ပတ်ဝန်းကျင်မှ ကားများ၏အကူအညီဖြင့် ခြေထောက်ကြေဒဏ်ရာရသူ ယာဉ်မောင်းနှင့် ကလေးငယ်(ကျား)တစ်ဦးကို မြောက်ဥက္ကလာပဆေးရုံကြီးသို့လည်းကောင်း၊ ကလေးငယ်(မ)လေးဦးကို အင်းစိန်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။ **(ကိုကြီးတင်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာပါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့စီးပွားရေးဘဏ်
တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် အင်းစိန်ခရိုင်ဘဏ်ခွဲ အဆောက်အအုံဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်	-	၂၂-၁၀-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပုံစံ ပိတ်မည့်ရက်	-	၄-၁၁-၂၀၁၃ ရက် ၆း၀၀ နာရီ
တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ	-	မန်နေဂျာ၊ ပစ္စည်းထိန်းဌာနစိတ်၊ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်၊ ဘဏ်များဇုန်၊ သီရိကျော်စွာလမ်း။
ဆက်သွယ်ရန်ဖုန်းနံပါတ်	-	၀၆၇-၄၂၁၀၃၀၊ ၀၆၇-၄၂၁၀၃၁

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

မာလာတင်

အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ
၄-၁၁-၂၀၁၃ ရက် စမည်
စုံစမ်းချိန် နံနက် ၉ နာရီမှ
ညနေ ၃ နာရီအတွင်း

လှူဦးရေကန့်သတ်သည်
အမှတ် (၂၉၇)၊ အခန်း (၆)၊
မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့
ဖုန်း-၃၈၄၉၂၄၊ ၃၇၉၇၃၅

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အချိန်မီပြုပြင်ရန်လိုပါသည်

ထွန်းအောင်လှ(လုပ်ငန်းခွင်ကျန်းမာရေး)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ကျင်းပရန် ရက်အနည်းငယ်သာ လိုပါတော့သည်။ ပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း နိုင်ငံတွင်းသို့ နိုင်ငံတကာမှ နိုင်ငံခြားသားများ ရောက်ရှိလာကြပါလိမ့်မည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ)၏ အလှည့်ကျဉက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရန်အတွက် တာဝန်လွှဲပြောင်းလက်ခံပြီးဖြစ်၍ အာဆီယံဆိုင်ရာ အစည်းအဝေးပေါင်းများစွာကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးရမည်ဖြစ်ရာ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ခေါင်းဆောင်များ၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အစိုးရအရာရှိများအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံအတွင်းသို့ ကိစ္စပေါင်းစုံဖြင့် တစ်နှစ်ပတ်လုံး ဝင်ထွက်သွားလာကြမည် ဖြစ်ပါသည်။

နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှုများစွာရှိလာမည်ဖြစ်ပြီး တိုင်းပြည်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း တိုးတက်လာမည်ဖြစ်သကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအပါအဝင် မြန်မာ့သဘာဝအလှအပများကို ကမ္ဘာကပိုမိုသိရှိလာကာ တိုင်းပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်လာသည့်အခါ အိမ်ရှင်ဖြစ်သော စာရေးသူတို့နိုင်ငံသားများက ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံတတ်ရမည်ဖြစ်သလို၊ တစ်ဖက်ကလည်း မိမိတိုင်းပြည်နှင့်လူမျိုး၏ ဂုဏ်သိက္ခာမကျဆင်းရလေအောင် စောင့်ထိန်းသင့်သည်များကို စောင့်ထိန်းရန်၊ ပြုပြင်သင့်သည်များကို ပြုပြင်ရန်လိုအပ်ပါသည်။

မြန်မာ့အလှအပရှုခင်းမြင်ကွင်းများကို ကမ္ဘာကသိစေရန်၊ မြန်မာလူမျိုးတို့၏ ပြုမူနေထိုင်မှုပုံစံများကို ကမ္ဘာကသိစေရန် ပြသရမည့်အချိန်အခါကောင်းဖြစ်သော ယခုလိုအချိန်အခါတွင် မြန်မာနိုင်ငံနှင့်မြန်မာလူမျိုးတို့အတွက် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော အပြုအမူများ၊ ပုံစံဟောင်းများကို ပြုပြင်ကြရန် လိုအပ်ပါသည်။

တိုင်းပြည်၏နေရာအနှံ့အပြား၌ အရေးကြီးသည့် ပြုပြင်အပ်စရာ ကိစ္စရပ်တစ်ခုမှာ စားချင်သလိုစား၍ ထွေးချင်သလိုထွေးနေကြသော ကွမ်းတံတွေးထွေးခြင်းကိစ္စဖြစ်ပါသည်။ ကွမ်းယာစားခြင်းသည် မည်သည့်ကောင်းကျိုးကိုမှ မရစေဘဲ ခံတွင်းကင်ဆာအပါအဝင် ဆိုးကျိုးများကိုသာ ရစေနိုင်ပါသည်။ လက်ငင်းမြင်ရသည့်အကျိုးဆက်က လမ်းမများတွင် မြင်မကောင်းဖြစ်နေသော၊ ရုံးများအဆောက်အအုံနံရံများတွင် မြင်မကောင်းဖြစ်နေသော ကွမ်းတံတွေးကွက်များသာ ဖြစ်ပါသည်။ လမ်းများ၊ အဆောက်အအုံများ၏ အလှအပများကို ပျက်စီးစေပါသည်။

အလားတူ ပြဿနာတစ်ခုက အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်နေသည့်ကိစ္စဖြစ်ပါသည်။ စာရေးသူတို့ မြန်မာလူမျိုးများ၌ ဤကိစ္စတွင် အားနည်းချက်ရှိသည်ကို တွေ့နေရပါသည်။ မိမိလက်ထဲက အမှိုက်ကို အမှိုက်ပုံးသို့သွားပစ်ရန် အလွန်ပင်ဝန်လေးတတ်ကြပြီး ကြုံရာနေရာ၌ ကြုံသလို စွန့်ပစ်တတ်သည့် အလေ့အကျင့်ရှိနေပါသည်။ လမ်းဘေးတစ်ဖက်တစ်ချက်မှ ရေမြောင်းများသည် အမှိုက်စွန့်ပစ်ရန်နေရာဟု ယူဆထားလေသလား မသိတော့ပါ။ ဤအကျင့်ဆိုးများကို ပြုပြင်ရန်လိုပါသည်။

အခြားပြုပြင်စရာတစ်ရပ်မှာ အများသုံးအိမ်သာများကိစ္စဖြစ်ပါသည်။ ဈေးများ၊ ကျောင်းများ၊ ဆေးရုံများ၊ ကားဂိတ်များ၊ ဘူတာရုံများစသည့် လူစည်ကားရာနေရာများရှိ အများသုံးအိမ်သာများအနက် အများစုမှာသန့်ရှင်းမှုလွန်စွာအားနည်းနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အနံ့အသက်များ နံစော်လျက် ညစ်ပတ်ပေရေနေသော သုံးစရာရေမရှိသော အမှိုက်များနှင့်ပင့်ကူမျှင်ပါမကျန်တွေ့ရတတ်သော အိမ်သာများက အများစုဖြစ်နေပါသည်။

သို့ပါ၍ အများသုံးအိမ်သာများကိုလည်း သန့်ရှင်းသပ်ရပ် သာယာလှပစေရန် တာဝန်ရှိသူများက ပြုပြင်ကြရန်၊ ကွင်းဆင်းကြီးကြပ်ပေးကြရန် လိုအပ်သကဲ့သို့ သုံးစွဲသူများကလည်း မိမိတို့အိမ်မှ အိမ်သာများကဲ့သို့ သဘောထား၍ သန့်ရှင်းသပ်ရပ်စွာအသုံးပြုကြရန် လိုအပ်ပါသည်။

နောက်တစ်ချက်မှာ လမ်းဘေးမှ စားသောက်ဆိုင်များကိစ္စကို ဖော်ပြလိုပါသည်။ လမ်းဘေးစားသောက်ဆိုင်များ၏ သန့်ရှင်းသပ်ရပ်မှုကလည်း လွန်စွာအားနည်းနေပါသေးသည်။ အစားအသောက်ကိုင်သောလက်ဖြင့်ပင် စားသုံးသူထံမှ ပိုက်ဆံယူခြင်း၊ ပြန်အမ်းခြင်းများကို ပြုလုပ်နေကြသော ဆိုင်များရှိနေပါသည်။ ရောင်းချသော စားသောက်ကုန်များကလည်း ယင်ကောင်များ ဝဲပျံနေတာမျိုးတွေ၊ အစားအသောက်ပြင်ဆင်ရာမှာ သန့်ရှင်းမှုမရှိတာ(ဥပမာ-မုန့်ဟင်းခါးရောင်းသူက မုန့်ဖတ်များကို လက်အိတ်မစွပ်ဘဲ ကိုင်တွယ်နေတာ)မျိုးတွေက နေရာအနှံ့မှာ တွေ့မြင်နေရပါသေးသည်။ ဒါတွေကိုလည်း အသေးအဖွဲ့အဖြစ် သဘောမထားဘဲ ပြုပြင်ကြရန် လိုပါသည်။

အချိန်မလေးစားမှုပြဿနာကလည်း စာရေးသူတို့ မြန်မာလူမျိုးတို့အတွက် ဂုဏ်သိက္ခာကျဆင်းစရာကိစ္စတစ်ခုဖြစ်နေပါသည်။ အချိန်ကို လေးစားတန်ဖိုးထား၍ အချိန်ကို အကျိုးရှိရှိအသုံးပြုသူများ တိုးတက်ကြီးပွားနေကြပါသည်။ ထို့အတူ ခေတ်မီတိုးတက်နေသော နိုင်ငံများသည် အချိန်ကို လေးစားတန်ဖိုးထားသော ပြည်သူပြည်သားများကြောင့် ဖြစ်သည်ဆိုတာကိုလည်း မျက်ကွယ်ပြု၍ မရပါ။ မြန်မာစံတော်ချိန်ပဲဆိုသည့်စကားသည် အချိန်မလေးစားမှုကို ဖော်ပြနေသော အသုံးအနှုန်းဖြစ်သည်ကို လူတိုင်းနားလည်ကြမည်ထင်ပါသည်။ ဤကဲ့သို့ ရွဲ့၍သုံးနှုန်းသော အသုံးအနှုန်းသည် စာရေးသူတို့နိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာကို ကျဆင်းစေပါသည်။

မီးရထားချိန်၊ မော်တော်ကားချိန်၊ လေယာဉ်ချိန်၊ သင်္ဘောချိန်မှန်တာက အစ အစည်းအဝေးချိန်မှန်တာအထိ ဘယ်နေရာမှာမဆို သတ်မှတ်ချိန်အတိုင်း အချိန်မှန်ဖြစ်စေရန် အလွန်အရေးကြီးပါသည်။ နိုင်ငံကြီးသားများသည် အချိန်ကို လေးစားတန်ဖိုးထားကြသည်ဟု ကြားသိရပါသည်။ မိမိတို့သည်လည်း နိုင်ငံကြီးသားများဖြစ်စေရန် ကြိုးစားသင့်ပါသည်။ မိမိအတွက်ကြောင့် သူတစ်ပါး၏ အချိန်များအလဟဿ ကုန်ဆုံးတာမျိုးမဖြစ်စေရန်၊ မိမိ၏နောက်ကျမှုကြောင့် သူတစ်ပါးတွင် စိတ်အနှောင့်အယှက်ဖြစ်ရတာမျိုးမဖြစ်စေရန် သတိပြုဆင်ခြင်သင့်ပါသည်။

တစ်ဆက်တည်းတင်ပြလိုသည်မှာ တာဝန်ရှိသူများဘက်ကလည်း တာဝန်ယူခြင်း၊ တာဝန်ခံခြင်းများကို လက်တွေ့ကျကျဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ခရီးသည်တင်ယာဉ်လိုင်းမှ ကားတစ်စီးသည် သတ်မှတ် ကားထွက်ချိန်ထက် နောက်ကျမည်ဆိုပါက အဘယ်ကြောင့်နောက်ကျရသည်၊ အချိန်မည်မျှနောက်ကျမည်၊ ခန့်မှန်းခြေမည်သည့်အချိန်တွင် ကားထွက်နိုင်မည်စသည်ဖြင့် ခရီးသည်များကို ကြိုတင်၍ မေတ္တာရပ်ခံထားရန်လိုပါသည်။ ထိုသို့မဟုတ်ဘဲ ကားစီးခရီးသည်များအား မည်သို့မျှမတင်ပြဘဲ နောက်ကျချင်သလိုနောက်ကျ၍ ထွက်ချင်သလို ထွက်နေမည်ဆိုပါက အဆိုပါယာဉ်လိုင်းသည် မိမိ၏ခရီးသည်များ (တစ်နည်းအားဖြင့် အားပေးသူဖောက်သည်များ)ကို စော်ကားသလိုဖြစ်နေပါလိမ့်မည်။ ထို့အတူ မီးရထား၊ သင်္ဘောစသည်တို့တွင်လည်း ဤနည်းအတိုင်းဖြစ်သင့်ပါသည်။ ဒါလေးတွေကိုလည်း ပြုပြင်သင့်ပါသည်။

ကားမှတ်တိုင်သို့ ဘတ်စ်ကားရောက်လာပါက အတင်းတိုးဝှေ့၍ စုပြုံတက်တာမျိုးတွေကလည်း စည်းကမ်းမရှိသော ပြယုဂ်ဖြစ်စေပါသည်။ ကားဆိုက်လာပါက တန်းစီ၍ စနစ်တကျတက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ တန်းစီသည်ဆိုရာ၌လည်း နောက်လူက ရှေ့ကလူကို ကျော်မတက်ဘဲ စနစ်တကျတန်းစီခြင်းကို ဆိုလိုပါသည်။ ဘယ်နေရာမှာဘယ်ကိစ္စအတွက် တန်းစီရသည်ဖြစ်စေ ကြားဖြတ်တိုးခြင်း၊ အတင်းကျော်တက်ခြင်း မပြုလုပ်ဘဲ စနစ်တကျဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်၏ ဂုဏ်သိက္ခာမကျဆင်းရအောင် ဆောင်ရွက်သင့်ပါသည်။

မြန်မာလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် မြတ်ဗုဒ္ဓ၏တရားဓမ္မတော်များအတိုင်း ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဟူသောအကျင့်ကောင်းများကို လက်ဆင့်ကမ်းသယ်ဆောင် ကျင့်သုံးလာခဲ့သော လူမျိုးဖြစ်ပါသည်။ အားနည်းသူကို ဖေးမကူညီတတ်သော မြန်မာ့စိတ်ရင်းကလည်း အထင်အရှားရှိခဲ့ပါသည်။ အဆိုပါ အလေ့အကျင့်ကောင်းများ မပျောက်ပျက် မတိမ်ကောရလေအောင် ဆက်လက်ထိန်းသိမ်းသင့်ပါသည်။ မြန်မာတွေမှာ ဒီလိုမျိုးစိတ်ဓာတ်ကောင်းတွေ ရှိပါတယ်ဆိုတာကို ကမ္ဘာကိုပြသနိုင်မည့် အချိန်ကောင်းဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ဂုဏ်သိက္ခာကို ဤသို့သောနည်းများဖြင့် ထိန်းသိမ်းမြှင့်တင်ကြရမည်ဖြစ်ပါသည်။

အမှိုက်ကောက်တာရှက်စရာမဟုတ်၊ အမှိုက်ကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည်သာ ရှက်စရာဖြစ်ကြောင်း၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းသည် လူ့ယဉ်ကျေးမှုအဆင့်အတန်းနိမ့်ကျခြင်းဖြစ်ကြောင်း၊ ကားစီးရင်း လမ်းမပေါ်သို့ ကွမ်းတံတွေးထွေးချခြင်း၊ ကားပေါ်မှ အမှိုက်ပစ်ချခြင်းများသည် မလုပ်သင့်ကြောင်း၊ လူယဉ်ကျေးများမလုပ်ကြကြောင်း စသည်တို့ကို ငယ်စဉ်ကလေးဘဝ မူလတန်းကျောင်းသားအရွယ်ကတည်းက နားရည်ဝနေအောင် ရှင်းလင်းပြောကြား သင်ကြားပြသထားသင့်ပါသည်။

ထို့အပြင် အချိန်ကိုလေးစားတန်ဖိုးထားတတ်အောင် မည်သည့်နေရာတွင်မဆို နိုင်ထက်စီးနင်းပြုမူပြောဆိုခြင်းမလုပ်အောင်၊ ကြီးနိုင်ငယ်ညှဉ်းစိတ်ဓာတ်မျိုးမရှိအောင်၊ မတရားအခွင့်အရေးရယူခြင်းမျိုးမရှိအောင်၊ အချောင်သမားစိတ်ဓာတ်မျိုးမရှိအောင် စသည်ဖြင့် လူသားတန်ဖိုးများကို လေးစားလိုက်နာတတ်သော နိုင်ငံသားများဖြစ်စေရန်အတွက် ငယ်စဉ်ကတည်းက အလေ့အကျင့်ဖြစ်နေစေရန် လေ့ကျင့်ပေးသင့်ပါသည်။

ကားလမ်းကူးခြင်းမှအစပြု၍ စည်းကမ်းလိုက်နာတတ်ရန်၊ ယာဉ်မောင်းများအနေဖြင့်လည်း မျဉ်းကျားတွင် ကားကိုရပ်တန့်ပေးကြရန်၊ မီးပွိုင့်တွင် မီးနီနေပြီး တစ်ဖက်ယာဉ်ကြောတွင် ကားကလည်းရှင်းနေ၊ ယာဉ်ထိန်းရဲကလည်းမရှိဆိုသောအခြေအနေမျိုးတွင် စည်းကမ်းမဲ့ဖြတ်မောင်းခြင်းမျိုး မရှိစေရန်စသည့်အသေးအဖွဲမှ အစပြုကာ စည်းကမ်းအတိုင်း ဖြစ်သင့်ပါသည်။ သတ်မှတ်ထားသော စည်းကမ်းများကို လစ်ရင်လစ်သလိုချိုးဖောက်ခြင်းမျိုးသည် နိုင်ငံကြီးသားများ၏ အမူအကျင့်မဟုတ်ပါ။ ထိန်းကွပ်ကြီးကြပ်မည့်သူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မည်သည့်အခြေအနေမျိုးတွင်မဆို သတ်မှတ်စည်းကမ်းကို ကွယ်ရာမှာရော ရှေ့တွင်ပါ လိုက်နာစောင့်ထိန်းတတ်သော အလေ့အထမျိုးကို ငယ်စဉ်ကတည်းက စွဲမြဲနေအောင် လေ့ကျင့်ပေးရမည်ဖြစ်သည်။

စည်းကမ်းရှိသောလူမျိုး၊ စည်းကမ်းရှိသောတိုင်းပြည်ဖြစ်ကြောင်း ကမ္ဘာကိုပြသနိုင်ရန်အတွက် ကလေးများကို ငယ်စဉ်ကတည်းကစ၍ လေ့ကျင့်ပေးသင့်ပါသည်။ စည်းကမ်းပျက်နေတာ၊ လူ့ယဉ်ကျေးမှုတွေ၊ လူ့တန်ဖိုးတွေ ယုတ်လျော့နေတာ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်စသည်ဖြင့် လက်ညှိုးထိုးပုတ်ခတ်မနေကြဘဲ နိုင်ငံသူနိုင်ငံသားများအနေဖြင့် ပြုပြင်ရန်အခွင့်အရေးရသည်၊ မဖြစ်မနေပြုပြင်သင့်သည်ဟု သဘောထား၍ မိမိတို့လက်ထက်တွင် သမိုင်းတွင်ရစ်သွားစေရအောင် ကြိုးပမ်းပြုပြင်ဆောင်ရွက်ရမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးသည် ကမ္ဘာ့အလယ်တွင် ဂုဏ်မငယ်ဘဲ တင့်တယ်စေရန် မြန်မာဆိုတာ စည်းကမ်းရှိတယ်၊ ဂုဏ်သိက္ခာရှိတယ်၊ နိုင်ငံကြီးသားပီသတယ်ဆိုသည့် ဂုဏ်သတင်းများမွှေးပျံ့စေရန်အတွက် စေတနာကောင်းဖြင့် တင်ပြလိုက်ရခြင်းဖြစ်သည်။ နိုင်ငံသူနိုင်ငံသားများအနေဖြင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်ကြပါစေ၊ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။ မြန်မာပြည်ကြီးနှင့် မြန်မာလူမျိုးများ ကမ္ဘာတည်သရွေ့ ကောင်းသောဂုဏ်သတင်းများ မွှေးပျံ့ကာ အစဉ် ထာဝရ တည်တံ့ပါစေဟု ဆန္ဒပြုရင်း။ ။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်က နှစ်စဉ်ကျင်းပမြဲဖြစ်သော (၈၆) ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့မဈေးကြီးရှေ့ မင်းလမ်း၌ ကျင်းပရာ သံဃာ ၃၈၀ အား ပင့်ဖိတ်၍ တပ်နယ်နှင့်ဌာနဆိုင်ရာများ၊ မြို့ပေါ်နှင့် ကျေးရွာပြည်သူများက ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

မိုးလွင်ဦး(လွိုင်လင်)

ဥတုရာသီ တောကိုမှီ

နဂါးလှေအလှပြလှော်ခတ်ပူဇော်ပွဲ တနင်္သာရီမြို့၌ ကျင်းပမည်

မြိတ် အောက်တိုဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၌ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော နဂါးလှေယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော နဂါးလှေအလှပြလှော်ခတ်ပူဇော်ပွဲ အခမ်းအနားကို တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် တာရိုးလမ်းရှိ ဦးကျော်ဝင်း သစ်စက်ရေဆိပ်တွင် အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နဂါးလှေအလှပြလှော်ခတ်ပူဇော်ပွဲတွင် ရှေးခေတ်၏ ဖွဲ့စည်းပုံအတိုင်း မျိုးဆက်သစ်လူငယ်များက ချောင်းကြီးချောင်းငယ် မြစ်နှစ်သွယ်အတွင်း တေးသီချင်းသံပြိုင်ဟစ်ကြွေး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက်

ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်းနှင့်**(အပေါ်ပုံ)** ပြိုင်ပွဲဝင်နိုင်ရန်အတွက် အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်လှေလှော်အသင်း များလည်း စုရုံးရောက်ရှိလျက်ရှိကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

လွှတ်တော်ရေးရာကဏ္ဍ

❐ *ပြည်သူ့လွှတ်တော်မှ*

နိုင်ငံတော်သစ် တည်ဆောက်ပြီးစီးသည့်အချိန်အထိ ဆက်လက်သိမ်းဆည်းသွားရမည်သာ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံအဝန်းရှိ သိမ်းဆည်းခဲ့သောလိုင်စင် သို့မဟုတ် ပါမစ်ဖြင့် ကိုင်ဆောင်ခွင့်ပြုထားသည့်လက်နက်နှင့် အခြားလက်နက်များကို မူလပိုင်ရှင် သို့မဟုတ် မူလပိုင်ရှင်၏အမွေဆက်ခံခွင့်ရှိသူများအား ပြန်လည်ပေးအပ်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ၉/၉၃)ကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်တို့က သေဒဏ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသင့်ပါကြောင်း၊ လက်ခံစဉ်းစားရန်သင့်တော်မည်မဟုတ်ဟု ယူဆပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းတွင် ပြင်ဆင်ထားသည်မှာ အသက်(၁၆)နှစ်မပြည့်သေးသော ကလေးသူငယ်အပေါ် မုဒိမ်းမှုကျူးလွန်ခြင်း၊ ကလေးသူငယ်အပေါ် မုဒိမ်းမှုကျူးလွန်ရန်အားထုတ်ခြင်းတို့ကို မည်သူမဆိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်ဟု ကလေးသူငယ်ဥပဒေပုဒ်မ ၆၆ ၏နောက်တွင် ပုဒ်မ ၆၆-က အဖြစ် ထည့်သွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဆက်လက်ကျင်းပ

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

● *အမျိုးသားလွှတ်တော်မှ*

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးကြီး မောင်မောင်ထူးက ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခဲ့သည်။

အဆိုပါအစီရင်ခံစာ၌ ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းသည် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသော အာဆီယံနိုင်ငံများဆိုင်ရာ ဘက်စုံပို့ဆောင်ရေးကွန်ဗင်းရှင်းအရ အာဆီယံနိုင်ငံများ အချင်းချင်း ကုန်သွယ်မှုဆောင်ရွက်ရာတွင် ကုန်စည်ပို့ဆောင်သယ်ယူရေးနှင့် ကုန်စည်ပျက်စီးဆုံးရှုံးမှုအပေါ် အရေးယူဆောင်ရွက်ပေးနိုင်ရန် အတွက် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက ရေးဆွဲတင်သွင်းခဲ့ခြင်း ဖြစ်ပါကြောင်း။

၎င်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးဖြစ်၍ မူပိုင်းဆိုင်ရာ ပြင်ဆင်ရန်လိုအပ်ချက်များမရှိပါကြောင်း၊ ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ကြောင်းဖြင့် ဖော်ပြပါရှိသည်။

ထို့နောက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေးက ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအမှတ် (၂၀/၂၀၁၀) တွင် ပင်လယ်ရေကြောင်းဆိုင်ရာ အမှုစီရင်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ပုဒ်မ ၁၁(ဃ)၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၌သာ "ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာ ပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ" စီရင်ပိုင်ခွင့်ရှိသည်ဟူ၍သာ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ပင်လယ်ရေကြောင်းတွင်ဖြစ်ပွားသည့် တရားမမှု သဘောဖြစ်သည့် ငွေကြေးနှင့် ပစ္စည်းနစ်နာမှုများအတွက် ပင်လယ်ရေကြောင်းဆိုင်ရာ တရားမမှုစီရင်ပိုင်ခွင့်များ မပါရှိကြောင်း၊ ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ယခုအချိန်ထိ ပင်လယ်ရေကြောင်းဆိုင်ရာ တရားမမှု စီရင်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အပ်နှင်းထားခြင်းမရှိသေးသဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ တရားမမှုများကို မည်သည့် တရားရုံးတွင် စွဲဆိုရမည်ဆိုသည့် ဥပဒေရေးရာအငြင်းပွားမှုပေါ် ပေါက်လျက်ရှိသောကြောင့် **"ပင်လယ်ရေကြောင်းဆိုင်ရာ အမှုစီရင်ပိုင်ခွင့် (Admiralty or Maritime Jurisdiction) အာဏာအပ်နှင်းနိုင်ရန် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို လိုအပ်သလိုပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ကြိုတင်အသိပေး

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပမည့် အချိန်နှင့်နေ့ရက်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း (Debate) ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate) ကို **"အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအင်အားစုများစီးဆင်းမှုနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ"** ခေါင်းစဉ်ဖြင့်ကျင်းပရာ **(ယာပုံ)**အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင် စာတမ်းရှင် ဦးခင်မောင်လတ်က အပြန်အလှန်ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ ဦးညွန့်တင်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးဇုန်လှယ်ထန်းနှင့် ဒေါက်တာမြင့်ကြည်တို့က **"အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအင်အားစုများ စီးဆင်းမှုနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ"** ခေါင်းစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကြခြင်းအပေါ် အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင် စာတမ်းရှင် ဦးခင်မောင်လတ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင် ၇၀၅ ဦးတို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတကာရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms.Rao Huihua (Deputy Director General of IDCPC, China) ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင် လေးဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။

(သတင်းစဉ်)

* *ရှေ့ဖုံးမှ*

အဖွဲ့ဝင်နိုင်ငံများ၏ လေကြောင်းဆိုင်ရာစီမံခန့်ခွဲမှုများ၊ အကူအညီများပေးအပ်ခြင်း၊ လေကြောင်းလုံခြုံရေး၊ လေကြောင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ မြို့ပြလေကြောင်းဆိုင်ရာ ပံ့ပိုးကူညီခြင်းများကို ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကာ မြန်မာနိုင်ငံ မြို့ပြလေကြောင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၂၁

သာသနာရေးဝန်ကြီးဌာနမှကြီးမှူး၍ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းအမှတ်စဉ်(၃/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် သာသနာရေးဝန်ကြီးဌာန စုံညီခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးစိုးဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို နေပြည်တော်နှင့်ရန်ကုန်မြို့တို့၌ တစ်ပြိုင်တည်းဖွင့်လှစ်လျက်ရှိပြီး ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများဖွင့်လှစ်ခြင်းမှာ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သောဝန်ထမ်းများဖြစ်စေရန်၊ မြတ်ဗုဒ္ဓဟောကြားခဲ့သောဓမ္မဒေသနာတရားနှင့်အညီ လိုက်နာကျင့်သုံးခြင်းဖြင့် အကုသိုလ်တရားကင်းရှင်း၍ ကုသိုလ်တရားပွားများစေရန်နှင့် လောကီ၊ လောကုတ္တရာနှစ်ဖြာအကျိုးတရားများ ရရှိစေရန်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

▲ *ရှေ့ဖုံးမှ*

ရွှေကျင်ချောင်းတစ်လျှောက် ပွဲတော်လာပရိသတ်များအား ဖျော်ဖြေကြသည်။

ဆုများချီးမြှင့်

ညနေ ၄ နာရီတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ယိမ်းပြိုင်ပွဲ ပထမ ရှမ်း/ကြေးရပ်ကွက်မှ ရွှေမြို့သူယိမ်း၊ ဒုတိယ ပျဉ်းမပင်ရပ်ကွက်မှ ရွှေပွင့်လွှာ၊ တတိယ ရွှေကျင်တပ်နယ်မှ ရွှေစင်မေ၊ တက်ခုတ်ပြိုင်ပွဲတွင် ပထမ တောင်ဘက်ကျေးရွာမှ ရွှေပဒုမ္မာ၊ ဒုတိယ မကျည်းတန်းရပ်ကွက်မှ မြနှင်းဆီ၊ တတိယ အနောက်ဘက်ကျေးရွာမှ ဒီကောင်မလေး၊ တက်ပုံ့ယိမ်းပြိုင်ပွဲတွင် ပထမ တံခွန်တိုင်ကျေးရွာမှ မျိုးဆက်သစ် ရွှေတက်ပုံ့ယိမ်း၊ ဒုတိယ ပွဲကုန်းရပ်ကွက်မှ ပွဲကုန်းမောင်၊ တတိယ ဝိုင်၊ ပျဉ်ရေ၊ ဒလဆိပ်ကျေးရွာများမှ ဝိုင်ပျဉ်ရေယိမ်း၊ တိုင်းရင်းသားရိုးရာယိမ်းပြိုင်ပွဲတွင် ပထမ ဝင်းခနိမ်ကျေးရွာ ရှမ်းတိုင်းရင်းသားယိမ်း၊ ဒုတိယ ကွဲ့တဲရပ်ကွက် ငြိမ်းချမ်းရေးကရင်ဒိုးယိမ်း၊ တတိယ စလူချောင်း၊ ကျုံပင‌ကျေးရွာ ရှမ်းပျိုလူယိမ်းအဖွဲ့များအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဗလီစံလှ၊ ရွှေကျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရောင်စုံမီးကြာခွက်များဖြင့် မီးမျှောပူဇော်ရာ ဒေသခံပြည်သူများ ပွဲတော်လာပရိသတ်များက တပျော်တပါး မီးမျှောပူဇော်ကြပြီး ည ၈ နာရီတွင် မီးမျှောပူဇော်ပွဲ ကျင်းပပြီးစီးသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၀-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၈း၀၀ ပြည်တွင်းသတင်း
- ၈း၂၅ SEA Games ဇာတ်လမ်းတို **Road To SEA Games** (အပိုင်း-၈) သရုပ်ဆောင်-ထွန်းထွန်း (Examplez) (ဒါရိုက်တာ-ဟိဏ်း)
- ၉း၄၅ Business News
- ၁၀း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ချန်ပီယံချစ်သူ** (အပိုင်း-၁၄)

နေ့လယ်ပိုင်း

- ၁၂း၀၀ ပြည်တွင်းသတင်း
- ၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း **ထိရဘူးနော်** နိုင်းနိုင်း၊စိုးမြတ်နန္ဒာ ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးပိုက်)
- ၁၄း၃၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့

ညပိုင်း

- ၁၆း၀၀ ပြည်တွင်းသတင်း
- ၁၆း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာအထူးပြု)(သင်္ချာ)
- ၁၇း၁၅ SEA Games Go For Gold (ရွက်လှေ) (အပိုင်း-၂)
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၄၅ ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ
- ၂၁း၀၀ ဆိုလိုက်ကြစို့

ပြည်တွင်းသတင်း

စဉ်ဆက်မပြတ် စစ်ဆေးရေး၊ ဝန်ထမ်းများ လေ့ကျင့်ရေးတို့အတွက် ICAO နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ကုလသမဂ္ဂလက်အောက်ခံ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ချုပ် International Civil Aviation Organization (ICAO)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Raymond Benjamin နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် တိုးတက်လာသော လေကြောင်းခရီး သွားလာမှုများအတွက် လုံခြုံမှုနှင့် ဘေးအန္တရာယ် ကင်းရှင်းမှုလုပ်ငန်းများ အဆင့်မြင့်တင်ရေး၊ စဉ်ဆက်မပြတ် စစ်ဆေးရေး၊ ဝန်ထမ်းများ လေ့ကျင့်ရေးတို့အတွက် ICAO နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ပထမဆုံး လာရောက်

ယခု ICAO ၏ အထွေထွေ အတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် အဖွဲ့ချုပ် စတင်တည်ထောင်စဉ်မှစ၍ မြန်မာနိုင်ငံသို့ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ပထမဆုံး လာရောက်ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ကုလသမဂ္ဂလက်အောက်ခံ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ချုပ် International Civil Aviation Organization (ICAO)၏အထွေထွေ အတွင်းရေးမှူးချုပ် Mr. Raymond Benjamin တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအောင်သိမ်းနှင့်ဇနီး ဒေါ်ထွေးရီး ယသဗေယျာရုံကျောင်းတိုက် ညွှန်းဝိသာခါကျောင်းဆောင်သစ် ဆောက်လုပ်ရန်အလှူငွေ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သဒ္ဓမ္မရံသီ ဓမ္မာရုံကျောင်းဆောင်သစ်နှင့် စက်ရေတွင်းဘုရားရုပ်ပွားတော်များ ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အောင်သာကျေးရွာတွင် သဒ္ဓမ္မရံသီ ဓမ္မာရုံကျောင်းဆောင်သစ်၊ စက်ရေတွင်းနှင့် ဘုရားရုပ်ပွားတော်များ ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ကျင်းပရာ ရှေးဦးစွာ အလှူရှင်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းနှင့်ဇနီးဒေါ်ထွေးရီ၊ အလှူရှင် ဦးလှသန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဆွေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ စည်ကြီးဆွဲဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူကြပြီး တောင်ကြီးမြို့ တိမ်တောင်ကျောင်းတိုက်(စာချ)ဆရာတော် ဦးနန္ဒောဘာသက သဒ္ဓမ္မရံသီ ဓမ္မာရုံဖြစ်ပေါ်လာပုံသမိုင်းကို ရှင်းလင်းပြောကြားသည်။

ဒုတိယဝန်ကြီးက အသစ်တည်ဆောက်ပြီးသော ဓမ္မာရုံကို မိမိတို့ကျေးရွာအတွင်း အမျိုး၊ ဘာသာ၊ သာသနာ ထွန်းကားရေးအတွက် ရေရှည် တည်တံ့ခိုင်မြဲအောင် ကျေးရွာနေပြည်သူများက ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ စက်ရေတွင်းသည် ကျေးရွာအတွက် သောက်ရေသုံးရေအတွက်သာမက မီးဘေးကာကွယ်ရေးအတွက်လည်း မရှိမဖြစ် လိုအပ်သောအရာဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

သဒ္ဓမ္မရံသီဓမ္မာရုံ ကျောင်းဆောင်သစ်၊ စက်ရေတွင်းတို့အတွက် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၁၇ သိန်းကျော်နှင့် ဘုရားရုပ်ပွားတော်အဆူ ၃၅၀ ဖြစ်ကြောင်း သိရှိရသည်။

"နွေအခါဆိုရင် ရေရှားပါးမှုကြုံရတယ်။ အဓိကကတော့ သောက်သုံးရေပဲ။ စက်ရေတွင်းကို အရင်ကသုံးလေးငါးကြိမ် တူးပါတယ်။ မအောင်မြင်ခဲ့ဘူး။ အခုမှ ဒီတစ်တွင်းအောင်မြင်တာပါ။ ရွာမှာ ဒီစက်ရေတွင်းတစ်တွင်းရရှိတာ အလွန်ဝမ်းသာပါတယ်။ နောက်ပြီး ရွာလယ်မှာတည်ရှိတာမို့ အများကြီး အဆင်ပြေပါတယ်။ ရွာမှာ အိမ်ခြေက ၂၉၄ အိမ်၊ အိမ်ထောင်စုပေါင်းက ၃၁၉ စုရှိပါတယ်"ဟု ကျေးရွာဖွံ့ဖြိုးရေးဥက္ကဋ္ဌ ဦးချစ်ဟန်က ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ရွာတော်လေးကျေးရွာ မီးလင်းတော့မည်

စဉ့်ကူး အောက်တိုဘာ ၂၁

စဉ့်ကူးမြို့နယ် ရွာတော်လေးကျေးရွာသည် လူနေအိမ်ခြေ ၁၀၀ ခန့်ရှိပြီး မကြာမီ မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။ ရွာတော်လေးကျေးရွာသည် အုပ်ချုပ်မှုအပိုင်းတွင် အခြားကျေးရွာများကဲ့သို့ ကျေးရွာအုပ်စုတစ်ခုမှ စီမံအုပ်ချုပ်ရသည်မဟုတ်ဘဲ လက်ပန်လှကျေးရွာအုပ်စု၊ မင်းရွာကျေးရွာအုပ်စုနှင့် ငွေတောင်ကျေးရွာအုပ်စု သုံးအုပ်စုတို့မှ ရွာကိုသုံးပိုင်းပိုင်း၍ အုပ်ချုပ်တာဝန်ယူဆောင်ရွက်နေရသည့် ထူးခြားသည့် နယ်မြေခွဲဝေအုပ်ချုပ်မှုဖြစ်ကြောင်း သိရသည်။

ယခုအခါ သုံးရွာအုပ်စုတို့မှ မီးလင်းရေးကော်မတီများအနေဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချေးငွေကျပ်သိန်း ၂၀၀ ရယူပြီး စုစုပေါင်း သိန်း ၈၀၄ သိန်းမတည်ကာ မီးတိုင်များစိုက်ထူခြင်း၊ မီးကြိုးများသွယ်တန်းခြင်း၊ (315KVA) ထရန်စဖော်မာတစ်လုံး ဝယ်ယူတပ်ဆင်ခြင်း၊ ကျေးရွာတွင် မီးလိုင်းကြိုးများ၊ ကြွေသီးနှင့် တန်းများတပ်ဆင်ပြီးဖြစ်၍ လမ်းမီးများ စတင်လင်းနေပြီး ဆက်လက်၍ အိမ်များကိုလည်း မီးလင်းနိုင်ရေးအတွက် သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် New Everlight ကုမ္ပဏီတို့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး မကြာမီကျေးရွာလုံးကျွတ် မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအားလုံးကို လာမည့် ၂၀၁၅ ခုနှစ် မတိုင်မီတွင် မီးလင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ကျေးရွာမီးလင်းရေးကော်မတီများ ဖွဲ့စည်းကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပျော်ဘွယ်မြို့နယ်ရှိ ကျေးရွာ ၁၃၄ ရွာ၊တောင်သာမြို့နယ်ရှိ ကျေးရွာ ၂၇ ရွာ၊ သပိတ်ကျင်းမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာနှင့် စဉ့်ကူးမြို့နယ်ရှိ ကျေးရွာငါးရွာအပါအဝင် ကျေးရွာပေါင်း ၇၇၉ ရွာတွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။ **(၄၃၃)**

◆ ***ကျောဖုံးမှ***

အမျိုးသား၊ အမျိုးသမီး လက်ဝှေ့အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေကြပါတယ်။ ဆီးဂိမ်းပြိုင်ပွဲကြီးမှာ အမျိုးသား ကိုးတန်းနဲ့ အမျိုးသမီး ငါးတန်း စုစုပေါင်း ၁၄ တန်း ထည့်သွင်းယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆု ၁၄ ခု ပေးမှာဖြစ်ပါတယ်။ အမျိုးသားပြိုင်ပွဲ အတန်းတွေကတော့ ၄၈ ကီလိုတန်းမှ ၇၅ ကီလိုတန်းအထိ အတန်းကိုးတန်းဖြစ်ပါတယ်။ အမျိုးသမီး ပြိုင်ပွဲအတွက်ကတော့ ၄၈ ကီလိုတန်းမှ ၆၀ အထိ ငါးတန်းဖြစ်ပါတယ်" ဟု ဦးစိုင်းဇော်ဇော်ကရှင်းပြသည်။

အမျိုးသားပြိုင်ပွဲများတွင် စောငမန်း၊ ရန်ကြီးအောင်၊ ထွန်းထွန်းမင်း၊ တူးတူး၊ စိုးလင်းဦး၊ ရဲတံခွန်၊ ကြယ်စင်ဖြိုး အစရှိသောနာမည်ကြီး လက်ဝှေ့သမားများ ဝိတ်တန်းအလိုက်ပါဝင် ထိုးသတ်ရန် ပဏာမရွေးချယ် လေ့ကျင့်နေကြကြောင်း သိရသည်။

အမျိုးသမီးပြိုင်ပွဲများတွင်လည်း လှယဉ်မေ၊ ဇင်မာခိုင်၊ နန်းခင်စိုး၊ သူဇာဟန် အစရှိသော အမျိုးသမီးလက်ဝှေ့ကျော်များဖြင့် စခန်းသွင်းလေ့ကျင့်နေကြသည်။အဆိုပါ လက်ဝှေ့ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကြီးတွင် မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားများသည် အတွေ့အကြုံကောင်းများရယူပြီး မွေအားကစားနည်းဖြင့် ထိုင်းနိုင်ငံကဲ့သို့ အာဆီယံနိုင်ငံများ၌ သွားရောက်ထိုးသတ်ကာ မြန်မာ့လက်ဝှေ့လောက ပြည်ပနိုင်ငံများအထိ ကျယ်ပြန့်လာတော့မည် ဖြစ်ပါသည်။

မောင်ရွှေရိုး

※ ***ကျောဖုံးမှ***

အောက်တိုဘာ ၈ ရက်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဂြိုဟ်သိမ်သည် စက်တင်ဘာ ၁၆ ရက်က ကမ္ဘာနှင့် ကီလိုမီတာ ၆ ဒသမ ၇ သန်းအကွာမှ အနီးကပ်ဆုံး ဖြတ်သန်းသွားခဲ့သည်။ သိပ္ပံပညာရှင်များက ယင်းဂြိုဟ်သိမ်ဂြိုဟ်မွှားသည် ၂၀၃၂ ခုနှစ်တွင် ကမ္ဘာမြေအတွင်းကျရောက်နိုင်ကြောင်း တွက်ချက်ထားခဲ့သည်။ မူလကၡင်းဂြိုဟ်သိမ်ဂြိုဟ်မွှား ကမ္ဘာသို့ ကျရောက်နိုင်ကြောင်း သတိပေးပြောကြားခဲ့သော်လည်း ကိုးရက်ကြာ ပြန်လည်တွက်ချက်မှုအရ လောလောဆယ် ၎င်းဂြိုဟ်ကြီး ကမ္ဘာနှင့်တိုက်ရန် အခွင့်အလမ်းနည်းသွားပြီဟု ဆိုသည်။

အဆိုပါ ဂြိုဟ်သိမ်ဂြိုဟ်မွှားသည် အချင်းဝက် မီတာ ၄၀၀ ရှိမည်ဟု ခန့်မှန်းထားသည်။ ယင်းအရွယ်အစားကြီးမားသည့် ဂြိုဟ်သိမ်ဂြိုဟ်မွှား ကမ္ဘာကို ဝင်တိုက်ခဲ့ပါက အကျယ် ၅ ကီလိုမီတာမှ ၁၅ ကီလိုမီတာအထိ ကျယ်ဝန်းသော ကျင်းနက်ကြီးဖြစ်နိုင်ဟု ဆိုသည်။ ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက် ကီလိုမီတာ ထောင်ပေါင်းများစွာ သစ်ပင်နှင့် နေအိမ်များ ထိခိုက်ပျက်စီးနိုင်သည်ဟု ဆိုသည်။ အကယ်၍ သမုဒ္ဒရာအတွင်း ကျရောက်ခဲ့ပါက ဆူနာမီဖြစ်ပေါ်နိုင်သည်ဟုဆိုသည်။ **(ဆင်ဟွာ)**

ဘိန်းဖြူဘလောက်တုံး ၄၀၀ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၁

အောက်တိုဘာ ၂၀ ရက် နံနက် ၃နာရီက ရှမ်းပြည်နယ် အမှတ် ၃၀ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (တာချီလိတ်)မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မယ်ဆိုင်ချောင်းဘေးရှိ မေဖလားဝါးကွင်းရေဆိပ်အနီးတွင် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုရွာနေ တာအေ့ (၂၂နှစ်) မောင်းနှင်လာသည့် ကတ/-------HONDA -125 ဆိုင်ကယ်အားရပ်တန့်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ၎င်းသယ်ဆောင်လာသည့် ဆာလာအိတ် လေးအိတ်အတွင်းမှ ဘိန်းဖြူဘလောက်တုံး ၄၀၀ အလေးချိန် ၁၃၃ဒသမ ၃၃ ကီလိုတန်ဖိုး ငွေကျပ် ၁၉၉၉၉ ဒသမ၅ သိန်းကို သိမ်းဆည်းရမိခဲ့သဖြင့် တာအေ့အား တာချီလိတ်မြို့မ ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။(ဝဲပုံ)

(ရဲပြန်ကြား)

လက်တွေ့နယ်ပယ်တွင်လည်း သင်တန်းမှရရှိသော အသိပညာများဖြင့် ထိရောက်အောင်မြင်ထူးချွန်အောင် ဆောင်ရွက်ကြရန်လို

နေပြည်တော် အောက်တိုဘာ ၂၁

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် သမဝါယမတက္ကသိုလ် (သန်လျင်)၌ ဖွင့်လှစ်ကျင်းပသော အခြေခံ သမဝါယမသင်တန်း အမှတ်စဉ်(၂/၂၀၁၃) သို့ သွားရောက်ပြီး သင်တန်းသားများအား ဆွေးနွေးမှာကြားရာတွင် သမဝါယမဝန်ကြီးဌာန၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များသည် နိုင်ငံတော်၏ စီးပွားရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နေသော လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ကျေးလက်ပြည်သူနှင့် မြို့ပြနေအခြေခံ လူတန်းစားများအား တိုက်ရိုက်အထောက်အကူပေးပြီး ၎င်းတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းများကို တိုးတက်အောင် ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ တစ်ဖက်မှလည်း သမဝါယမလုပ်ငန်းများ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည်စီးပွားရေးကို အထောက်အကူပြုနိုင်အောင် အခြေခံပြည်သူတို့အနေဖြင့် နောင် (၄/၅)နှစ်တွင် မိမိပိုင် ငွေကြေးဖြင့် လုပ်ငန်းများ လုပ်ကိုင်ကာ Self Sufficiency ဖြစ်အောင် ၎င်းမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးသော Sustainable Development ဖြစ်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်အောင် လက်တွေ့ ဆောင်ရွက်ကြရမည့် ဝန်ထမ်းများကို ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊

နောင်တွင် အဆင့်မြင့် သမဝါယမသင်တန်း၊ အရာရှိကြီးများ အတွက် သမဝါယမမွမ်းမံသင်တန်းများလည်း ဖွင့်လှစ်သွားရန် စီစဉ်ထားပြီး ၎င်းသင်တန်းများအားလုံးကို စဉ်ဆက်မပြတ်ဖွင့်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြေခံသမဝါယမ သင်တန်း အမှတ်စဉ် (၁/၂၀၁၃) မှစပြီး ယခု သင်တန်းအထိ သင်တန်းသားအပါအဝင် စနစ် ချမှတ်ကျင့်သုံးလျက်ရှိပြီး ဆက်လက် ကျင့်သုံးမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင် ကြိုးစားကြရန်လိုသလို လက်တွေ့နယ်ပယ်တွင်လည်း သင်တန်းမှရရှိသော အသိပညာများဖြင့် ထိရောက်အောင်မြင်ထူးချွန်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆုပေး ဒဏ်ပေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

နောက်တွင် သမဝါယမ တက္ကသိုလ်(သန်လျင်)နှင့် သမဝါယမ ကောလိပ် (ဖောင်ကြီး)တို့မှ ပါမောက္ခချုပ် ဆရာ ဆရာမကြီးများနှင့် တွေ့ဆုံ၍ ပညာအရည်အသွေး မြင့်မားစေရေးအတွက် Self Learning စနစ်ကို ပိုမိုကျင့်သုံးရေး၊ ဘာသာရပ် ခေါင်းစဉ်များပေးပြီး ကျောင်းသားများက ဆွေးနွေးကာ ဆရာ ဆရာမများက ဖြည့်စွက်ဆွေးနွေးသည့်စနစ်၊ အင်္ဂလိပ်စာ ပိုမို ကျွမ်းကျင်ရေးအတွက် တစ်ပတ်လျှင် အနည်းဆုံးတစ်ရက်၊ အားလုံး အင်္ဂလိပ်လိုသာ ပြောဆိုစေသည့် လေ့ကျင့်မှု၊ အင်္ဂလိပ်ဘာသာဖြင့် စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကား ပြောပွဲများ ကျင်းပရေး၊ သင်တန်းသားများ၏ လှုပ်ရှားမှု ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ရေး၊ စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်သည့် သမဝါယမလုပ်ငန်းများတွင် ကျောင်းသားများကိုယ်တိုင် အကောင်အထည်ဖော်ရေး၊ ဆရာ ဆရာမများ ငွေကြေးအရှုပ်အထွေးမပေါ်အောင် သာ ကြပ်မတ်ထိန်းကျောင်းပေးရေး စသည်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၁

စက်မှုဝန်ကြီးဌာန၏ **ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၁၃ နေပြည်တော်**ကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်သူများ (အခမဲ့) လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ ***ကျောဖုံးမှ***

စတုတ္ထ၊ စင်ကာပူက နှစ်မှတ်ဖြင့် ပဉ္စမတို့ရရှိကြသည်။ ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့် ဆစ်ဒနီလူငယ်၊ တတိယလုပွဲအဖြစ် မလေးရှားနှင့် မြန်မာတို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောက်တိုဘာ ၂၃ရက်တွင် ကစားသွားမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အိမ်ရှင်အဖြစ် ကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာအသင်းမှာ ယူ -၁၉အသင်းဖြင့်သာ ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အခြေခံသမဝါယမအသင်းများသို့ အသေးစားချေးငွေထုတ်ချေး

ဂန့်ဂေါ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာများတွင် ဖွဲ့စည်းထားသည့်အခြေခံသမဝါယမအသင်းများသို့ မြို့နယ်သမဝါယမအသင်းစုမှ အသေးစားချေးငွေထုတ်ပေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက်က ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသောင်းက အသေးစားချေးငွေထုတ်ချေးခြင်း နည်းစနစ်နှင့် သတ်မှတ်ထားသော စည်းကမ်းများ၊ အသင်းတွင်ထားရှိရမည့် စာရင်းဇယားများ၊ အသင်းသားနှင့် အမှုဆောင်များ၏ လိုက်နာဆောင်ရွက်အပ်သော အခြေခံကျင့်ဝတ်စည်းကမ်းများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးရာတင်က ချေးငွေစာချုပ်ပါ သတ်မှတ်စည်းကမ်းများအတိုင်း နှစ်ဦးနှစ်ဖက်လိုက်နာဆောင်ရွက်ရေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာကိုးရွာတွင် ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းကိုးသင်းတို့မှ အသင်းသား ၂၈၉ ဦးအတွက် အသေးစားချေးငွေ ပမာဏ ငွေကျပ်သိန်း ၁၀၁ ဒသမ ၁၅ ကို ချေးငွေလျှောက်လွှာများ၊ စာချုပ်စာတမ်းများဖြင့် စနစ်တကျ ထုတ်ချေးခဲ့ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

သုဝဏ္ဏအားကစားရုံအနီး အား/ကာ အိမ်ရာဝင်းအတွင်း ပေါ့ဆမီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့တွင်း၌ ပေါ့ဆမီးလောင်ကျွမ်းမှုများသည် ယခုရက်ပိုင်းအတွင်း နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိရာ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားရုံအနီး ၀၀၉ ယန္တာလမ်းမကြီးဘေး အား/ကာ ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ တိုက်အမှတ် (င/ ၁၀၆)တွင် ယနေ့မွန်းတည့် ၁၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့ မီးလောင်မှုဖြစ်ပွားခဲ့သော ဦးစောဝင်း အသက် (၅၀ နှစ်)၏နေအိမ် မီးလောင်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ တောင်ဥက္ကလာပဇုန်မှူး ဦးကိုကိုကြီးက "နေအိမ်အိပ်ခန်းအတွင်း ခြင်ဆေးခွေထွန်းညှိ ထားခဲ့ရာကနေ မီးစတင်လောင်ကျွမ်းခဲ့တာပါ။ မီးလောင်တဲ့အချိန် နေအိမ်ထဲမှာ ဘယ်သူမှမရှိပါဘူး။ အဲဒီ အချိန် မီးကလောင်လို့ရတဲ့နေရာတွေကို လိုက်လောင်ပြီး အခန်းတံခါးကနေ တစ်ဆင့် မီးခိုးတွေအူထွက်လာပါတယ်။ ဒါကို ဘေးအိမ်ကမြင်တော့ မီးလောင်တယ်ဆိုပြီး မီးသတ်ကို အကြောင်းကြားခဲ့တာပါ" ဟု ပြောကြားသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် မြို့နယ် ၁၀ မြို့နယ်မှ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်ကာ မီးသတ်ယာဉ် ၂၄ စီး၊ အုပ်ချုပ်မှုယာဉ် လေးစီးတို့နှင့်အတူ ရောက်ရှိလာပြီး မီးလောင်မှုဖြစ်ပွားရာ ပတ်ဝန်းကျင်နေ ပြည်သူများနှင့် စုပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ယင်းနှင့်ပတ်သက်၍ သင်္ဃန်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး သက်ထွန်းက "အခုရက်ပိုင်းမှာ ပေါ့ဆမီးတွေက နေ့တိုင်းလိုလို လောင်ကျွမ်းနေတာ အများအသိပါပဲ။ မီးသတ်တပ်ဖွဲ့အနေနဲ့လည်း မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်အလိုက် လှည့်ကင်းတွေနဲ့ လှည့်လည်ပြီး မီးဘေးသရုပ်ပြခြင်းနဲ့ အန္တရာယ်မရှိအောင် ကာကွယ်တဲ့နည်းတွေ၊ ဟောပြောပွဲတွေကို လက်တွေ့လုပ်ဆောင်ပေးနေတာကို တွေ့ရပါတယ်။ ဒီအပေါ်မှာ ပြည်သူတွေအနေနဲ့လည်း ပေါ့ဆမီးလောင်ကျွမ်းမှုကို အထူးဂရုပြု ကာကွယ်စေလိုပါတယ်။ မီးနဲ့ ပတ်သက်ပြီး အမှတ်တမဲ့ မလုပ်သင့်ပါ။ မိမိ၏ ပေါ့ဆမှုကြောင့် တခြားအိမ်တွေကိုပါ ကူးစက်လောင်ကျွမ်းခဲ့မယ်ဆိုရင် ဆုံးရှုံးမှုတွေက မတွေးဝံ့စရာပါပဲ။ ဒါကြောင့် ပေါ့ဆမီးကို အထူးဂရုပြုစေလိုပါတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် (၁၅×၄၀) ပေအကျယ် တိုက်ခန်းအတွင်းရှိ မျက်နှာကြက်များ၊ ရေခဲသေတ္တာ၊ လူသုံးကုန်ပစ္စည်းအချို့နှင့် အိမ်ထောင်ပရိဘောဂများ အပါအဝင် စုစုပေါင်းတန်ဖိုးကျပ် ငါးသိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ထိုမီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင် ဦးစောဝင်းအား သင်္ဃန်းကျွန်းမြို့နယ်ရဲစခန်းမှ ပေါ့ဆမီးလောင်ကျွမ်းမှုဖြင့်အမှုဖွင့်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးမိုးကြည်

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ဟိုတယ်ဆိုင်ရာလုံခြုံရေးသင်တန်းဖွင့်ပွဲတက်ရောက် ပုဂံသို့စင်းလုံးငှားလေယာဉ်ဖြင့် လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်များကို ရင်းနှီးစွာနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၁

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် အောက်တိုဘာ ၂၀ ရက်တွင် ပုဂံမြို့သို့ရောက်ရှိပြီး ဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့်အတူ ဦးဘငြိမ်းယွန်းထည် အမှတ်တရပစ္စည်းအရောင်းဆိုင်တွင် အမှတ်တရပစ္စည်း ဝယ်ယူနေကြသော ကမ္ဘာလှည့်ခရီးသည်များအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေဆံတော်ဘုရားတွင် ပုဂံနေဝင်ဆည်းဆာအလှကို ကြည့်ရှုနေကြသော ကမ္ဘာလှည့်ခရီးသည်များအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံလေဆိပ်သို့သွားရောက်ပြီး ကမ္ဘာလှည့်ခရီးသည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဂံဟိုတယ်ဇုန်(၄)သို့ သွားရောက်ကြည့်ရှုပြီး ဟိုတယ်ဆောက်လုပ်မှု အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ပုဂံဟိုတယ်တွင် ကျင်းပသည့် "ဟိုတယ် ဆိုင်ရာလုံခြုံရေးသင်တန်းဖွင့်ပွဲ"(ပုဂံဇုန်)အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** ၎င်းသင်တန်းကို အဓိကခရီးစဉ် ဒေသများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊နေပြည်တော်၊ပုဂံနှင့် အင်းလေးဒေသတို့၌ ယနေ့နံနက်တွင် တစ်ပြိုင်တည်းဖွင့်လှစ်ခြင်းဖြစ်ပြီး နောင်တွင် ငွေဆောင်၊ ချောင်းသာ၊ ငပလီ၊ ကျိုင်းတုံနှင့် မြစ်ကြီးနားစသည့်ဒေသတို့တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ၎င်းသင်တန်းမှ ပို့ချသောသင်ခန်းစာများကို အထူးဂရုစိုက် လေ့လာမှတ်သားခြင်း၊ မပြတ်လေ့ကျင့်ခြင်းပြုလုပ်ရန် လိုအပ်ကြောင်းနှင့် တည်းခိုရိပ်သာ၊ ဟိုတယ်များတွင် CCTV ကင်မရာများ X-Ray၊ Walkthrough နှင့် Detector များသာမက လိုအပ်လျှင် မိုင်းရှာသည့်ခွေးများထားရှိဖို့ လိုအပ်ကြောင်း၊ ပစ္စည်းများရှိရုံသာမက ယင်းပစ္စည်းများကို ကိုင်တွယ်သူများအနေဖြင့် မြင်တတ်၊ ကြည့်တတ်၊ စူးစမ်းရှာဖွေတတ်ရန် သင်တန်းမှ ပို့ချမှုများကို ကြိုးစားသင်ယူကြစေလိုကြောင်းနှင့် သင်တန်းပြီးဆုံးပါက ရရှိသော ပညာများကို မိမိတို့၏ ဟိုတယ်များတွင် ထပ်ဆင့်ပြန့်ပွားပေးခြင်းဖြင့် လုံခြုံမှုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ ငါးရက်ဖြစ်ပြီး သင်တန်းသို့ ပုဂံဒေသရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများမှ မန်နေဂျာအဆင့်အပါအဝင် သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သုံးထပ်တိုက်နှစ်လုံးကြားထဲက နှစ်ထပ်တိုက်မီးလောင်မှုဖြစ်ပွား

မော်လမြိုင် အောက်တိုဘာ ၂၁

မော်လမြိုင်မြို့ ရွှေတောင်ရပ် အောက်လမ်းမကြီး အမှတ်(၁၉၁)ရှိ ပန်းကောင်းရွှေစင်မွှေ့ရာနှင့် ကလေးကစားစရာအရုပ်ဆိုင်တွင် အောက်တိုဘာ ၂၁ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။**(အောက်ပုံ)**

မီးလောင်ရာသို့ မော်လမြိုင်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မော်လမြိုင်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ကားအစီး ၂၀၊ မီးသတ်တပ်ဖွဲ့ဝင် ၄၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀နှင့် ရပ်ကွက်လုပ်သားပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် မီးကိုထိန်းနိုင်ပြီး မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ ပန်းကောင်းရွှေစင်ပိုင်ရှင် ဒေါ်စန်းစန်းစိုးနေအိမ်၌ ကလေးကစားစရာအရုပ်များ ဘက်ထရီခြောက်အပူလွန်ကဲရာမှ ပေ (၂၀×၅၀) နှစ်ထပ်တိုက်မွှေ့ရာတို့ ကူးစက်၍ အိမ်တစ်လုံးမီးလောင်ကျွမ်းခဲ့သည်။

ကာလတန်ဖိုး ငွေကျပ် ၆၇ ဒသမ ၅ သိန်းခန့်ဆုံးရှုံးပြီး ဒေါ်စန်းစန်းစိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၀၈)**

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

မန္တလေးမှ ဂန့်ဂေါသို့ သတင်းစာနှင့် စာစောင်များ ရွှေမေတ္တာယာဉ်လိုင်းမှ အခမဲ့သယ်ယူပေး

ဂန့်ဂေါ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နေပြည်သူများ သတင်းစာနှင့် ဂျာနယ်များ ပုံမှန်ဖတ်ရှုနိုင်စေရန်အတွက် မန္တလေးမြို့မှ ဂန့်ဂေါမြို့သို့ သတင်းစာ၊ ဂျာနယ်ထုပ်များ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်ပေးခြင်းလုပ်ငန်းကို ရွှေမေတ္တာခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်လိုင်းက အခမဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"စာနယ်ဇင်းအရောင်းဆိုင်တွေနဲ့ စာကြည့်တိုက်တွေက မှာယူထားတဲ့ သတင်းစာနဲ့ ဂျာနယ်ထုပ်တွေကို အခမဲ့ သယ်ယူပေးပါတယ်။ မန္တလေးမြို့က ပေးပို့တဲ့ သတင်းစာနဲ့ ဂျာနယ်ထုပ်တွေ ဂန့်ဂေါမြို့ကို အချိန်နဲ့တစ်ပြေးညီ ရောက်ရှိလာစေရေးအတွက် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေက တာဝန်သိသိ ဆောင်ရွက်ပေးနေကြပါတယ်။ သတင်းစာ၊ ဂျာနယ်ထုပ်တွေ ပျောက်ဆုံးတာ၊ မေ့ကျန်တာမျိုး မဖြစ်အောင် လုပ်ဆောင်ပေးဖို့ ဆုံးဖြတ်ထားကြပါတယ်။ မြို့နယ်မှာနေတဲ့သူတွေ သတင်းစာ၊ ဂျာနယ် ပုံမှန်ဖတ်နိုင်ဖို့အရေးကြီးပါတယ်" ဟု အဆိုပါ ယာဉ်လိုင်းမှ တာဝန်ရှိသူ ဦးမင်းနောင်က ပြောသည်။

ဂန့်ဂေါမြို့နယ်တွင် စာနယ်ဇင်းအရောင်းဆိုင်၊ စာအုပ်အငှားဆိုင်နှင့် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိပြီး စာအုပ်စာပေ ဖတ်ရှုသူဦးရေလည်း ပိုမိုများပြားလာကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ကသာမြို့တွင် ကားကြီးဝင်း တည်ဆောက်မည်

ကသာ အောက်တိုဘာ ၂၁

စက်တင်ဘာ ၁၇ ရက်က ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာတွင် ကသာမြို့သို့ ဝင်ထွက်ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များသည် လူစည်ကားရာလမ်းမကြီးများဘေးတွင် ဂိတ်ဖွင့်၍လုပ်ငန်းဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းမများ ယာဉ်ကြောကျပ်တည်းမှု ဖြစ်ပေါ်လျက်ရှိပြီး ယာဉ်မတော်တဆမှုများ ကြုံတွေ့နိုင်သဖြင့် ကားကြီးဝင်း သီးသန့်ထားရှိပြေးဆွဲရန် မြို့ခံလူထုက မျှော်လင့်လျက်ရှိကြောင်း ဖော်ပြပါရှိခဲ့သည်။

အဆိုပါသတင်းပါရှိပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင်ဆိုင်သည့် အမှတ်(၉)ရပ်ကွက်အတွင်းရှိ ကွင်းအမှတ်(၂၇)(၂၉) သုသာန်ဟောင်းမြေနေရာ ဧရိယာ ၁၁ ဧကတွင် ယာဉ်ရပ်နားစခန်းများ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ သုသာန်ဟောင်းမြေနေရာ ၁၁ ဧကကျော်ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဥပဒေ အခန်း(၄)ပုဒ်မ-၇၊ ပုဒ်မခွဲ(ဂ)နှင့်အညီ အခြားနည်းအသုံးပြုတည်ဆောက်သွားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက အောက်တိုဘာ ၂၄ ရက် နောက်ဆုံးထား၍အထောက်အထားခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ကြောင်း သိရသည်။

စမ်းဦး(ကသာ)

ကျောင်းပြင်ပမူလတန်းပညာရေး မန္တလေးဇုန်၌ နည်းပြဆရာဖြစ်သင်တန်းဖွင့်

မန္တလေး အောက်တိုဘာ ၂၁

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူများ၊ မူလတန်းပညာ မပြီးဆုံးမီ ကျောင်းပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ခဲ့ရသူများ၊ မိသားစုနှင့် မိမိကိုယ်တိုင်ဘဝကို ခက်ခဲပင်ပန်းစွာ ရင်ဆိုင်ဖြေရှင်းရုန်းကန်နေရသူများ၊ အသက် ၁၀ နှစ်မှ ၁၄ နှစ်အထိ သက်ငယ်ကလေးများ၊ ပညာရေးအခွင့်အလမ်းများ ထပ်မံဖြည့်ဆည်းပေးရန်နှင့် အခြေခံပညာအတန်းဆင့်သို့ ဆက်လက်သင်ယူခွင့်ရရှိစေရန် လူတိုင်းအတွက် ပညာရေးကို အခြေခံနှစ်ရှည်စီမံကိန်းဘောင်အတွင်း ချိတ်ဆက်၍ မြန်မာနိုင်ငံလူတိုင်းအတွက် ပညာရေး နိုင်ငံအဆင့်စီမံချက်၏ ရည်မှန်းချက်ဖြင့် ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)ကို ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင် သတ်မှတ်သင်ယူပညာရေး စသည့် ပညာရယူနည်း သုံးသွယ်ဖြင့် အထက်မြန်မာပြည်မှ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ မြို့နယ်ပေါင်း ၂၂ မြို့နယ်အတွက် ဒုတိယအကြိမ် ပညာရေးနှင့် အဆင့်ညီသော ပညာရေးကို ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးလျက်ရှိကြောင်း အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီခွဲက အောင်မြေသာစံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဒုတိယနှစ်ဝက် ကျောင်းပြင်ပမူလတန်း ပညာရေးဇုန်အဆင့် (မန္တလေးဇုန်) နည်းပြသင်တန်းဖွင့်ပွဲ၌ အမှတ်(၂) အခြေခံပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်က ပြောကြားသည်။**(အပေါ်ပုံ)**

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုအဖွဲ့မှ ဆရာမကြီး ဒေါ်အေးအေးခိုင်က ကျောင်းပြင်ပမူလတန်းပညာရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သင်တန်းသို့ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်း၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးမိသားစုများ တက်ရောက်ကြပြီး အဆိုပါနည်းပြသင်တန်းတွင် အထက်မြန်မာပြည်တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကျောင်းပြင်ပမူလတန်းပညာရေး ဆရာ ဆရာမ စုစုပေါင်း ၁၃၆ ဦး တက်ရောက်ကြကာ သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

နိဗ္ဗာန်ဈေးကုသိုလ်ကြောင့် လှူဒါန်းမှုများလာ

တောင်သာ အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ ပြည်လုံးအောင်ချမ်းသာ မြတ်စွာဘုရားကြီး၌ ရွှေသင်္ကန်းကပ်လှူပွဲနှင့် နိဗ္ဗာန်ဈေးကုသိုလ်လှူဒါန်းပွဲကို သီတင်းကျွတ်လပြည့်နေ့ ညနေ ၅ နာရီက စတင်ကျွေးမွေးဧည့်ခံလှူဒါန်းခဲ့ကြရာ ဘုရားဖူးလာရောက်သူများ၊ ရွှေသင်္ကန်းကပ်သူများ၊ ဝတ်ရွတ်အသင်းများ၊ ဥပဋ္ဌာကအဖွဲ့ဝင်များ၊ အသင်းထောက်လူငယ်များက ကုသိုလ်ဖြင့် ပါဝင်ဒါနပြုခဲ့ကြကြောင်း သိရသည်။

နိဗ္ဗာန်ဈေးပွဲနှင့် ရွှေသင်္ကန်းကပ်လှူပွဲကို တတိယအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ဧည့်ပရိသတ်နှစ်ထောင်ကျော်အား မိမိတို့ကြိုက်နှစ်သက်ရာကို စိတ်ချမ်းသာစွာသုံးဆောင်နိုင်ပြီး လပြည့်ကျော် ၁ ရက်အထိ ကုသိုလ်ကောင်းမှုပြုလုပ်ခဲ့ကြောင်း၊ နိဗ္ဗာန်ဈေးသုံးရက်အတွင်း ထည့်ဝင်လှူဒါန်းငွေကျပ် ရှစ်သိန်းကျော်ရရှိမည်ဟု ခန့်မှန်းပြီး ကုသိုလ်ရှင်များက စေတနာသဒ္ဓါတရားများ တိုးပွားလာခြင်းကြောင့် အလှူခံဌာန ဖွင့်လှစ်အလှူခံလျက်ရှိရာ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပသွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥပဋ္ဌာကအဖွဲ့ ဦးစိုးမြင့်ဝေထံမှ သိရသည်။

လင်းလက်ကြယ်(တောင်သာ)

မိုးရွာသွန်းမှုကြောင့် ဆီမီးပူဇော်ပွဲရက်ရွှေ့ဆိုင်း

မကွေး အောက်တိုဘာ ၂၁

မကွေးမြသလွန် စေတီတော်မြတ်ကြီးကို နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်း ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ပူဇော်လာခဲ့ရာ အောက်တိုဘာ ၁၉ ရက် (သီတင်းကျွတ်လပြည့်နေ့)သည် ၂၅ နှစ် ငွေရတုပူဇော်ပွဲဖြစ်၍ လှူဒါန်းပူဇော်ရန် အစီအစဉ်များ ပြုလုပ်ထားသော်လည်း နံနက် ၉ နာရီခန့်မှစ၍ ရွာသွန်းနေသောမိုးကြောင့် ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ သာ ပူဇော်နိုင်ခဲ့ပြီး ဆီမီး ၉၀၀၀ လှူဒါန်းမှုကို သီတင်းကျွတ်လပြည့်ကျော် ၈ ရက်သို့ ရက်ရွှေ့ဆိုင်းလိုက်ရကြောင်း သိရသည်။ စေတီတော်ကို ဆီမီးပူဇော်ရာတွင် စေတီရင်ပြင်တော်၏ အနောက်ဘက် မြစ်ကမ်းဘေး အုတ်လှေကားထစ် အဆင့်ပေါင်းများစွာတွင် ဆီမီးခွက်များဖြင့် ထွန်းညှိပူဇော်ခြင်းဖြစ်ရာ အမိုးအကာမဲ့ဖြစ်၍ ယင်းကဲ့သို့ ငွေရတုပူဇော်ပွဲကို ရက်ရွှေ့လိုက်ရခြင်းဖြစ်ကြောင်းသိရသည်။

နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာကြသူများဖြင့် တိုးမပေါက်အောင် စည်ကားလေ့ရှိပြီး ယခုနှစ်တွင် မိုးရွာသွန်းမှု အခြေအနေကြောင့် ဘုရားဖူးလာသူများနှင့် ပွဲဈေးလာသူများ နည်းပါးခဲ့ရသည်။

ယင်းအတွက်ကြောင့် ၁၂ ရာသီပွဲဈေး လှည့်လည်ရောင်းချနေသူများ အနေဖြင့် စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်ရက်အတွင်း မိုးအဆက်မပြတ်ရွာသွန်းနေမည်ဆိုပါက လူအသွားအလာနည်းပါးပြီး လာရောက်စားသောက်သူများ၊ ကုန်ပစ္စည်းဝယ်ယူသူများ မရှိမှာကို စိုးရိမ်လျက်ရှိနေကြကြောင်း သိရသည်။

ဇေယျ

၂၄ နာရီ လျှပ်စစ်မီးလင်းရေးအခမ်းအနားကျင်းပ

ရေဦး အောက်တိုဘာ ၂၁

မြန်မာနိုင်ငံတစ်ဝန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ပန်းကုံးကျေးရွာတွင် ၂၄ နာရီ မီးလင်းရေးအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာ သာသနဓဇကျောင်းတိုက်၌ ကျင်းပသည်။

ကျေးရွာမီးလင်းရေးအခမ်းအနားဖွင့်ပွဲကို ဆရာတော် ဦးဥတ္တမဉာဏ၊ လွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်းနှင့် ဦးစိုးတင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာမီးလင်းရေးဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် ဗို့အား 315 KV ထရန်စဖော်မာတည်ဆောက်ထားရာသို့ သွားရောက်ပြီး မိန်းခလုတ်ဖွင့်ကာ လျှပ်စစ်ဓာတ်အားစတင်ပေးလွှတ်ခဲ့သည်။

အဆိုပါ ကျေးရွာမီးလင်းရေးအတွက် မင်းကွန်းတောင်ရိုး ဆရာတော်ကြီး၏ မတည်လှူဒါန်းငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာမိဘပြည်သူ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀၀ ကျော်တို့ဖြင့် ကျေးရွာမီးလင်းရေး ကိုယ့်အားကိုယ့်ကိုး ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဦးစီးဌာန အင်ဂျင်နီယာ ဦးထူးမြတ်သူမောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မီးလင်းရေးကော်မတီဥက္ကဌ ဦးသောင်းကြွယ်နှင့် ကော်မတီဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယခုကဲ့သို့ လျှပ်စစ်မီးရရှိခဲ့ကြောင်း မီတာအလုံးရေ ၂၀၂ လုံးအနက် ၁၅၅ လုံးအထိ တပ်ဆင်ပေးပြီး ကျန်မီတာများကိုလည်း အချိန်မီအသုံးပြုနိုင်ရေး ဆက်လက် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

ကမ္ဘာ့အရိုးပွရောဂါနေ့ အခမ်းအနားကျင်းပ

မန္တလေး အောက်တိုဘာ ၂၁

အောက်တိုဘာ ၂၀ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အရိုးပွရောဂါနေ့ (World Osteoporosis Day) အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက်က ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အရိုးရောဂါအထူးကုဆေးရုံကြီး(မန္တလေး)၌ ကျင်းပရာ အရိုးရောဂါပညာဌာန ပါမောက္ခဌာနမှူး ပါမောက္ခဒေါက်တာမောင်မောင်ထွေး၊ သူနာပြုတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဒေါက်တာမာလာဝင်းနှင့် ဌာနမှူးများ၊ ကထိကများနှင့် အရိုးရောဂါအထူးကုဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန်ကြီးများ၊ သူနာပြုသင်တန်းသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ကမ္ဘာ့အရိုးပွရောဂါ ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများကို သူနာပြုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြပြီး တက်ရောက်သူများအား အရိုးပွရောဂါရှိ မရှိ အခမဲ့စမ်းသပ်ပေးကြပြီး အရိုးပွရောဂါရှိသူများကို ဆေးဝါးများ သောက်သုံးရန် အခမဲ့ထောက်ပံ့ပေးခဲ့ကာ သူနာပြုသင်တန်းသူ ၂၀၀ တို့က ပြင်ပလူနာဌာနသို့ လာရောက်ပြသသော ပြည်သူများနှင့် အရိုးဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက် ကုသမှုခံယူနေကြသည့် လူနာ ၂၀၀ ကျော်တို့အား တစ်ဦးချင်းစီ အရိုးပွရောဂါနှင့်စပ်လျဉ်းပြီး ပညာပေးအစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးကြသည်။

အရိုးပွရောဂါရှိ မရှိ လာရောက်စမ်းသပ်စစ်ဆေးသူ ၄၂၇ ဦးရှိပြီး ယခုနှစ် ကမ္ဘာ့အရိုးပွရောဂါဆောင်ပုဒ်မှာ "အမျိုးသမီးများသန်မာဖို့ အရိုးပွရောဂါကာကွယ်စို့" Strong Women Make Stronger Women ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တင်မောင်(မန္တလေး)

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်းရှိ ကိုင်းကလေးရွာဟောင်းမှ တည်ထားကိုးကွယ်ခဲ့သည့် သဗ္ဗမင်္ဂလာသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်မြတ် ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယနှင့် ဆီမီး ၁၀၀၀၊ ပန်း စေတီကပ်လှူပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ညနေ ၆ နာရီမှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါနေ့ နံနက်ပိုင်းတွင် ကိုင်းကလေးကျောင်းဆရာတော်က သီလပေးတရား ချီးမြှင့်ခြင်း၊ စေတနာရှင်၊ အလှူရှင် ဝန်ထမ်းမိသားစုများ၊ ဒေသခံများက စတုဒိသာများနှင့် ဧည့်ခံကျွေးမွေးခြင်း၊ ညပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ဝတ်ရွတ်အသင်းက အဘိဓမ္မာတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မီးအိမ်ရှင်လူမှုကူညီရေးအသင်းက မြန်မာ့ရိုးရာမုန့်များနှင့် ဧည့်ခံကျွေးမွေးခြင်းနှင့် နယ်မြေခံ အမှတ်(၉)ရဲတပ်ဖွဲ့စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက ဘုရားဖူးပြည်သူများကို လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးတို့ကိုပါ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း စေတီတော်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဌ ဦးခင်မောင်လတ်၊ အတွင်းရေးမှူး ဦးမိုးမြင့်တို့ထံမှ သိရသည်။

ကိုပေါက်

ပြည်တွင်းသတင်း

စက်မှုလက်မှုအသက်မွေးဝမ်းကျောင်းပညာရပ်များကို ကြိုးစားလေ့လာသင်ယူ

နေပြည်တော် အောက်တိုဘာ ၂၁

တိုင်းရင်းသားရေးရာဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းသည် အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း (လောက်ကိုင်၊ ကွမ်းလုံ၊ ကွတ်ခိုင်)၊ စက်မှုလက်မှုသင်တန်းကျောင်း(လောက်ကိုင်)**(ယာပုံ)**နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(လားရှိုး)သို့သွားရောက်၍ ကျောင်းအုပ်၊ နည်းပြ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံခဲ့သည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၌ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒေသကိုအကျိုးပြုနိုင်သည့် လူတော်လူကောင်းများဖြစ်လာရန်၊ ပညာကိုဆုံးခန်းတိုင်အောင် ကြိုးကြိုးစားစား လေ့လာသင်ယူကြရန်၊ စက်မှုလက်မှု သင်တန်းကျောင်းသို့ ရောက်ရှိစဉ် စက်မှုလက်မှု အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကြိုးစားလေ့လာသင်ယူ၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ရည်မှန်းချက်ထားရှိကာ လေ့လာသင်ယူသွားကြရန်၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိစဉ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်၍ အမျိုးကောင်းသားသမီးများပီသစွာ ပြုမူနေထိုင်ကြရန်၊ မိမိတို့၏ တိုင်းရင်းသား ရိုးရာဝတ်စုံများကို ရှေးမူမပျက်စေဘဲ ခေတ်မီဆန်းသစ်သည့် လက်ရာများဖြင့် ပေါင်းစပ်တီထွင်ကြိုးစား ဆောင်ရွက်သွားကြရန် မှာကြားသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများ၏ စာတွေ့လက်တွေ့ သင်ကြားလေ့ကျင့်နေမှုများ၊ အိပ်ဆောင်များ၊ စားရိပ်သာများအား လိုက်လံစစ်ဆေးပြီး ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံခရိုင်ပြည်သူ့ရေးရာတာဝန်ခံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

ဖျာပုံ အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ပြည်သူ့ရေးရာတာဝန်ခံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက်က သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစန်းမောင်က လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ဘိုကလေး)ဦးဆောင်၍ ကျန်အဖွဲ့များက မေးမြန်းခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများက ပြေလည်စွာဖြေရှင်း၍ အေးချမ်းတည်ငြိမ်စွာရှင်းလင်း ဆက်လက်လုပ်ဆောင်ကာ နိုင်ငံတည်ငြိမ်အေးချမ်းစွာ ပြည်သူများ တောင့်တမှုကို သက်ဆိုင်ရာဌာနများက ဖြည့်ဆည်းရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများက ညှိနှိုင်းပေါင်းစပ်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ် ကြောင်း၊ မည်သည့်နိုင်ငံမဆို အသင့်စားသုံးနိုင်သော ဒီမိုကရေစီဆိုသည်မှာမရှိဘဲ မိမိတို့၏ တိုင်းပြည်နှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ပြည်သူတွေကိုယ်တိုင် စည်းကမ်းရှိစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လူမှုဖွံ့ဖြိုးတိုးတက်ရေး အလင်းတန်းအဖွဲ့(ဘိုကလေး) ဥက္ကဋ္ဌက တက်ရောက်လာသည့် NGO အဖွဲ့ဝင်များကို လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများက အဖွဲ့ဝင်များနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ အပြန်အလှန် ပြည်သူ့အကျိုးပြု မေးခွန်းများ ဖြေကြားရှင်းလင်းခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရာ ပြည်သူ့အကျိုးပြု လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ခရိုင်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အဖွဲ့ဝင်တစ်ဦးချင်းစီ၏ မေးမြန်းချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းပြီး တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ(ဖျာပုံ)**

မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ မုဒုံမြို့၌ကျင်းပ

မုဒုံ အောက်တိုဘာ ၂၁

မုဒုံမြို့ မြို့မရပ်ရှိ သမိုင်းဝင်ကန်ကြီးစေတီ (၁၃၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို အစဉ်အလာမပျက် ကျင်းပလျက်ရှိသည်။ **(ယာပုံ)**

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အားကစားနည်း တစ်မျိုးဖြစ်တဲ့ လောင်းလှေလှော်ခတ်ပြိုင်ပွဲကို ကန်ကြီးစေတီတော်ဘုရားပွဲတော်ကျင်းပသည့် သီတင်းကျွတ်လပြည့်နေ့မှာ နှစ်စဉ်နှစ်တိုင်း ထည့်သွင်းကျင်းပလျက်ရှိသည်။

ယခုနှစ် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် လှေအသင်း ၁၄ သင်းပါဝင်ယှဉ်ပြိုင် လှော်ခတ်ကြသည်။ ပြိုင်ပွဲဝင်လှေ အသင်းတိုင်းသည် ကန်ကြီးစေတီတော်ကို လှေဦးတိုက်လှော်ခတ်ပူဇော်ပြီးမှ ပြိုင်ပွဲဝင်ကြသည်။ ကန်တော်အတွင်း လှော်ခတ်ယှဉ်ပြိုင်နေစဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းပြီး မိမိတို့လှေအသင်းအနိုင်ရဗိုလ်စွဲစေရန် ရည်မှန်းဦးတိုက်ပူဇော်ခြင်း ဖြစ်သည်။

မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို သုံးချီသုံးလားလှော်ခတ်ယှဉ်ပြိုင်စေပြီး နောက်ဆုံးဗိုလ်လုပွဲတွင် ဝင်းကပိုအောင်နိုင်သူအသင်းနှင့် မေတ္တာကာရီအသင်းတို့ယှဉ်ပြိုင်ကြရာ ဝင်းကပိုအောင်နိုင်သူအသင်းက ပထမရရှိခဲ့သည်။ တတိယလုပွဲတွင် ကန်ကြီးဇာတိမာန်အသင်းနှင့် ဘဲရမ်းကျေးရွာအသင်းတို့ယှဉ်ပြိုင်ရာ ဘဲရမ်းကျေးရွာအသင်းက တတိယရရှိသွားခဲ့သည်။

ပထမရရှိသွားသော ဝင်းကပိုအောင်နိုင်သူအသင်း၊ ဒုတိယရရှိသွားသော မေတ္တာကာရီအသင်း၊ တတိယရရှိသွားသော ဘဲရမ်းကျေးရွာအသင်းတို့ကို တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီများက ဆုများချီးမြှင့်ပေးကြသည်။

(၁၀၈)

မြစ်ဖြတ်ဓာတ်အားလိုင်း တည်ဆောက်

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)မှ ဆောင်ရွက်လျက်ရှိသော ၂၃၀ ကေဗွီ ရွာမ-လှိုင်သာယာ မဟာဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းတွင် ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအနီး၌ လှိုင်မြစ်အားဖြတ်သန်း၍ ရွာမမှလှိုင်သာယာသို့ ၂၃၀ ကေဗွီဓာတ်အားလိုင်း ဖြတ်ကျော်တည်ဆောက်မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ရေလမ်းကြောင်းအတွင်း အောက်တိုဘာ ၂၄ရက်မှ အောက်တိုဘာ ၃၁ရက်အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ရေယာဉ်များဖြတ်သန်းသွားလာခြင်းမပြုကြရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မသန်စွမ်းအားကစားသမားများ ဖွံ့ဖြိုးတိုးတက်ရန် ကမ္ဘာ့ရတနာဘဏ်က ထောက်ပံ့ငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံ မသန်စွမ်းအားကစားသမားများ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ ရရှိစေရန်အတွက် ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သူများကုမ္ပဏီလီမိတက်)ယခင် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်က မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သို့ အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လသာလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ကမ္ဘာ့ရတနာဘဏ်၌ ထောက်ပံ့ငွေကျပ် သိန်း ၅၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲတွင် ကမ္ဘာ့ရတနာဘဏ် ဒါရိုက်တာအဖွဲ့ဝင် ဦးညွန့်ရွှေက လှူဒါန်းရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ "မသန်စွမ်းအားကစားသမားများကို ကျွန်တော်တို့ဘဏ်အနေနဲ့ အခုလို လှူဒါန်းဖြစ်တာကတော့ ဒီမသန်စွမ်း အားကစားသမားများဟာ မြန်မာနိုင်ငံရဲ့ ရွက်ပုန်းသီးလေးတွေလို ဖြစ်နေပါတယ်။ သူတို့တစ်တွေကြိုးစားသလောက် ကြိုးစားမှုက မပေါ်သလိုဖြစ်နေတယ်။ ကျွန်တော်တို့တစ်တွေအနေနဲ့ သူတို့လေးတွေကို တတ်နိုင်သလောက် ကူညီဖေးမစောင့်ရှောက်ဖို့လိုပါတယ်။ အခုလို လှူဒါန်းမှုတွေပြုနေရင် မြန်မာနိုင်ငံရဲ့ မသန်စွမ်းအားကစားသမားများ အဖွဲ့ဟာ မကြာမီဖွံ့ဖြိုးလာပြီး ကမ္ဘာကို ရင်ပေါင်တန်းနိုင်မှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ရတနာဘဏ်သည် ယခင် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်ကို ယခုနှစ် ဇူလိုင် ၂၄ ရက်က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရွှေပန်းထိမ်ရွှေရည်ကျိုလုပ်ငန်း စစ်ဆေးပေးစေလို

တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ၁၆၅ လမ်းတို ပထမထပ် တစ်ခု၌ ငှားရမ်းလုပ်ကိုင်နေသည့် ရွှေရည်ကျိုနှင့်ရွှေပန်းထိမ်လုပ်ငန်းမှ ထွက်ရှိသည့် အနံ့ဆိုးများကို ၎င်းတိုက်ခန်းနေ မိသားစုများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ စိုးရိမ်နေရပါသည်။ နေ့စဉ်နှင့်အမျှ ခံစားနေရပါသဖြင့် ရပ်ကွက်ရုံးမှ နှစ်ကြိမ်တိုင်ခေါ်ပြောသော်လည်း ဆက်လက်လုပ်ကိုင်နေပါသဖြင့် ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

တိုက်မိသားစုဝင်များ

စာသင်တိုက်နှင့်မသင့်တော်သည့် စားသောက်ဆိုင်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် သနပ္ပင်လမ်းမတန်း ကျောက်ဖူးကုန်း(က)ရပ်ကွက် ဗိုလ်ချုပ်ကျောင်းစာသင်တိုက်ရှေ့ စည်ပင်သာယာလမ်းမပေါ်တွင် ကျူးကျော်လူနေဆိုင်ခန်း အခိုင်အမာဆောက်လုပ်၍ စားသောက်ဆိုင်ဖွင့်လှစ်ပြီး အရက်သေစာရောင်းချခြင်း၊ တရားမဝင် လောင်စာဆီ သိုလှောင်ရောင်းချခြင်းနှင့် အချိန်ပြည့်ကြော်လှော်ချက်ပြုတ်သည့် ညှော်နံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်၍မီးဘေးအန္တရာယ်စိုးရိမ်နေရပါ၍သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကျောက်ဖူးကုန်းသား

တိုက်နောက်ဖေးလှေကားနှင့် ထွက်ပေါက်များအသုံးပြုလို

ကမာရွတ်မြို့နယ် ရန်ကုန်-အင်းစိန်လမ်း တိုက်အမှတ် (၈၇) ၌ တည်ရှိသည့် နှစ်ခန်းတွဲ ခုနစ်ထပ်တိုက်တွင် မြေပိုင်ရှင်အသစ်က ရေမော်တာများ၊ မီလ္လာကန်နှင့် တိုက်၏အရေးပေါ်လှေကားရှိရာ တိုက်အနောက်ဘက်ဝင်ပေါက်ထွက်ပေါက်များကို ပိတ်ဆို့ထားပြီး ဝင်ခွင့်မပေးသောကြောင့် ရေမော်တာပျက်မည်ကို စိုးရိမ်ပူပန်နေရခြင်း၊ မိလ္လာကန်ပြည့်နေသည်ကို စုပ်ထုတ်ခွင့်မရခြင်းနှင့် အရေးပေါ်လှေကားမှ ထွက်ပေါက်သို့သွားရာ တိုက်၏ဝင်/ထွက်ပေါက်များကို ပိတ်ဆို့ထားသောကြောင့် မီးဘေးအန္တရာယ်ကျရောက်ပါက အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမည့်အရေးကို စိုးရိမ်နေရပါသည်။ တိုက်အတွက် အရေးပေါ်ဝင်ပေါက်၊ ထွက်ပေါက်များ ရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အခန်းသားတစ်ဦး

အရက်ဆိုင်ရှင်းလင်းဖယ်ရှားပေးစေလို

ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၂)ရပ်ကွက် ရတနာပုံလမ်းအတွင်းရှိ အရက်ဆိုင်တစ်ဆိုင်မှာ နံနက် ၆ နာရီမှ ည ၁၀ နာရီခွဲ၊ ၁၁ နာရီအထိ ကျယ်လောင်စူးရှစွာ သီချင်းဖွင့်ခြင်း၊ တီဗွီဇာတ်လမ်းဖွင့်ခြင်း၊ ရိုင်းပျစွာ ဆဲဆိုခိုက်ရန်ဖြစ်ပွားခြင်းတို့ကို နေ့စဉ်နှင့်အမျှ ပြုလုပ်နေသည်ကို ကြားမြင်ကြုံတွေ့နေရပါသည်။ ကျောင်းသားများ၊ သားပျို၊ သမီးပျို၊ ရဟန်းသံဃာများ အမြဲဖြတ်သန်း အသုံးပြုသည့်လမ်းဖြစ်၍ သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

လမ်းသားတစ်ဦး

စည်ပင်လမ်းပေါ်၌ ဆိုင်ဖွင့်ရောင်းချသူများ

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ (၄) ရပ်ကွက် ၁၁×၁၂ ဦးစန္ဒာလမ်းရှိ နွားထောင်မြေပေါ်တွင် စည်ပင်သာယာစည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ လူနေအိမ်ဆောက်လုပ်ခြင်း၊ နေထိုင်ခြင်း၊ လက်ဖက်ရည်ဆိုင်နှင့် လောင်စာဆီဆိုင်ကပ်လျက် ဖွင့်လှစ်ရောင်းချနေခြင်းများကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ရပ်ကွက်တွင်းဆူညံသံ ရပ်ဆိုင်းစေလို

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် နိဗ္ဗာန်လမ်းမကြီးရှိ ခြံတစ်ခြံမှ နေ့၊ ည နေ့စဉ် သံထည်ပဟောင်းများကို ထုနှက်ရိုက်ရာမှ ပေါ်ထွက်လာသော ဆူညံသံများကြောင့် ရပ်ကွက်အတွင်းနေထိုင်သူများ များစွာစိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူတစ်ဦး**

ကားဘော်ဒီရုံ ရွှေ့ပြောင်းပေးစေလို

တာမွေမြို့နယ် မင်းရဲကျော်စွာ ခုံးတံတားဘေးရှိ တာမွေလေးရပ်ကွက်၌ရှိသော ကားဘော်ဒီဆေးမှုတ်လုပ်ငန်းသည် နေ့စဉ် ကားဘော်ဒီထုခြင်း၊ ကားဆေးမှုတ်ခြင်းများ လုပ်ကိုင်နေပြီး ထိုအလုပ်ရုံမှ နေ့စဉ် ဆူညံသံများ၊ ကားဆေးမှုတ်မှ ထွက်သောအနံ့ဆိုးများကြောင့် အနီးပတ်ဝန်းကျင်ရှိသက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နိုင်ခြင်းကြောင့် သက်ဆိုင်ရာက အမြန်ဆုံးစိစစ်ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်အတွင်းနေထိုင်သူ

ပြည်တွင်းသတင်း

ဖျာပုံ၌ ပညာရေးရန်ပုံငွေစိုက်ထူ

ဖျာပုံ အောက်တိုဘာ ၂၁

ဖျာပုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းမှ ထူးချွန်စွာအောင်မြင်ပြီး တက္ကသိုလ်ဆက်တက်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများကို ပညာသင် ထောက်ပံ့ကြေးပေးနိုင်ရေး ရည်ရွယ်၍ ဖျာပုံမြို့နေ ဆရာဦးလှကြည် (ဓာတုဗေဒသင်တန်း)နှင့် ညီ ဦးလှဝင်း မောင်နှမတစ်စုတို့က ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ် သိန်း ၁၀၀ မတည်ထူထောင်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဆရာဦးလှကြည် (ဓာတုဗေဒသင်တန်း)က ပညာရေးရန်ပုံငွေ ငွေကျပ် သိန်း ၁၀၀ မတည်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုက်သစ်ကျောင်းဆရာတော်နှင့် ပခန်းကျောင်းဆရာတော်တို့က ဩဝါဒမိန့်ကြားကာ ဖျာပုံမြို့နေ ဦးအောင်ခိုင်ဝင်း(ခ) ဦးရာဂျူး မိသားစုက ငွေကျပ် သိန်း ၁၀၀ နှင့် အတူ ဧည့်သည်တော်များက ဝိုင်းဝန်းလှူဒါန်းကြသဖြင့် ရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၂၄၉ သိန်း ငါးသောင်းကို လှူဒါန်းကြကြောင်း သိရသည်။ **(ဝဲပုံ)**

ပညာရေးရန်ပုံငွေများကို ဖျာပုံစာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တက်ရောက်ကြမည့် ငွေကြေးအခက်အခဲရှိသည့် ဖျာပုံမြို့နေ ကျောင်းသား ကျောင်းသူများကို တက္ကသိုလ်ပညာသင်ယူပြီး မြောက်သည်အထိ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် ဆက်သွယ်လိုပါက ဆရာဦးလှကြည် ဖုန်း- ၀၄၅-၄၀၁၇၁၊ ဦးလှဝင်း ဖုန်း-၀၉-၂၅၀၂၄၀၉၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ကျိုင်းတုံ သံသရာအေးဘုန်းတော်ကြီးကျောင်း၌ နဝမအကြိမ် သံဃာ့မဟာပဝါရဏာပွဲနှင့် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူ

ကျိုင်းတုံ အောက်တိုဘာ ၂၁

နဝမအကြိမ်မြောက် သံဃာ့မဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်နေ့၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု အားခေကျေးရွာအနီးရှိ သံသရာအေး ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပရာ ဒေသတစ်ဝိုက်ရှိ သံဃာ့မဟာပဝါရဏာ ပြုတော်မူခဲ့ကြပြီး သံသရာအေး ဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလ္လက ဩဝါဒဟောကြားချီးမြှင့်သည်။

ထို့နောက် သံဃာတော်များနှင့် သီလရှင်များကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး၊ ဇနီး ဒေါက်တာသီတာဇင်နှင့် တပ်မတော်အရာရှိမိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊ လူမှုရေး အသင်းအဖွဲ့အစည်းများ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ စေတနာရှင် ပြည်သူများက ဆွမ်းဆန်၊ ဆီ၊ ဆား၊ နဝကမ္မအလှူဝတ္ထုနှင့် လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို စုပေါင်းလောင်းလှူခဲ့ကြပြီး ကောင်းမှုကုသိုလ်များကို ရယူပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

နိုင်နိုင်အောင်ဝေ

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၅၀၀၀-၆၄၄၇၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၄၇၀၀-၆၄၄၄၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၇-၉၈၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၁၀-၁၃၂၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၁-၃၁.၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၀၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၂၀ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၁၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၇၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၂၅၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၈၂၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၀၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၀၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၇၅၀-၁၀၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၆၀-၁၂၀၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၈၀-၅၄၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၀၅၀-၂၁၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၄၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စုဆောင်းတင်ပြသည်။

မူဆယ်တွင် အလှူငွေနှင့် ကျောင်းသုံးစာအုပ်များလှူဒါန်း

မူဆယ် အောက်တိုဘာ ၂၁

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့ ဟိုဆောင်ရွာ ဘုန်းတော်ကြီးကျောင်းတွင် အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က လှူဒါန်းသည့် ကျောင်းဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၄၀ နှင့် ဝေယျာဝစ္စအတွက် ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၅၀ လှူဒါန်းသွားခဲ့ကြကြောင်း သိရသည်။

"ဟိုဆောင်ရွာဟာ စီမံကိန်း ဧရိယာနဲ့ အနီးဆုံးဖြစ်ပြီး စီမံကိန်းကြီးပါ ခေတ်မီ အဆောက်အအုံများ ရွာဖွံ့ဖြိုးတိုးတက်ရန် လမ်းများတိုးချဲ့ပြုပြင်လှူဒါန်းသွားမှာဖြစ်သလို ယခုအလှူများသည်လည်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ရန် ရည်ရွယ်တဲ့ စေတနာသဒ္ဓါတရား ဖြစ်ပါတယ်" ဟု စီမံကိန်း ဒါရိုက်တာ ဦးငွေစိုးက ပြောသလို ကမ္ဘာလှည့်ကမ္ဘာ့ဌာနာစရိယ ဦးအရိယဝံသက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတမ်းရှင်သန်တိုးတက်နေမည့် လုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းသည် အကောင်းဆုံး ဖြစ်မည့်အကြောင်း ထည့်သွင်းမိန့်ကြားသွားသည်။

သိန်းဇော်(ရွှေလီဦး)

" မွေးနေ့မင်္ဂလာဆုတောင်းလွှာ"

၂၀၁၃ခုနှစ်၊ အောက်တိုဘာ(၂၁)ရက်နေ့တွင်ကျရောက်သော ချစ်သားလေးဘုန်းမိုးဟန်(ခ)ပေါင်ပေါင်း၏(၃)နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ်မှသည်နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ကြည်နူးဖွယ်မွေးနေ့ပေါင်းများစွာကို ပါပါးဦးမိုးထွေး(Farmer Phoyarzar Co.,Ltd)+မာမားဒေါ်အေးအေးဟန်(Zin Htet Trading Co.,Ltd) တို့နှင့်အတူရယူပိုင်ဆိုင်နိုင်ပါစေ ....

ရုံးချုပ်မှမန်နေဂျာနှင့်ဝန်ထမ်းများ
Farmer Phoyarzar Co.,Ltd

" မွေးနေ့မင်္ဂလာဆုတောင်းလွှာ"

ဖေဖေဦးမိုးထွေး (Farmer Phoyarzar Co.,Ltd) + မေမေဒေါ်အေးအေးဟန် (Zin Htet Trading Co.,Ltd) တို့၏တစ်ဦးတည်းသောသားလေးမောင်ဘုန်းမိုးဟန်(ခ) ပေါင်ပေါင်း၏ ၂၀၁၃ ခုနှစ်အောက်တိုဘာလ(၂၁)ရက် နေ့မှာကျရောက်သော(၃)နှစ်ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်း(၁၂၀)တိုင်ကျန်းမာသန်စွမ်းထူးချွန်ထက်မြက်အများအကျိုးသယ်ပိုးဆောင်ရွက်နိုင်သောသားကောင်းရတနာလူ့ရည်မွန်လေးဖြစ်ပါစေကြောင်းဆုမွန်ကောင်း တောင်းအပ်ပါသည်။

Zin Htet Trading Co.,Ltd
(ဝန်ထမ်းမိသားစုများ)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရက်ပေါင်း ၄၉ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ မွေအားကစားပြိုင်ပွဲစည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီ အထူးအစည်းအဝေးကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပရာ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ကျင်းပမည်ဖြစ်ပြီး အဆိုပါ အားကစားနည်းများတွင် မွေအားကစားပြိုင်ပွဲကို ထည့်သွင်းကျင်းပမည် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မွေအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ မွေအဖွဲ့ချုပ်တို့အနေဖြင့် တာဝန်ယူလက်ခံကျင်းပမည့်သူတို့က မူကွဲပြားနေပါသဖြင့် မြန်မာနိုင်ငံအနေနှင့် မွေအားကစားနည်းကို အောင်မြင်စွာထည့်သွင်းကျင်းပနိုင်ရေးအတွက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးကော်မတီ (MYA SOC)နှင့် အားကစားဝန်ကြီးဌာနမှ လက်ခံ၍ ဒုတိယအကြိမ် ပူးပေါင်းညှိနှိုင်းသည့် အစည်းအဝေးဖြစ်ပြီး အဆိုပါအစည်းအဝေးတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က တက်ရောက်လာသော အာရှ အရှေ့တောင်အာရှ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအနေဖြင့် လာမည့်ဆီးဂိမ်းတွင် မွေအားကစားနည်း အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆွေးနွေး၍ အကြံပြုပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

အလုပ်အမှုဆောင် ကော်မတီ အထူးအစည်းအဝေးသို့ အရှေ့တီမောနိုင်ငံမှအပ အာရှအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ Maj. GEN CHAROUCK (ထိုင်း)နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘရူနိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်အမှုဆောင် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံအနေနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မွေအားကစားနည်းကို အရှေ့တောင်အာရှ မွေအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မွေအားကစားနည်းကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

၂၀၁၃ ခုနှစ် တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ် တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများကို အောက်တိုဘာ ၂၀ ရက်မှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ပြိုင်ပွဲခန်းမ၌ ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာစစ်တုရင် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အမျိုးသမီး တံခွန်စိုက်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာစစ်တုရင် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲများပါဝင်ပြီး အောက်တိုဘာ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါး စသည့် ကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

ဆီးဂိမ်းအကြို ဖူဆယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်စဉ်က မြန်မာအမျိုးသမီးဖူဆယ်အသင်း။

ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိရေး မြန်မာအမျိုးသမီးဖူဆယ်အသင်း ပြင်ဆင်နေ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

နေပြည်တော် အောက်တိုဘာ ၂၁

အာဆီယံအဆင့်တွင် ဖူဆယ်အားကစားနည်း၌ ထိုင်းက ထိပ်တန်းအဆင့်ရှိသည်။ ထိုင်းအသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲများကိုပင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အနေအထားမျိုး ရှိနေပြီဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲတွင် ထိုင်းအသင်းနှင့်အတူ ဗီယက်နမ်အသင်းမှာလည်း ထိပ်တန်းအဆင့်တွင်ရှိသည်။ ယင်းအတွက်ကြောင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဖူဆယ်အသင်းများအနေဖြင့် ရွှေတံဆိပ်ရရှိရေးထက် ဆုတံဆိပ်ရရှိရေးကိုသာ အဓိကထားပြင်ဆင်ရမည် ဖြစ်သည်။

လက်ရွေးစင် ဘောလုံးသမားအများစုဖြင့် ဖွဲ့စည်းထားသည့် မြန်မာအမျိုးသမီးဖူဆယ်အသင်းမှာ ဂျပန်နည်းပြ ကိုနီရှီလက်ထက်တွင် တိုးတက်မှုများစွာရှိလာခဲ့သည်။ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့သော ဆီးဂိမ်းအကြို ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းမှာ တတိယဆုရရှိခဲ့သည်။ ယင်းပြိုင်ပွဲမှာ ဆီးဂိမ်းမတိုင်မီ ပထမဆုံးယှဉ်ပြိုင်ကစားသည့် နိုင်ငံတကာပြိုင်ပွဲလည်း ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် မြန်မာအမျိုးသမီးဖူဆယ်အသင်းမှာ အောက်တိုဘာ ၇ ရက်မှ ၁၇ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအသင်းမှာ ဂျပန်အမျိုးသမီး ဖူဆယ်လိဂ်ညွန့်ပေါင်းအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့ပြီး ဂျပန်အမျိုးသမီး ဖူဆယ်လိဂ်ချန်ပီယံ ယူရားဟာဆုအသင်းကို ငါးဂိုး-ဂိုးမရှိ၊ ဒုတိယဆုရ ကာပူရင်ဂါအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ တတိယဆုရ အန်းနက်အသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီး ဖူဆယ်အသင်း ဂျပန်ခရီးစဉ်အပြီးတွင် ဆီးဂိမ်းအတွက် အောက်တိုဘာ ၂၈ ရက်မှစ၍ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်မည် ဖြစ်သည်။

ဆုယမင်း၏ ‘စိတ်ကူးလေး’ ဒီဗွီဒီကူးယူရာတွင် လွဲချော်မှုများအတွက် DVD Song အသံကူးယူရေးမှ ပြန်လည်တောင်းပန်ခြင်း

၂၀-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) Happy World(1) promotion ပွဲတွင် ရောင်းချခဲ့သော ခွေအချို့နှင့် ထင်းရှူးရိပ်တေးသံသွင်းမှ ရောင်းချခဲ့သော တေးသံရှင် ဆုယမင်း၏ ‘စိတ်ကူးလေး’တေးစီးရီးအချို့သောအခွေများတွင် DVD အတွင်း အရုပ်များ ကူးယူရေးစနစ် ချွတ်ယွင်းမှုကြောင့် မတော်တဆလွဲချော်သွားခဲ့ရပါသည်။

ထို့အတွက်ကြောင့် တေးစီးရီးပိုင်ရှင် ဒေါ်ဆန်းရင် (SY) တေးထုတ်လုပ်ရေးနှင့် တေးစီးရီးကို ဝယ်ယူအားပေးခဲ့ကြပါသော ထိခိုက်နစ်နာသူ တေးချစ်ပရိသတ်များမှ DVD Song အသံကူးယူရေးအား ခွင့်လွှတ်ပေးပါရန် အနူးအညွတ် လေးလေးနက်နက် တောင်းပန်အပ်ပါသည်။

DVD အရုပ် မှားယွင်းနေသော ဝယ်ယူအားပေးထားသူအချို့အား ရွှေဘုံသာလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ထင်းရှူးရိပ်တေးသံသွင်းဆိုင်တွင် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ အထက်ဖော်ပြပါတေးစီးရီးအား ပြန်လည်လဲလှယ်ထုတ်ယူနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လေးစားစွာဖြင့် DVD Song အသံကူးယူရေး

ဆက်သွယ်ရန်-ထင်းရှူးရိပ်တေးသံသွင်း ဖုန်း-၀၁-၃၇၇၉၀၉

စာအုပ်စာပေ လူ့မိတ်ဆွေ



ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၅၀၇၊ မြေကွက်တည်နေရာ အမှတ် ၅၀၇၊ ဦးဝိစာရလမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း) ဦးမြင့်ဌေ AD-၀၃၅၉၆၁ အမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးမြင့်ဌေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၆၂၁/၁၃ (၂၅-၇-၁၃)ဖြင့် ဒေါ်စိန်မြင့် ၁၂/ရကန(နိုင်)၀၃၅၅၄၂က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း၊ ကျမ်းကျိန်လွှာနှင့် ၂၀၀စခုနှစ် အရောင်းအဝယ် မြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ GP ရသူ ဒေါ်စိန်မြင့် ၁၂/ရကန(နိုင်)၀၃၅၅၄၂က အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

တရားမဝင်ကြောင်းကြေညာခြင်း

Precious Stone Group Co.,Ltd. မှ ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာခဲ့သော ကုမ္ပဏီ၏ Letter Head စာရွက် ၁၉ရွက်တွင် မန်နေဂျင်းဒါရိုက်တာလက်မှတ်ရေးထိုးပေးထားသည့် ၄င်းစာရွက်များသည် ထိုနေ့မှစ၍ တရားမဝင်ကြောင်းနှင့် ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန်နေဂျင်းဒါရိုက်တာ
Precious Stone Co., Ltd.

နိုင်ငံတကာအားကစားသတင်း

ချန်ပီယံလိဂ်ပွဲစဉ်နှင့် ဘောလုံးပွဲရလဒ်များ (သီဟ)

အုပ်စုပွဲစဉ်-၃ — အောက်တိုဘာ ၂၃

စတူအာဘူခါရက်စ်	-	**ဘေဆယ်လ်**	နံနက် ၁း၁၅
ရှော်လ်ကေး	-	**ချယ်လ်ဆီး**	နံနက် ၁း၁၅
အာဆင်နယ်	-	ဒေါ့မွန်	နံနက် ၁း၁၅
မာဆေး	-	**နာပိုလီ**	နံနက် ၁း၁၅
ဩစတြီးယားဝီအန်	-	**အက်သလက်တီကို**	နံနက် ၁း၁၅
ပေါ်တို	-	ဇင်းနစ်	နံနက် ၁း၁၅
ဆဲလ်တစ်	-	**အိုင်းယက်စ်**	နံနက် ၁း၁၅
အေစီမီလန်	-	**ဘာစီလိုနာ**	နံနက် ၁း၁၅

ပေါ်တို Vs ဇင်းနစ်

ပေါ်တိုနှစ်ပွဲကစားပြီး ရမှတ်သုံးမှတ်နဲ့ အဆင့်နှစ် နေရာမှာရှိပြီး ဇင်းနစ်ကတော့ တစ်မှတ်သာရပြီး အုပ်စု-G ဇယားရဲ့ အောက်ဆုံးအဆင့်မှာ ရှိနေပါတယ်။ ပေါ်တိုအသင်း အိမ်ရှင်အားသာချက်နဲ့ အမှတ်ပြည့်ရအောင် ယူထားမှာပါ။

စတူအာဘူခါရက် Vs ဘေဆယ်

အုပ်စု-E မှာ စတူအာဘူခါရက်အသင်း နှစ်ပွဲကစားပြီး တစ်မှတ်မှ မရသေးပါဘူး ဘေဆယ်ကတော့ သုံးမှတ်ရပြီး အဆင့်သုံးနေရာမှာ ချယ်လ်ဆီးနဲ့ အမှတ်တူနေပါတယ်။ အဝေးကွင်းဖြစ်သော်လည်း အရှုံးခံလို့မဖြစ်တဲ့ ဘေဆယ်ဟာ အနည်းဆုံးတစ်မှတ်တော့ အရယူပြီး သုံးမှတ်အပြည့်ရအောင်တော့ ရုန်းကန်မှာပါ။

အောက်တိုဘာ ၂၀/၂၁ ဘောလုံးပွဲရလဒ်များ

အတ္တလန္တာ	၂-၁	လာဇီယို
ဖီအိုရင်တီးနား	၄-၂	ဂျူဗင်တပ်စ်
ဂျီနိုအာ	၂-၁	ချီယေဗို
ဗီရိုနာ	၃-၂	ပါးမား
လီဗော်နို	၁-၂	ဆမ်ဒိုးရီးယား
ဆက်ဆူအိုလို	၂-၁	ဘိုလော့ဂ်နာ
တိုရီနို	၃-၃	အင်တာမီလန်
အက်စ်တွန်ဗီလာ	၀-၂	စပါး
ဂရန်နာဒါ	၀-၂	ဂီတာဖေး
အဲလ်မာရီးယား	၀-၁	ဗယ်လက်ကာနို
ဘက်တစ်	၁-၂	အဲလ်ချီ
ဗယ်လာဒိုလစ်	၂-၂	ဆီဗီလာ
ဟမ်းဘတ်	၃-၃	စတုဂတ်
အော့စ်ဘတ်	၁-၂	ဝုဖ်ဘတ်
ဆိုးချော့စ်	၂-၂	မိုနာကို
စိန့်အက်တီယန်	၃-၂	လိုရီယန့်
လိုင်ယွန်	၁-၁	ဘော်ဒိုး

ဘာနေဗျူးကွင်းမှာ ခက်ခဲဦးမယ့် ဂျူဗင်တပ်စ်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)ကို အောက်တိုဘာ ၂၄ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူနဲ့ဆိုစီဒက်၊ ရီးရဲမက်ဒရစ်နဲ့ ဂျူဗင်တပ်စ်၊ ဘိုင်ယန်မြူးနစ်နဲ့ ပလာဇန်တို့ပွဲတွေက ပရိသတ်ရင်ကို ကိုင်လှုပ်နိုင်စွမ်းရှိတဲ့ ခံစားမှုတွေပေးဦးမှာဖြစ်ပါတယ်။

မန်ယူနှင့် ဆိုစီဒက်

စပိန်ကလပ်ဆိုစီဒက်ဟာ မန်ယူကွင်းမှာ မျှော်လင့်ချက်မြင့်မြင့် ထားလို့မရနိုင်ဘူး။ ဆိုစီဒက်ဟာ ပြီးခဲ့တဲ့ အုပ်စုပွဲစဉ်နှစ်ပွဲစလုံး ရှုံးပွဲကြုံထားပြီး တစ်မှတ်မှ မရသေးပါဘူး။ မန်ယူတို့ကတော့ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ လေးမှတ်ရထားပြီး ခြေစွမ်းပိုင်းကလည်း ဒီပွဲမှာပြိုင်ဘက်ကို ချေမှုန်းနိုင်စွမ်းရှိပါတယ်၊ အုပ်စုထိပ်ဆုံးက ရှက်တာဒိုးနက်ကို ကျော်တက်ဖို့ အိုးထရက်ဖို့မှာ မန်ယူတို့ ခြေကုန်ထုတ်မှာ သေချာပါတယ်။ မန်ယူတို့ ဒီပွဲမှာ နိုင်ပွဲနဲ့လွဲချော်စရာ မရှိပါဘူး။

ရီးရဲမက်ဒရစ်နှင့် ဂျူဗင်တပ်စ်

ဘာနေဗျူးကွင်းမှာ ဂျူဗင်တပ်စ် ပရိသတ်တွေ ရင်မောရမယ့် ပွဲပါပဲ။ ဒီနှစ်မှာ ခြေစွမ်းပိုင်း အတက်အကျဖြစ်နေတဲ့ ဂျူဗင်တပ်စ်ဟာ အဝေးကွင်းမှာ အမှတ်ရဖို့ ရုန်းကန်ရပါလိမ့်မယ်။ ဒါပေမယ့် ရီးရဲမက်ဒရစ်နဲ့ဆုံတိုင်း ဂျူဗင်တပ်စ်တို့က နိုင်ပွဲတွေရတာ များတာမို့ ရီးရဲမက်ဒရစ်ဟာ သမိုင်းကြောင်း ရှုံးကြွေးတွေကို ပြန်ဆပ်နိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ဟာ ဒီပွဲမှာ အဓိက ကစားသမားတွေထုတ်သုံးပြီး နိုင်ပွဲကို ယုံကြည်မှုအပြည့်အဝနဲ့ဖော်ဆောင်ပါလိမ့်မယ်။

ဘိုင်ယန်မြူးနစ်နှင့် ပလဇန်

ဘိုင်ယန်မြူးနစ်အတွက် အမှတ်ပြည့်ရဦးမယ့် ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ ခြေစွမ်းပိုင်းက ကွာခြားနေပြီး ဘိုင်ယန်မြူးနစ်တို့က အကောင်းဆုံးပုံစံ ရရှိနေပါတယ်။ ပါလ်ဇန်ဟာ ဒီပွဲမှာလည်း တစ်မှတ်ရဖို့တောင် အခက်အခဲဖြစ်နေတာမို့ ဂိုးပြတ်သွင်းမခံရရေးကိုလည်း ဦးတည်ပြီး ကစားရမှာဖြစ်ပါတယ်။

လေဗာကူဆင်နှင့် ရှက်တာဒိုးနက်

အုပ်စုထိပ်ဆုံးမှာရှိနေတဲ့ ရှက်တာဒိုးနက်ဟာ ဒုတိယနေရာမှ မန်ယူနဲ့အမှတ်တူဖြစ်နေတာမို့ ဖိအားများနေတာတော့ အမှန်ပါပဲ။ ဒါပေမယ့် အိမ်ရှင်လေဗာကူဆင်ဟာ နှစ်ပွဲကစားပြီး သုံးမှတ်အပြည့် သိမ်းပိုက်ဦးမှာဖြစ်ပါတယ်။ လေဗာကူဆင်ဟာ အခုအချိန်မှာ ပါးပါးနပ်နပ် ကစားရင်တော့ ဒီပွဲမှာအနိုင်ဆိုတာ သူတို့လက်ထဲမှာပဲဖြစ်ပါတယ်။

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေအပြီးမှာတော့ ဘယ်အသင်းတွေ နောက်ဆုံးအဆင့် တက်ရောက်နိုင်မလဲဆိုတာ ရင်ခုန်မြင်တွေ့ကြရတော့မှာပဲ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

တောင်းဆန့်စပါးတွင် ဆက်လက်ခြေစွမ်းပြကစား

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၈) လက်ကျန်ပွဲအဖြစ် စပါးနှင့်အက်စ်တွန်ဗီလာအသင်းတို့ အောက်တိုဘာ ၂၀ ရက်ညက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမပိုင်းတွင် စပါးက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားခဲ့သည်။

ပြီးခဲ့သောပွဲစဉ်က ဝက်စ်ဟမ်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ထားသော စပါးက ပွဲစသည်နှင့် အက်စ်တွန်ဗီလာနောက်တန်းကို တရစပ်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့သည်။ အိမ်ရှင်အက်စ်တွန်ဗီလာတို့ စပါး၏တိုက်စစ်ကို ပိတ်ဆို့ရန် အပိုင်ကြိုးစားသော်လည်း ပထမပိုင်း ၃၁ မိနစ်တွင် အန်းဒရို့တောင်းဆန့်က စပါးအတွက် အဖွင့်ဂိုးသွင်းယူလိုက်သည်။

တိုက်စစ်မှူး တောင်းဆန့်သည် ယနေ့ပွဲတွင်လည်း ခြေပေါ်အောင်ကစားနိုင်ခဲ့ပြီး ပထမပိုင်း ၃၁ မိနစ်မှာပင် စပါးအသင်း၏လိုအပ်နေသော အဖွင့်ဂိုးကို သွင်းယူပေးလိုက်နိုင်သည်။ ပွဲချိန် ၆၉ မိနစ်တွင် ဆိုဒါဒိုက ဒုတိယဂိုးသွင်းယူခဲ့၍ စပါးက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ဂျူဗင်တပ်စ်တို့ ရှုံးပွဲကြုံ

အီတလီစီးရီးအေပြိုင်ပွဲများကို အောက်တိုဘာ ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စီးရီးအေချန်ပီယံ ဂျူဗင်တပ်စ်သည် ဖီအိုရင်တီးနားမှ ရော့စီ၏ဟက်ထရစ်ဂိုးကြောင့် ရှုံးပွဲကြုံခဲ့ရသည်။ နှစ်ဂိုးပြတ်ဖြင့် ဂျူဗင်တပ်စ်တို့ ဦးဆောင်ကစားနေရာမှ ဒုတိယပိုင်းတွင် ရော့စီကယူဟက်ထရစ်ဂိုး သွင်းယူခဲ့သဖြင့် ဂျူဗင်တပ်စ်တို့ လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဖီအိုရင်တီးနားအတွက် စတုတ္ထဂိုးကို ရိုဒရီကွက်က ၇၈ မိနစ်တွင် သွင်းယူပေးသည်။

ကောင်းမြတ်သူ-စုစည်းသည်

အဘိဓမ္မာတတ်မှ ဘဝပညာတတ်မည် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ်(I.I.A.)က

အခြားမည်သည့်နေရာတွင်မှ မသင်ယူနိုင်သော မူလအသုံးချ အဘိဓမ္မာ၊ ပုဂ္ဂလ ပညတ်စသည် ဘာသာရပ်များကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ၂-၁၁-၂၀၁၃ရက် (စနေနေ့) နံနက် ၈နာရီမှစ၍ သင်ကြားပို့ချမည်ဖြစ်ပါသည်။

- Superior Diploma Course in Abhidhamma Level II & III English Domestic and Distance,မြန်မာဘာသာဖြင့် ပုံမှန်သင်တန်းနှင့်အဝေးသင် သင်တန်း)

(တနင်္လာ၊ အင်္ဂါရုံးပိတ်ရက်မှအပ ကျန်နေ့များတွင် ရုံးချိန်အတွင်း သင်တန်းသားများ လက်ခံနေပါသည်။)

သင်တန်းတည်နေရာ -အပြည်ပြည်ဆိုင်ရာအဘိဓမ္မတက္ကသိုလ်(I.I.A.)၊
ကမ္ဘာအေးဘုရားဝင်းအတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၆၅၅၇၅၆၊ ၆၅၁၇၆၉

တရုတ်ပြည်ရောက် မြန်မာ့စီးပွားရေးအုပ်စု

ဥုမြန်မာစီးပွားရေးအုပ်စု(Business group)တရုတ်နိုင်ငံ ယူနန်ပြည်နယ်(The Hump)ခရီးသွားကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ စီးပွားရေး၊ ပညာရေး၊ ခရီးသွားလာရေး၊ ဆေးကုသရေး၊ အိမ်ခြံမြေဈေးကွက်လေ့လာရေးတို့အတွက် လာရောက်လိုပါက ဗီဇာသက်တမ်းတိုးပေးခြင်း၊ လေယာဉ်လက်မှတ်စီစဉ်ပေးခြင်း စသည့် အသေးစိတ်အချက်အလက်များကို ဒေသတာဝန်ခံထံတွင် စုံစမ်းနိုင်ပါသည်။

ကူမင်းဒေသတာဝန်ခံ မိုးဇော်
ဖုန်း-၀၈၇၁-၆၃၆၄၆၂၂၉၊ ၁၈၆၁၁၁၇၀၃၅၀

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ မြရည်ပုလဲလမ်းနေ ဦးမောင်ရွှေ-ဒေါ်တင်ဝင်း(မဝင်းကုန်မာဆိုင်)၏သား မောင်ခင်မောင်ဝင်း ၆/ကသန(နိုင်)၀၄၀၉၆၈သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ ၁၆-၁၀-၂၀၁၃ရက်တွင် မိမိသဘောဆန္ဒအတိုင်း နေအိမ်မှထွက်သွားပါသဖြင့် ၄င်းရက်မှစတင်၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်၄င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါ။

ဦးမောင်ရွှေ ၆/ကသန(နိုင်)၀၂၉၅၅၀
ဒေါ်တင်ဝင်း ၆/ကသန(နိုင်)၀၀၇၈၀၁



စာအုပ်စာပေ လှူမိတ်ဆွေ

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်
အငယ်တန်းစာရေးရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက်
လူတွေ့/နှုတ်ဖြေစာမေးပွဲ ဖြေဆိုထားသူများ၏
အောင်စာရင်းထုတ်ပြန်ခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း-၆၇၀၀၀-၁၀၀၀-၇၂၀၀၀) ရာထူးနေရာများတွင် ခန့်ရန်အတွက် ၂၀၁၃ ခုနှစ် ဇွန် ၂၂၊ ၂၃၊ ၂၅၊ ၂၆၊ ၂၉၊ ၃၀ ရက်တို့တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစာစစ်ဌာနတို့၌ ကျင်းပခဲ့သော လူတွေ့/နှုတ်ဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းကို မိမိတို့ဖြေဆိုခဲ့သည့် စာစစ်ဌာနများရှိရာ အောက်ပါနေရာများနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်များရှိ လူမှုဖူလုံရေးရုံးခွဲများတွင် ၂၂-၁၀-၂၀၁၃ ရက်မှစ၍ ထုတ်ပြန်ကြေညာပေးထားမည် ဖြစ်ပါသည်-

(က) **နေပြည်တော်စာစစ်ဌာနမှအောင်မြင်သူများ** - ရုံးအမှတ် ၅၁၊ လူမှုဖူလုံရေးအဖွဲ့၊ ရုံးချုပ်၊ နေပြည်တော်

(ခ) **ရန်ကုန်စာစစ်ဌာနမှအောင်မြင်သူများ** - လူမှုဖူလုံရေးအဖွဲ့ (တိုင်းဒေသကြီးရုံး) အမှတ်-၃၂၄/၃၂၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

(ဂ) **မန္တလေးစာစစ်ဌာနမှအောင်မြင်သူများ** - လူမှုဖူလုံရေးအဖွဲ့ (တိုင်းဒေသကြီးရုံး) အမှတ် ၂၂၊ ကမ်းနားလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်အနောက်ရပ်ကွက်၊ မန္တလေးမြို့

၂။ စာမေးပွဲအောင်မြင်သူများအနေဖြင့် ရုံးချုပ်သို့သတင်းပို့ရမည့်အခြေအနေနှင့် အစီအစဉ်အသေးစိတ်အား အောင်စာရင်းထုတ်ပြန်ရာရုံးများတွင် စုံစမ်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ ရုံးအမှတ် ၅၁၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၀၁၊ ၀၆၇-၄၃၀၃၇၁သို့ဖြစ်စေ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်များရှိ လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊
လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်

တေဇ(၈)ညီအစ်ကိုများ၏ (၃၅)နှစ်ပြည့်အထိမ်းအမှတ်ဖိတ်ကြားခြင်း

တေဇ(၈)ညီအစ်ကိုများ၏ (၃၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် မိတ်ဆုံစားပွဲများအား နေပြည်တော်နှင့် ရန်ကုန်မြို့တွင် အောက်ပါအတိုင်းပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းသူငယ်ချင်း မင်္ဂလာမောင်နှံများနှင့် သားသမီးများ၊ ကျဆုံး/ကွယ်လွန် ရောင်းရင်းများ၏ ကျန်ရစ်သူဇနီးနှင့် သားသမီးများ အားလုံးအား တက်ရောက်ချီးမြှင့်အားပေးကြပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

နေပြည်တော်(ညစာစားပွဲ)
၂၅-၁၀-၂၀၁၃ ရက်၊ ၁၈း၃၀ နာရီ (Golden Lake Hotel)၊ လယ်ဝေးအဝိုင်းအနီး
ရန်ကုန်(ဆွမ်းဆက်ကပ်ခြင်း)
၂၇-၁၀-၂၀၁၃ ရက်၊ ၀၉း၀၀ နာရီ (၈မိုင်၊ ပေါက်စေတီဘုန်းကြီးကျောင်း)
ရန်ကုန်(ညစာစားပွဲ)
၂၇-၁၀-၂၀၁၃ ရက်၊ ၁၈း၃၀ နာရီ (၈မိုင်၊ ကုန်းမြင့်သာစားတော်ဆက်)

တေဇ(၈)ရောင်းရင်းများ(ရန်ကုန်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ **နေဇွန်ကြယ်တစ်ပွင့်ကုမ္ပဏီလီမိတက်**၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ၁၄၃၅/၁၁-၁၂နှင့် ထသကကတ် ၂၆၂၁၇ တို့သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၂-၇၆၂၁၆၊၀၂-၆၆၂၁၆

အလိုရှိသည်

တရုတ်/ယိုးဒယား အစားအသောက် ချက်ပြုတ်ကျွမ်းကျင် အမျိုးသမီးတစ်ဦး အလိုရှိသည်။

ဆက်သွယ်ရန်-
ဖုန်း-၀၉-၄၃၀၄၀၅၂၉၊
၀၉-၇၃၀၃၇၉၈၃

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ ၂ နေ ဒေါ်အေးဖြစ် ၁၃/သပန(နိုင်)၀၄၆၅၇၅၏ သား မောင်ကျော်စွာထူး(ခ)ဖိုးကုလား ၁၃/သပန(နိုင်)၀၆၈၅၉၁သည် မိဘကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဖြင့်ဆင်းသွားပါသောကြောင့် ၃-၈-၂၀၁၃ ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင်-ဒေါ်အေးဖြစ်

ဆီးဖြူ ဖန်ခါး ငုံထားမလား

ဆီးဖြူသီး

အသက်ရှည် အဆင်းလှ အနာရောဂါ ကင်းပစေသော အသီးတစ်မျိုးမှာ ဆီးဖြူသီးဖြစ်ပါသည်။ ဆီးဖြူသီးတွင် ရေဓာတ်များပြီး အဖန်ဓာတ်နှင့် အချဉ်ဓာတ်ပါဝင်ပါသည်။ ဆီးဖြူသီးကို ဆားနှင့်တို့ တမြုံ့မြုံ့စားပြီး ရေတစ်ခွက်သောက်လိုက်လျှင် ပူပြင်းသော နွေရာသီနေ့လယ်မှာပင် တစ်ခဏအတွင်း အမောပြေ လန်းဆန်းစေပါသည်။ ရှေးယခင်က သျှိသျှားသီးဟူ၍ခေါ်ပြီး ယခုအခါ ဒေသအလိုက် သျှားဖြူသီး၊ ဆီးဖြူသီးဟုခေါ်ပြီး ဆီးဖြူသီးကို ရသာယန သက်ရှည်သီးဟူ၍လည်း ခေါ်ဆိုကြောင်း သိရသည်။

ဆီးဖြူသီးတွင် ဗီတာမင်စီ၊ ကယ်လစီယမ်၊ သံဓာတ်၊ ဖော့စ်ဖရပ်၊ ကယ်ရိုတင်းဓာတ်၊ သိုင်ယာမင်၊ ရီဗိုဖလိုဗင်၊ နိုင်ယာစင်တို့ ပါဝင်ခြင်း၊ ဂါလစ်အက်စစ်ကဲ့သို့ ဓာတ်တိုးဆန့်ကျင်သော ဂုဏ်သတ္တိရှိခြင်းတို့ကြောင့် ဆဲလ်များ ပုံမှန်မဟုတ်၍ ယိုယွင်းခြင်း၊ ကင်ဆာဆဲလ်ဖြစ်ပေါ်ခြင်း စသည်တို့ကို ကာကွယ်ပေးပြီး ကိုယ်ခံအားစနစ်ကိုလည်း ကောင်းမွန်စေပါသည်။ ဆီးဖြူသီးကို တိုင်းရင်းဆေးများနှင့် တွဲဖက်၍ ဆေးဖော်ခြင်း၊ အရန်ဟင်းအဖြစ်လည်း စားသုံးနိုင်ပြီး ဆီးဖြူသီးချိုချဉ်၊ ဆီးဖြူသီးဖျော်ရည်စသည်ဖြင့် ပြုလုပ်စားသုံးနိုင်သည်။ ဆီးဖြူသီးကို စားသုံးခြင်းဖြင့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးတို့ အလွယ်တကူ မဝင်ရောက်နိုင်ခြင်း၊ ကိုလက်စထရောကို လျော့ကျစေပြီး နှလုံးကြွက်သားများကို သန်မာစေခြင်း၊ အသည်းကို အထောက်အကူဖြစ်ခြင်းနှင့်အမောခံနိုင်ပြီး အသားအရေကြည်လင်လှပစေပါသည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင် ဆီးဖြူသီးသည် ချဉ်သောကြောင့် လေကိုနိုင်သည်။ ချိုအေးသောကြောင့် သည်းခြေကိုနိုင်သည်။ ဖန်သောကြောင့် သလိပ်ကိုနိုင်သည်ဟု ညွှန်ပြထားပါသည်။ ဆီးဖြူသီးသည် သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးသော သတ္တိရှိပါသည်။ အစာ စားချင်စိတ်ကိုဖြစ်ပေါ်စေပြီး အစာချေဖျက်မှုနှင့် အာဟာရစုပ်ယူနိုင်စွမ်းကို ကောင်းမွန်စေပါသည်။ လေပူထခြင်း၊ အက်စစ်ဓာတ်များခြင်းတို့ကို သက်သာစေခြင်း၊ မှတ်ဉာဏ်ကို ကောင်းစေခြင်း၊ ဆီးအောင့်ခြင်း၊ ဝမ်းသက်ခြင်း၊ မြင်းသရိုက်ရောဂါ၊ ပန်းနာချောင်းဆိုးရောဂါများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ၊ အအေးမိခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ နှလုံးရောဂါ၊ ခေါင်းကိုက်ခြင်း၊ သွေးအားနည်းခြင်း၊ အမျိုးသမီးများ အဖြူဆင်းခြင်း၊ လေနာဗိုက်အောင့်ခြင်း၊ ဝမ်းချုပ်ခြင်း၊ လိပ်ခေါင်းဖြစ်ခြင်း၊ သန်ထခြင်း၊ အဆစ်အမျက်ရောင်ခြင်း စသည်များကို လျော့ပါးသက်သာစေပါသည်။ ပျားရည်နှင့် ရောသောက်ပါက ချောင်းခြောက်ဆိုးခြင်းကိုလည်း ပျောက်ကင်းစေပါသည်။ ဆီးဖြူသီးခြောက်ကို ကြိတ်ပြီး ရေနှင့်ဖျော်၊ ခေါင်းလျှော်ပေးပါက ချေးညှော်၊ ဒက်၊ ဗောက်ပျောက်ပြီး ဆံပင်မဖြူကြောင်း သိရသည်။ လျှာကွဲခြင်း၊ ပါးစပ်ကွဲခြင်း၊ ပေါက်ခြင်းနှင့် သွားဖုံးရေစီးကမ်းပြိုဖြစ်ခြင်းများအတွက် ဆီးဖြူရွက်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ခြင်းဖြင့် ပျောက်ကင်းစေသည်။ အရွက်များကို ကျွမ်းအောင်လှော်၍ မီးလောင်၊ ရေနွေးပူလောင်သော အနာများတွင် ဖြူးပေးခြင်း၊ အုန်းဆီဖြင့် ရော၍ ကလေးများ၌ဖြစ်တတ်သော ကျဗဟုံးနာများကို လိမ်းပေးလျှင် ပျောက်ကင်းကြောင်း သိရသည်။

မြန်မာတို့၏ ထမင်းစားဝိုင်းတွင် နှုတ်မြိန်စရာ ဆွဲဆောင်နိုင်သော နောက်ထပ် အသီးတစ်မျိုးမှာ မြန်မာဘုရင်များ လက်ထက်ကပင် နာမည်ကျော်ကြားလူကြိုက်များခဲ့သော ဖန်ခါးသီးဖြစ်သည်။ တော်ဝင် အစားအစာ တစ်မျိုးပင်ဖြစ်ခဲ့သည်ဟု မှတ်သားရဖူးသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် သဘာဝအလျောက် ဖြစ်ထွန်းပေါက်ရောက်သည်။ ဖန်ခါးသီးသည် ကိုယ်ခံအား ကောင်းစေပြီး ရောဂါမဝင်နိုင်အောင် ကာကွယ်ပေးနိုင်သည့်အပြင် အရသာခြောက်ပါးစလုံး ပါဝင်ကြောင်း သိရသည်။ မြန်မာဆေးကျမ်းများ အလိုအရ ဖန်ခါးသီးသည် ဖန်၏။ ချဉ်၏။ စပ်၏။ ပူ၏။ ဝမ်းမီးကို တောက်စေသည်။ သွေးသားကို စင်ကြယ်စေသည်။ မျက်စိကိုကောင်းစေသည်။ အထူးသဖြင့် ဖန်ခါးသီးသည် အူလမ်းကြောင်းနှင့်စပ်ဆိုင်သော ရောဂါများ၊ အရေပြား ရောဂါ၊ ညောင်းကျ၊ ကြို့ထိုး၊ ဗိုက်အောင့်၊ အစာမကြေ ရောဂါများ ကုသရာတွင် သုံးနိုင်ကြောင်း ဖော်ပြထားပါသည်။

ဖန်ခါးသီး အမှုန့်ကို ပျားရည်၊ ထောပတ်တို့နှင့် ရောစပ်သောက်သုံးပါက အားတိုးပွားစေသည်။ သွားရောဂါနှင့် သွားဖုံးရောင်ခြင်းများအတွက် ပလုတ်ကျင်းရန် ဆေးရည်အဖြစ်သုံးနိုင်သည်။ အနာဆွေး၊ အနာဟောင်းများနှင့်ထိခိုက်ရှနာများကို လွယ်ကူစွာ ပျောက်ကင်းစေသည်။ အမှုန့်ကို အခြောက်ခံပြီး နှမ်းဆီနှင့်ရော၍ လိမ်းပေးပါက အရေပြားပေါ်မှ ယားနာများကို ပျောက်စေသည်။ ဖန်ခါးသီးအခြောက်သည် အစာမကြေရောဂါကို ပျောက်စေသည်။ အသီးသည် ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်းကို ပျောက်စေနိုင်သည်။ လေရောဂါနှင့်လိပ်ခေါင်းရောဂါများကို ကုသရာတွင်သုံးနိုင်ပါသည်။ အခေါက်ကို ဆီးရောဂါအမျိုးမျိုးအတွက် သုံးပါသည်။ ဝက်ခြံတွင် အမြစ်ထွက်စေရန် ဖန်ခါးသီးအစေ့ကို ဆန်ဆေးရည်ဖြင့် သွေးလိမ်းရသည်။ ဖန်ခါးအရွက်ကို မီးယပ်ဆေး၊ ဒူလာဆေး၊ လိပ်ခေါင်းဆေးများ ဖော်စပ်ရာတွင် အသုံးပြုနိုင်သည်။ အခေါက်ကို ပြုတ်သောက်ခြင်းဖြင့် ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများကို ပျောက်ကင်းစေသည့်အပြင် ထိခိုက်ရှနာများအတွက် သွေးတိတ်စေရန် အခေါက်အမှုန့်ကို သိပ်ပေးရသည်။ ထိခိုက်ဒဏ်ရာများပေါ်တွင် အခေါက်ကို ကြိတ်၍ အုံပေးပါက သွေးထွက်လွန်ခြင်းကို ရပ်တန့်စေပါသည်။

ထို့ကြောင့် ဇီးဖြူသီးနှင့် ဖန်ခါးသီးသည် မြန်မာ့ထမင်းဝိုင်းတွင် ထမင်းမြိန်ဖွယ်တို့စရာ အဆင့်သာမက ဆေးဖက်ဝင် အသီးအနှံများလည်း ဖြစ်ကြပေရာ အစာလည်းဆေး ဆေးလည်းအစာ ဆိုသကဲ့သို့ နေ့ရာတကျ သုံးစွဲတတ်ကြခြင်းအားဖြင့် နေ့စဉ် လူနေမှုဘဝတွင် ကျန်းမာလှပ အသက်ရှည်အောင် နေထိုင်နိုင်ရေး အသိပေးဝေလိုက်ပါသည်။

လပြည့်သော်တာ

ဆောင်းပါးနှင့်နယ်သတင်း

ကျောင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပ

ကျုံပျော် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီးကျုံပျော်မြို့နယ် အထောင်မြို့ (အထက)တွင် အောက်တိုဘာ ၁၈ ရက် မွန်းတည့် ၁၂ နာရီက ကျောင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အမှတ်တရ ကျောင်းစာကြည့်တိုက်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ တိုင်းဒေသကြီး သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဦးစိုးမြင့်၊ အငြိမ်းစားမြန်မာစာပါမောက္ခ ဆရာကြီး ဦးတင်ရွှေနှင့် မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စာကြည့်တိုက်အတွက် ငွေကျပ် ၃၀၀၀၀၀ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ဆရာကြီးဦးရောလေ ငွေပဒေသာပင် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး၂၀၁၂-၂၀၁၃ပညာသင်ထောက်ပံ့ကြေးရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကာအလှူရှင်များက ဆရာကြီး ဦးရောလေ ပညာရေးငွေပဒေသာပင်အတွက်အလှူငွေများထည့်ဝင် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ချက်ကြံသီးနှံ တစ်ဧက တန် ၅၀ နှင့် အထက် ထွက်ရှိအောင် စိုက်ပျိုး

ကံမ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ပုထိုးကျေးရွာအုပ်စု မင်းပြင်သစ်ကျေးရွာ ကွင်းအမှတ် ၉၈/၁ ချက်ကြံသီးနှံ GAP စံပြကွက်တွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူး၍ GAP စံပြကွက် ကွင်းပြပွဲ (Field Day) ပြသခြင်းကို အောက်တိုဘာ ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့်တောင်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးကဏ္ဍမှ ဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးမျိုးသီဟက ချက်ကြံသီးနှံ တစ်ဧက တန် ၅၀ နှင့်အထက် ထွက်ရှိရန် ကြံစိုက်နည်းစနစ်သော့ချက် ၁၀ ချက် အတိုင်း လိုက်နာ စိုက်ပျိုးထားရှိမှုကြောင့် အောင်မြင် ဖြစ်ထွန်းနေမှုများကို ရှင်းလင်းတင်ပြပြီး (GAP) စိုက်နည်းစနစ်ကြောင့် ကြံတစ်ချောင်းချင်းစီ၏ အလေးချိန်အရွယ်အစားနှင့် အရည်အသွေးတိုးတက်လာမှုကို ကြံပင် အကြီးဆုံးအချိန်ကာလဖြစ်သော ခုတ်သိမ်းခါနီး အချိန်တွင်အခြားခုတ်သိမ်းမည့်ကြံစိုက်ခင်းများနှင့်နှိုင်းယှဉ်ပြသခဲ့ကြောင်း သိရသည်။ **(စက်မှုသီးနှံ)**

မြင်းခြံ-နေပြည်တော်အဆင့်မြင့်ကား စတင်ပြေးဆွဲ

မြင်းခြံ အောက်တိုဘာ ၂၁

မြင်းခြံ-ပြည်တော်အေး မော်တော်ယာဉ်အသင်းက မြင်းခြံ-နေပြည်တော် အဲကွန်းအဆင့်မြင့်ကားဖြင့် အောက်တိုဘာ ၁၅ ရက်မှစ၍အဆင့်မြှင့် တင်ပြေးဆွဲနေပြီဆိုသည်။ မြင်းခြံ-နေပြည်တော် ရထားမပြေးနိုင်သည်မှ ပြည်တော်အေး၊ မိုးဟိန်း၊ ပေါင်းလောင်းကားအသင်းများက နေပြည်တော်ကို ခရီးစဉ်တိုးချဲ့ပြေးဆွဲနေသည်။ မြင်းခြံခရီးသွားများ နေပြည်တော်ခရီး မခက်စေရန် စီစဉ်ပေးရသည်ဟု မိုးဟိန်းကားအသင်းဥက္ကဋ္ဌကဆိုသည်။ မြင်းခြံဒေသခံများကမူ မြင်းခြံ-နေပြည်တော်ခရီးကို အဆင့်မြင့်စီးနိုင်၍ ဝမ်းသာပါသည်ဟုပြောပြသည်။

ရွှေးမြင့်

ရပ်ကွက်အေးချမ်းသာယာရေးလုပ်ငန်းများဆောင်ရွက်

နောင်ချို အောက်တိုဘာ ၂၁

နောင်ချိုမြို့နယ် မြို့ပေါ်ရပ်ကွက်အေးချမ်းသာယာရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ကြီးကြပ်ကာ မြို့မစခန်းမှူး ဒုတိယရဲမှူး မျိုးတင့်ခိုင်ဦးစီးသည့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့မစခန်းရဲတပ်ဖွဲ့ဝင်များနှင့်မြို့ပေါ်ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်ကာ မြို့ပေါ် ခြောက်ရပ်ကွက်တို့တွင် အောက်တိုဘာ ၁၈ ရက် ညတွင် လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများစသည့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြသည်။

(ဝဇ၁)

စက်မှုဝန်ကြီးဌာန

စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း

အရောင်မချွတ်ရသေးသော ပျော့ဖတ်များအား Open Tender စနစ်ဖြင့် ရောင်းချနိုင်ရန်

ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)မှ ထွက်ရှိသည့် အရောင်မချွတ်ရသေးသော ပျော့ဖတ်များအား Open Tender စနစ်ဖြင့် ရောင်းချလိုပါ၍ စိတ်ပါဝင်စားသည့်သူများအား ၄-၁၁-၂၀၁၃ ရက်နောက်ဆုံးထားပြီး ဆက်သွယ်ရန်ဖိတ်ခေါ်အပ်ပါသည်။ အရောင်မချွတ်ရသေးသည့် ပျော့ဖတ်နှင့်ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၃၊ ၀၆၇-၄၀၈၁၉၃၊ ၀၆၇-၄၀၈၁၄၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန၊ ကွန်ကရစ်ဇလီဖားစက်ရုံ(ရွှေညောင်)တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးမျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လုပ်ငန်းအမည်	အတိုင်းအတာ
၁။ စက်ရုံအဝင်ဂိတ်တဲတစ်လုံးတည်ဆောက်ခြင်း	(၈×၈)ပေ
၂။ Sleeper Stacking Yard တစ်ခုလုံးသဲ ဇလက်မထုခင်းခြင်း	ပေ၄၂၀×၁၁၂ပေ
၃။ စက်ရုံအဝင်ဂိတ်တံခါးနှင့် စက်ရုံဆိုင်းဘုတ်ပြုလုပ်ခြင်း	၃၄ပေ×၇ပေ

၂။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၃-၁၁-၂၀၁၃ ရက်

၃။ **တင်ဒါဖွင့်မည့်ရက်** - ၂၅-၁၁-၂၀၁၃ ရက်

၄။ **တင်ဒါ/တင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** - ကွန်ကရစ်ဇလီဖားစက်ရုံ၊ ရွှေညောင်မြို့၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက စက်ရုံမှူး၊ ကွန်ကရစ်ဇလီဖားစက်ရုံ၊ ရွှေညောင်မြို့ ဖုန်း-၀၈၁-၄၅၀၂၈သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အသိပေးအကြောင်းကြားခြင်း

ရက်စွဲ- ၁၄-၁၀-၂၀၁၃

မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သည် ၂၀၁၂ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့်အညီ ဆောင်ရွက်သွားနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့(သို့မဟုတ်) ဒေသအာဏာပိုင်တို့၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိထားသော ပုဂ္ဂလိကလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

အစည်းအဝေးပြုလုပ်မည့်အစီအစဉ်

(၁) **နေ့ရက်** - ၂၉-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)

(၂) **အချိန်** - ၁၃:၀၀ နာရီ

(၃) **နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ

တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၈၄/ခ၊ မြေကွက်တည်နေရာအမှတ်(၈၄/ခ)၊ တကောင်း (၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးသောင်းထွန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးသောင်းထွန်း ကွယ်လွန်သဖြင့် ဒေါ်အုန်း ၁၂/ဥကတ(နိုင်)၀၁၄၀၂၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) ဆေးဝါးပစ္စည်း - ၆၇ မျိုး

(ခ) မီးသတ်ဆေးဘူး - ၃၈ ဘူး

(ဂ) Solex သော့ - ၆၀ လုံး

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၈-၁၀-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၁၁-၂၀၁၃ ရက်

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၈၁၈ တွင် လာရောက်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ(ကံဘဲ့)၊ မြေကွက်အမှတ်(၂/ဃ / ၃)၊ မြေကွက်တည်နေရာအမှတ်(၅၆/အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးသိန်းဟံ ၁၂/ဥကတ(နိုင်)၀၇၈၂၁၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးသိန်းဟံ ၁၂/ဥကတ(နိုင်)၀၇၈၂၁၃ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ် ၇၉၂၅/(၁၄- ၁၂-၁၁)ဖြင့် ဒေါ်အုံးကြိုင်မှပိုင်ဆိုင်ခဲ့ပြီး ဒေါ်အုံးကြိုင်ထံမှ မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်အမှတ် ၂၁၅၅/(၃၀-၅-၁၂)ဖြင့် ဦးဇော်မင်းမှ ပိုင်ဆိုင်ခဲ့ပြီး ဦးဇော်မင်း(ကွယ်လွန်)သဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၄၉၄/၂၀၁၂၊ (တရားလို ကိုပြည့်ဖြိုးဇော်၊ မခန့်ခန့်စံနှင့် တရားပြိုင် ဒေါက်တာသီတာအောင်)အမှုတွင် တရားလိုတို့သည် အချင်းဖြစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အိမ်တို့သည် တရားလိုများသာလျှင် အမွေဆက်ခံပိုင်ဆိုင်ထိုက်သည့်ပစ္စည်းဖြစ်ကြောင်း မြွက်ဟဒီကရီချမှတ်သည့် ၄-၇-၂၀၁၃ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားရုံးကျမ်းကျိန်လွှာများတင်ပြကာ ကိုပြည့်ဖြိုးဇော် ၁၂/မရက(နိုင်)၀၃၄၆၈၄၊ မခန့်ခန့်စံ ၁၂/မရက(နိုင်)၁၅၂၅၁၆တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဥတ္တရသီရိရပ်ကွက်ဓမ္မာရုံ၌ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်ရှိ ရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံသစ်ရှေ့မျက်နှာစာ၌ သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီက နိဗ္ဗာန်ဈေးပွဲတော်ကို အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ဥတ္တရသီရိရပ်ကွက်အတွင်းရှိ ပြည်ထဲရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေး၊ ပညာရေး၊ ဆောက်လုပ်ရေး၊ ရေး(၅)ရေးမှ ကျင်းပသော နိဗ္ဗာန်ဈေးပွဲတော်တွင် ဆိုင်ခန်း ပေါင်း ၂၀၀ ဖြင့် မြန်မာ့ရိုးရာ အစားအစာမျိုးစုံ၊ လူအသုံးအဆောင်ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများကို နိဗ္ဗာန်ဈေးပွဲတော်ဖြစ်မြောက်ရေးကော်မတီက မဲစနစ်ဖြင့်အခမဲ့ ဖွင့်ဖောက်ပေးပြီး နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းမှ ဒေသခံ ၁၇၀၀၀ ကျော် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်တွင်းရေကြောင်း ဆိပ်ခံဖောတံတားကပ်ခနှုန်းများ မြင့်တက်

ရန်ကုန် အောက်တိုဘာ ၂၁

မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်တွင်းရေကြောင်းဆိပ်ခံဖောတံတားကပ်ခနှုန်းများမြင့်တက်လာပြီးနောက် ပုဂ္ဂလိကပိုင် ရှပ်ပြေးနှစ်ထပ်ရေယာဉ်နှစ်စင်း၊ ရှပ်ပြေးသီးသန့်တစ်စင်း စုစုပေါင်း သုံးစင်း၊ ဘိုကလေး၊ မြင်းကကုန်း ပြည်တွင်းရေကြောင်းဆိပ်ခံဖောတံတားများ ဆိုက်ကပ်ရာတွင် အခက်အခဲများဖြင့် ကြုံတွေ့လာရကြောင်း၊ ယခုအခါ ပုဂ္ဂလိကတံတားများတွင် ဆိုက်ကပ်မှုများရှိလာသဖြင့် နံနက် ၅ နာရီဝန်းကျင် မော်ကျွန်းသို့ ဝင်ရောက်သော်လည်း ယခုရက်ပိုင်းတွင် ၆ နာရီကျော်မှ ဆိုက်ကပ်မှုများရှိလာကြောင်း၊ ပုဂ္ဂလိက ဆိပ်ခံများ၌ ဆိုက်ကပ်ရာတွင် ကုန်းပေါ်သစ်သားပြားများ အသုံးပြု၍ ခရီးသည် အတက်အဆင်းပြုလုပ်နေရကြောင်း၊ ရှပ်ပြေး နှစ်ထပ်ရေယာဉ်များ ကုန်ပစ္စည်းများပါတင်ဆောင်သဖြင့် ယခုရက်ပိုင်း မိုးရွာသွန်းချိန်နှင့်ကြုံလျှင် ပုဂ္ဂလိကဆိပ်ခံတံတားများသည် အမိုးမရှိ၍ ကုန်ချရန် စောင့်ဆိုင်းနေရမှုများနှင့် ကြုံတွေ့နေရသည်ဟု စီးနင်းလိုက်ပါသူ ခရီးသည်များက ဆိုသည်။

မြင်းကကုန်းဆိပ်ခံဖောကပ်ခနှင့် စီးနင်းမည့်ခရီးသည်များထံမှ ရမည့်သဘော်ခကွာဟမှုကြောင့် ရေလယ်တွင် သဘော်ရပ်၍ ခရီးသည်များ စက်လှေများဖြင့် အတက်အဆင်းပြုလုပ်ရလျှင် အန္တရာယ်ရှိလာနိုင်သည်ဟု အဆိုပါဒေသမှခရီးသွားများကဆိုသည်။

ပြည်တွင်းရေကြောင်း သဘော်ခရီးစဉ်များသည် နှစ်ပေါင်းများစွာ ပြည်သူများအပေါ် အကျိုးပြုနေသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးဖြစ်ပြီး စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကို အကြောင်းပြု၍ နှစ်စဉ်ငွေကြေး အရှုံးများစွာရှိသည်ဆိုကာ နှစ်နှစ်ဝန်းကျင်အတွင်း သဘော်ခနှင့် ကုန်တင်ခများ သုံးကြိမ်ပြောင်းလဲခဲ့ကြောင်း၊ ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် ခရီးသည်တစ်ဦးလျှင် သဘော်ခ ငွေကျပ် ၅၀၀ မှ ယခုအခါ ငွေကျပ် ၂၀၀၀ နှုန်းဖြစ်လာရာ သဘော်ခနှုန်းဟောင်း၏ လေးဆဖြစ်လာကြောင်း၊ သို့သော် အရှုံးပေါ်နေသည်ဆိုသော်လည်း ရန်ကုန်-မော်ကျွန်းခရီးစဉ်တစ်ခုတည်းတွင်သာ သဘော်ခနေရာပါ ငွေကျပ် ၁၅၀၀ နှုန်းဖြင့် လျှော့ချပြေးဆွဲနေကြောင်း၊ ရန်ကုန်-ပုသိမ် ခရီးစဉ်တွင် ယခုအခါ ပြေးဆွဲမှုရပ်နားထားကြောင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်ဟု သိရသည်။ ဝင်ငွေတစ်ရပ်အနေဖြင့် ရရှိသော ဘိုကလေးဆိပ်ခံတွင် ယခင်နှုန်းထားအရ သဘော်သုံးစင်းမှ တစ်ရက်လျှင် ငွေကျပ် ၁၉၀၀၀၊ မြင်းကကုန်းတွင် ငွေကျပ် ၁၉၀၀၀ ရရှိသော်လည်း ယခုနှုန်းထားသစ်အရ ဘိုကလေးဆိပ်ခံဖောတွင် ငွေကျပ် ၅၂၀၀၀၊ မြင်းကကုန်း ဆိပ်ခံဖောတွင် ငွေကျပ် ၄၇၀၀၀ နှုန်းဖြစ်လာသဖြင့် ယင်းပုဂ္ဂလိကသဘော်များမကပ်ပါက ပြင်ပတွင်းရေကြောင်းဝင်ငွေ နည်းလာသကဲ့သို့ ခရီးသွားများလည်း အဆင်မပြေဖြစ်လာနိုင်သည်ဟု ဒေသခံ သဘော်စီးခရီးသည်များက ဆိုသည်။

ပြည်တွင်းရေကြောင်း ဆိပ်ခံဖောကပ်ခနှုန်းများ မြင့်တက်သော်လည်း ရန်ကုန်ဆိပ်ကမ်းဖောတံတားများ ကပ်ခနှုန်းထားပြောင်းလဲမှုမရှိကြောင်း၊ ဆန်အိတ်ပါသည့်အတွက် ရန်ကုန်အဝင်နေ့တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ငွေကျပ် ၄၅၀၀ နှုန်း၊ ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ ငွေကျပ် ၂၀၀၀ နှုန်းစုစုပေါင်း ငွေကျပ် ၆၅၀၀ ပေးဆောင်ရကြောင်း၊ သဘော်များ ရန်ကုန်မှ ပြန်ထွက်သည့်နေ့တွင် ငွေကျပ် ၄၀၀၀ သာ ဆိပ်ခံဖောတံတားကပ်ခ ပေးရကြောင်း ပုဂ္ဂလိကလူစီး-ကုန်တင် သဘော်တာဝန်ခံတစ်ဦးက ဆိုသည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်တွင်းရေကြောင်း ဆိပ်ခံဖောကပ်ခနှုန်းများ ဖြေလျှော့မှုပေးစေလိုသည်ဟု ဒေသခံသဘော်စီးခရီးသည်များက ဆိုသည်။

ခင်ဆိုင်

လက်ပံတန်း စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေများပေးအပ်

လက်ပံတန်း အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ စစ်မှုထမ်းဟောင်းအဖွဲ့ အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အဖွဲ့ဝင်မိသားစုများ၏ သားသမီးများ ပညာသင်စရိတ် ထောက်ပံ့ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက အဖွဲ့ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ အဖွဲ့နာယက ဒုတိယ ဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း)၊ ဒုတိယ အရာခံဗိုလ်မြင့်ရွှေ(ငြိမ်း)တို့က အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးမောင်ဝင်းက ဗဟိုအဖွဲ့နှင့်မြို့နယ်အဖွဲ့တို့ ပူးပေါင်း၍ ထောက်ပံ့ခြင်းဖြစ်ကြောင်းနှင့် ထောက်ပံ့ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၇၅နှစ်)နှင့်အထက် စစ်မှုထမ်း ဟောင်းအဖွဲ့ဝင် ၁၇ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှုန်း၊ မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၂၀ကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှုန်း၊ တက္ကသိုလ်ဝင်တန်း အောင်တစ်ဦးကို ငွေကျပ် ၂၀၀၀၀၊ အထက်တန်းအဆင့် ၁၀ ဦးကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀နှုန်း၊ အလယ်တန်းအဆင့် ၂၂ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ မူလတန်းအဆင့် ၂၃ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၂ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဥက္ကဋ္ဌတို့က ပေးအပ်လိုက်ကြောင်းသိရသည်။

(၀၉၈)

ဘာသာရပ်မွမ်းမံသင်တန်းဖွင့်

ရွှေဘို အောက်တိုဘာ ၂၁

ပညာရေးဝန်ကြီးဌာနနှင့်ယူနီဆက်တို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သော အလယ်တန်းဆင့်(Grade 6,7,8) ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ရွှေဘိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ရန်ကင်းပညာရေးကောလိပ်မှ စိမ်ဌာနမှူးဒေါ်စန်းခင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းများကို ရွှေဘိုမြို့အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်များမှ သင်တန်းသား ၃၄၆ ဦးကိုလည်းကောင်း၊ ရေဦးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ရေဦး၊ ခင်ဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၃၀၄ ဦးကိုလည်းကောင်း အောက်တိုဘာ ၁၉ ရက်မှ ၂၇ ရက်အထိ ကိုးရက်ကြာတစ်ပြိုင်တည်းဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အောင်မြင်ဇေယျစေတီတော် ဆွမ်း၊ဆွမ်းဟင်းနှင့်စာရေးတံမဲများ ဆက်ကပ်လောင်းလှူ

တောင်တွင်းကြီး အောက်တိုဘာ ၂၁

တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင်အောင်မြင်ဇေယျရခိုင်စေတီတော်မြတ်ကြီး၏ (၄၅)ကြိမ်မြောက် ဆွမ်း၊ ဆွမ်းဟင်းစသည့်လှူဖွယ်ဝတ္ထုအစုစုတို့နှင့် စာရေးတံမဲများ ဆက်ကပ်လောင်းလှူပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကြည်သိန်းနှင့် မြို့မိမြို့ဖများ၊ အလှူရှင်မိသားစုများက မြို့နယ်သံဃနာယကဥက္ကဋ္ဌ အမှူးပြုသော ဆရာတော်၊ သံဃာတော်အပါး၈၅၀တို့အား ဆွမ်း၊ ဆွမ်းဟင်းနှင့်စာရေးတံမဲများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံမြို့ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာအတွက် ငွေပဒေသာပင်အလှူငွေပေးအပ်

ဖျာပုံ အောက်တိုဘာ ၂၁

ဖျာပုံခရိုင် ဖျာပုံမြို့နယ် (၁၈) ရပ်ကွက် ကန်တော်မင်္ဂလာလမ်းရှိ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာတွင် မှီတင်းနေထိုင်ကြသော အဘိုးအဘွားများအား အာဟာရကျွေးမွေးရန်အတွက် ဖျာပုံမြို့ အမှတ်(၁၀) ဘုရင့်နောင်လမ်း (၆)ရပ်ကွက်နေ ဘုရားကျောင်း၊ ကန်၊ သိမ် ဒါယကာကြီး ဦးဟံတင်၊ ဒါယိကာမ ဒေါ်လှအေး မိသားစုတို့က မိခင်ကြီး ဒေါ်လှအေး အသက်(၇၈နှစ်)ပြည့် မွေးနေ့အဖြစ် ငွေပဒေသာပင် လှူဒါန်းပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာ ကန်တော်ဦးကျောင်းတိုက်ဆရာတော် ဉာဏုတ္တရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကာ တရားတော်နာကြားပြီး ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ် ၁၅ သိန်းကို အလှူရှင်မိသားစုကလှူဒါန်းရာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အေးက လက်ခံယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်းသိရသည်။

အောင်ဝင်းနိုင်(ဖျာပုံ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(လားရှိုး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(လားရှိုး)တွင် တစ်ထပ် သံကူကွန်ကရစ် အလုပ်ရုံတစ်လုံး (၁၂၅×၆၀×၁၈)ပေ ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၇-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(လားရှိုး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၈-၁၁-၂၀၁၃ ရက် ညနေ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(လားရှိုး) ဖုန်း-၀၈၂-၂၀၀၇၆၊ ၀၉-၅၂၆၂၆၂၈တို့သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(လားရှိုး)

ဝန်ထမ်းအလိုရှိသည်

1. Baker	M/F	(3)Posts
2. Baking Assistants	M/F	(3)Posts
3. Kitchen Helpers	M/F	(2)Posts
4. Sales Assistants	M/F	(3)Posts

မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ နှစ်ပုံနှင့်အတူ Cafe Oreo(3039) ဒုတိယထပ်၊ Taw Win Center ဖုန်း-၈၆၀၀၁၁၁၊ Ex;3039 တွင် ၂၂-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ဖိတ်ခေါ်ခြင်း(Open Tender)

စဉ်	တင်ဒါအမှတ်	[illegible]
1	[illegible]/CE	[illegible] Sewage System [illegible]
2	[illegible]/CE	[illegible]
3	[illegible]/CE	[illegible]
4	[illegible]/CE	Material Store [illegible]
5	[illegible]/CE	[illegible]
6	[illegible]/CE	GE [illegible]
7	[illegible]/CE	Quenching Oil (1600)Gals ဝယ်ယူရန်
8	[illegible]/CMO	EOG Machine (1-No) ဝယ်ယူရန်
9	[illegible]/S&T	UHF, VHF Transceiver & Repeater များ (110-Sets) ဝယ်ယူရန်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန
ကူးသန်းရောင်းဝယ်ရေးစခန်း
(မောတောင်)တည်ဆောက်ရေးလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်အတွင်းရှိ ကူးသန်းရောင်းဝယ်ရေးစခန်း(မောတောင်)တွင် ဆောက်လုပ်ရေးလုပ်ငန်းအမျိုးအစား ခုနစ်မျိုးအား တည်ဆောက်မည်ဖြစ်ပါသည်။

တင်ဒါရောင်းချမည့်ရက်	- ၂၃-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	- ၆-၁၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)၊ ၁၆း၀၀နာရီ
တင်ဒါတင်သွင်းရမည့်နေရာ	- တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ထားဝယ်မြို့
တင်ဒါရောင်းချမည့်နေရာ	- တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ထားဝယ်မြို့

တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖော်ပြပါလိပ်စာများသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ကန့်ကွက်နိုင်ပါသည်

နေပြည်တော် ၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေကွက်အမှတ်(ပ-၁၂၃၂)၊ ဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဦးရဲနိုင်အမည်ဖြင့် ပိုင်ဆိုင်သော ဂရန်မြေကွက်အား ဦးရဲနိုင် ၁၄/ကပန(နိုင်)၀၀၂၃၃၄ (ဘ) ဦးအုန်းကျော်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ



မျက်စိဝေဒနာရှင်များကိုကွင်းဆင်းကုသပေး

ပုသိမ်ကြီး အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် သံဃာတော်များနှင့်မြို့သူမြို့သားများအား ကွင်းဆင်းကုသပေးခြင်း အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီ အထိ ပုသိမ်ကြီးမြို့ ပြည်သူ့ဆေးရုံ သံဃာကုသဆောင်၌ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီရွှေ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိန်လင်း၊ မျက်စိဝေဒနာရှင်များအတွက် အလှူရှင်ဦးငွေဝင်းနှင့်အဖွဲ့များက ကူညီဆောင်ရွက်ပေးကြသည်။ မျက်စိဝေဒနာရှင် သံဃာတော်များနှင့်မြို့သူမြို့သားများကို မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်မြတ်နှင့် အဖွဲ့ဝင် ရှစ်ဦးတို့က စနစ်တကျစမ်းသပ်ကုသပေးကြသည်။ ထိုသို့ကုသရာတွင် မျက်စိဝေဒနာရှင် ၅၁၃ ဦး လာရောက်ကုသကြပြီး ခွဲစိတ်ကုသရန်လိုအပ်သော ဝေဒနာရှင်များကို မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံကြီးသို့ ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

ကွမ်းစားခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

- ကွမ်းယာကို အမြဲမပြတ်စားခြင်း၊ ဝါးနေခြင်း၊ ငုံခြင်း၊
- ကွမ်းယာထဲတွင် ဆေးရွက်ကြီးထည့်၍စားခြင်း၊
- ကွမ်းယာထဲတွင်
ဆေးရွက်ကြီးကိုအမျိုးမျိုးပြုပြင်ထားသောဆေးပေါင်း၊ နှပ်ဆေးထည့်၍စားခြင်းတို့ကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါကဲ့သို့သော မကူးစက် နိုင်သော နာတာရှည်ရောဂါများ၊ ခံတွင်းကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသံအိုးကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုးတို့ ဖြစ်ပွားစေနိုင်ပါသည်။
ထို့ကြောင့် ကွမ်းစားခြင်းကို လုံးဝရှောင်ကြဉ်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဗုဒ္ဓဘာသာ၊ စာရိတ္တပညာရေး ဓမ္မစကူးလ်ကျောင်းသစ် တောင်ညွန့်၌ဖွင့်

ရန်ကုန် အောက်တိုဘာ ၂၁

နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ(ဩဝါဒါစရိယဆရာတော်) အဖြစ် ပါဝင်ဆောင်ရွက်တော်မူသော ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဓမ္မစကူးလ်ကျောင်းတော်သစ်တစ်ဆောင်ကို အောက်တိုဘာ ၁၉ ရက် သီတင်းကျွတ်လပြည့်နေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီးမင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အရှေ့)ရပ်ကွက် မန္တလေးလမ်းရှိ ရွှေညောင်ပင်ဇရပ်ကျောင်းတိုက်၌ စတင်ဖွင့်လှစ်လိုက်သည်။

ဓမ္မစကူးလ်(ဗုဒ္ဓဘာသာ စာရိတ္တပညာရေးကျောင်း)သို့ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများ၌ ပထမတန်း၊ ဒုတိယတန်း နှင့် တတိယတန်း၊ အသက်အရွယ်အားဖြင့် ခြောက်နှစ်၊ ခုနစ်နှစ်၊ ရှစ်နှစ် ကျောင်းသား ကျောင်းသူ ၁၅၀တို့ တက်ရောက်သင်ကြားကြသည်ကိုတွေ့ရသည်။ ကျောင်းဖွင့်ပွဲတွင် ဇရပ်ကွင်းကျောင်းဆရာတော် ဘဒ္ဒန္တဉာဏ ရှစ်ပါးသီလ တရားတော်ချီးမြှင့်ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပဏ္ဍိတ(ဟသ်ာတသုံးထပ်ကျောင်း)ဆရာတော်က ဩဝါဒကထာ စကားချီးမြှင့်သည်။ ဓမ္မစကူးလ် ဖောင်ဒေးရှင်း(ဗဟို)တွဲဖက်အတွင်းရေးမှူးဆရာတော် ဦးမာနိတက ဓမ္မစကူးလ်ကျောင်းတော်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းပြမိန့်ကြားရာတွင် "ဓမ္မစကူးလ်သည် သင်တန်း မဟုတ်ပါကြောင်း၊ သင်တန်းဆိုသည်မှာ အချိန်ကာလအပိုင်းအခြား သတ်မှတ်ထားပြီး ကျောင်းဆိုသည်မှာ ထာဝရအမြဲတမ်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်၍ ဓမ္မစကူးလ်ကိုလည်း အမြဲတမ်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူ ကလေးငယ်များ ငယ်ရွယ်စဉ် ကတည်းကပင် လိမ္မာယဉ်ကျေးသော ကလေးငယ်များဖြစ်လာစေရန်နှင့် မိမိ၏ လူမျိုး၊ ဘာသာ၊ သာသနာကို အစဉ်ချစ်မြတ်နိုးစိတ် ကိန်းအောင်းလာစေနိုင်ရန်၊ ဘာသာရေးအသွင်အနေဖြင့်မဟုတ်ဘဲ ဗုဒ္ဓဘာသာ စာရိတ္တပညာရေးအသွင် ဖြင့်သင်ပြ ညွှန်ကြားပေးခြင်းဖြစ်ကြောင်း၊အခြားယုံကြည်ကိုးကွယ်သည့် ဘာသာများကို ဆန့်ကျင် ပြောဆိုသည့် သင်တန်းမဟုတ်သဖြင့် မိဘအုပ်ထိန်းသူများ လုံးဝစိုးရိမ်ပူပန်စရာမလိုကြောင်း၊ ဓမ္မစကူးလ်ကို ငြိမ်းချမ်းရေးလူ့အဖွဲ့အစည်းဖြစ်ပေါ်လာစေမည့် ငြိမ်းချမ်းရေးတပ်မကြီးအသွင် မြင်နိုင်ပါကြောင်း"ဖြင့် မိန့်ကြားသွားခဲ့သည်။

ဓမ္မစကူးလ် ဖောင်ဒေးရှင်း၏ အဓိက ရည်ရွယ်ချက်များကို ဆက်လက်မိန့်ကြားရာတွင် "ဗုဒ္ဓဘာသာ သင်ရိုးညွှန်းတမ်းများ ထွက်ပေါ်လာစေရန်၊ သင်ရိုးညွှန်းတမ်းအတိုင်း ကလေးဗဟိုပြု၍ ချဉ်းကပ်သင်ကြားနည်း စနစ်ဖြင့် သင်ကြားပေးနိုင်မည့် ဆရာ၊ ဆရာမများမွေးထုတ်ရန်၊ တူညီသော ရည်ရွယ်ချက်များဖြင့် ပါဝင်ဆောင်ရွက်လိုသော၊ ဗုဒ္ဓဘာသာအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ဓမ္မစကူးလ် ကွန်ရက်ကြီးကို တည်ထောင်ပြီး နိုင်ငံအနှံ့ ဓမ္မစကူးလ်ကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရန်တို့ဖြစ်ကြောင်း ထည့်သွင်းမိန့်ကြားသွားခဲ့သည်။ အချိန်ကာလ နှစ်နှစ်ခန့်အတွင်း နယ်စပ်ဒေသတာချီလိတ်၊ ကလေးမြို့၊ တောင်ကြီးမြို့အပါအဝင် မြန်မာနိုင်ငံအတွင်း ကျောင်းပေါင်း ၃၀၀ ကျော် ဖွင့်လှစ်ပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁၅ ကျောင်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ရက်သတ္တတစ်ပတ်လျှင် စနေ(သို့မဟုတ်) တနင်္ဂနွေ တစ်ရက်သာဖြစ်ပြီး နံနက် ၈ နာရီမှ ၁၁ နာရီအထိ သင်တန်းသဘောမျိုး ရက်တိုမသတ်မှတ်ဘဲထာဝရအမြဲတမ်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကာ ဓမ္မစကူးလ်ဖောင်ဒေးရှင်းဆရာဖြစ် သင်တန်းဆင်းဘွဲ့ရခေတ်ပညာတတ်ဆရာ ဆရာမများက သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အောင်သန်း(မင်္ဂလာတောင်ညွန့်)

မူးယစ်ဆေးဝါး၊လူကုန်ကူးမှု၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဟောပြော

ဗန်းမော် အောက်တိုဘာ ၂၁

ဗန်းမော်ခရိုင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှ ဒုတိယရဲမှူးအောင်မင်းကြည်နှင့်အဖွဲ့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ညောင်ပင်ရပ်ကွက် ကချင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ လူကုန်ကူးမှု၊ လူမှောင်ခိုမှုဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီးကချင်ဘာသာဖြင့် လက်ကမ်းစာစောင် ၇၀ ကို ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍အသိပညာပေးဟောပြောပွဲကို မွန်းလွဲ၁နာရီက ဗန်းမော်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ ဗန်းမော်မူးယစ်(အထူး)တပ်ဖွဲ့မှ ရဲအုပ်သက်ဆွေဦး၊ ဒုတိယခရိုင် ဥပဒေအရာရှိဦးမြင့်စိုး၊ ခရိုင် ကျန်းမာရေးဦးစီးဌာန စိတ်ကျန်းမာရေးနှင့်မူးယစ်ဆေးစွဲကုသရေးဌာနတာဝန်ခံဒေါက်တာတင်ဝင်းမြင့်တို့က မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း သိကောင်းစရာများကို ဟောပြောကြသည်။

ထို့နောက် ခရိုင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဒုရဲအုပ်ငွေဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများလိုက်နာကြရန်နှင့်ယာဉ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြော၍ ခရိုင် လူကုန်ကူးမှုတားဆီးရေး တပ်ဖွဲ့စိတ်မှဒုတိယရဲမှူး အောင်မင်းကြည်က လူကုန်ကူးမှု/လူမှောင်ခိုမှု အကြောင်းသိကောင်းစရာများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်တင့်က ယာဉ်ထိခိုက်မှု အန္တရာယ်အကြောင်း သိကောင်းစရာများကို ပရိုဂျက်တာဖြင့် ပြသဟောပြောကြပြီး ပါမောက္ခချုပ်က အသိပညာပေးဟောပြောသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝါဝါ(ဗန်းမော်)**

သတိ ပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Power Extin guisher) ဓာတုဗေဒပေါင်းဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

အစဉ်အလာနှင့် သမ္မာအရ ဥယျာဉ်မှူး အမျိုးသမီးဗိုလ်လောင်း
(OTT ဝင်ခွင့်)၊ သဃ်န်းကျွန်း၊ စံပြဈေးအနီး **ဖုန်း-၀၉-၅၁၁၄၈၀၄၊ ၀၉-၄၂၀၀၄၂၈၀၀**

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၅၇(ခ)၊ မြေကွက်အမှတ် ၂၄ (၂၄/က)၊ ကမ်းနားလမ်း၊ ရန်ကုန်သစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်သူထံမှဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါရှိသောရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သောရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်-
ဦးခင်ညွှန့်
ဖုန်း-၀၉-၂၅၀၁၉၈၃၈၂

ကျေးဇူးတင်ရှိခြင်း

၂၀၁၃ခုနှစ် မတ်လတွင်ကျင်းပသော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်းကို အောင်ချက် ၇၈ဒသမ ၁၇ရာခိုင်နှုန်းဖြင့် တနင်္သာရီတိုင်းဒေသကြီး၏ **အောင်ချက်အကောင်းဆုံးကျောင်း**ရရှိအောင် ကြိုးစားအားထုတ်ကြသော ကျောင်းသား ကျောင်းသူများ၊ ပံ့ပိုးကူညီကြသော ကျောင်းသားမိဘများ၊ အင်တိုက်အားတိုက် သင်ကြားပေးသော ဆရာ ဆရာမများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

တည်ထောင်ဖွင့်လှစ်သူ
ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊
အမှတ် ၈၃၊ မြေနီလမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့၊
တနင်္သာရီတိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄ HII')၊မြေကွက်အမှတ်(၂၉၄) မြေအမည်ပေါက် ဦးသံချောင်း (ခ) ဦးမြင့်ဦးထံမှတစ်ဆင့် ဝယ်ယူထားသူ ဦးစိုင်းကျော်တစ် ၁၃/ကကန(နိုင်)၀၀၁၀၁၄ က မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄အိပ်ချ်အိုင်အိုင်ᐟ)၊ မြေကွက်အမှတ်(၂၉၃) မြေအမည်ပေါက် ဦးစိုင်းဝေလင်းထံမှတစ်ဆင့် ဝယ်ယူထားသူ ဦးစိုင်းကျော်တစ် ၁၃/ကကန(နိုင်)၀၀၁၀၁၄ က မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈၁ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃၀

ဒေါ်ညွန့်ဝေ **နှင့်** ဦးတင့်လှိုင်
တရားနိုင် **တရားရှုံး**

ထန်းပင်ကုန်း ၂ လမ်း၊ ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) ဦးတင့်လှိုင် သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၄၈၁ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ညွန့်ဝေက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၃၀ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

မှုခင်းသတင်းနှင့်ကြော်ငြာ

လုယက်ထွက်ပြေးသူနှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူဖမ်းမိ

မော်လမြိုင် အောက်တိုဘာ ၂၁

မော်လမြိုင်မြို့ တက္ကသိုလ် တောင်ဝိုင်းလမ်း ဈေးကြိုရပ်ကွက် တက္ကသိုလ်ပတ်လမ်း ဒေါင်းဇရပ် ဓာတ်ဆီဆိုင်ဘက်မှ လေယာဉ်ကွင်းဘက်သို့ သွားလာသည့်လမ်းကြောင်းနှင့် တောင်ရိုးတန်းလမ်းနှင့် အောင်သိပ္ပံလမ်း အသေတိုက်ကုန်းဆင်းလမ်းတို့တွင် ဆိုင်ကယ်မောင်းနှင်လာကြသည့် အမျိုးသမီးအချို့ထံမှ ရွှေဆွဲကြိုး၊ ဟန်းချိန်းကြိုးတို့ကို လုယက်၍ တိမ်းရှောင်သူများကို အမြန်ဆုံးဖမ်းဆီးမိနိုင်ရေးအတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်မြို့နယ်ရဲ တပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်မုပွန်နယ်မြေရဲစခန်းမှူး ဒုတိယရဲမှူးဆန်းဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ပူးပေါင်း၍ အောက်တိုဘာ ၁၆ ရက်၌ လုယက်သွားသူနှစ်ဦးနှင့် လုယက်သွားခဲ့သည့် ရွှေဆွဲကြိုး၊ ဟန်းချိန်းတို့ကိုပြန်လည်သိမ်းဆည်းရမိသည်။

၎င်းတို့နှစ်ဦးသည် အထက်ပါလမ်းများတွင်ဆိုင်ကယ်မောင်းနှင်ပြီး ရှေ့တွင် မောင်းနှင်လာသော အမျိုးသမီးဆိုင်ကယ်များနောက်သို့ ဘေးချင်းကပ်လိုက်ပြီး ဆွဲကြိုးနှင့်ဟန်းချိန်းများကို ရုတ်တရက်လုယူတိမ်းရှောင်သွားရာမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

လုယက် တိမ်းရှောင်သွားသူမှာ မော်လမြိုင်မြို့ တောင်ဝိုင်းကုန်းထိပ်နှင့်ဆီလမ်းကြားတွင်နေသူ ဖူးပြည့်ကို (၂၀နှစ်)နှင့်ဖိုးသား(ခ) ကျော်သူရဇင် (၁၈နှစ်)တို့ဖြစ်သည်။ ဖြစ်စဉ်မှာ စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီခန့်တွင် မအိအိဖြိုးသည် သူငယ်ချင်းဖြစ်သူ မခင်ပပဖြိုးနှင့်အတူ မော်လမြိုင်မြို့ ငန်းတေးရပ်ကွက်ရှိဆွေမျိုးများအိမ်သို့အလည်ပတ်သွားရောက်ပြီး ၎င်းနေထိုင်ရာ ဖားအောက်တောရ ကျောင်းရှေ့ မဥ္ဇူသက ဘော်ဒါဆောင်သို့ မော်လမြိုင်တက္ကသိုလ် တောင်ဝိုင်းလမ်းမှတစ်ဆင့် ဥဒါန်းလက်ဖက်ရည်ဆိုင်လမ်းကြား တက္ကသိုလ်ပတ်လမ်းမှ မောင်းနှင်ခဲ့ရာ စတေကာအနက်များကပ်ထားသည့် အမျိုးသားတစ်ဦး မောင်းနှင်သည့် ဆိုင်ကယ်တစ်စီးက လက်ယာဘက်မှ အရှိန်ဖြင့် ကျော်တက်ပြီး ဘေးချင်းယှဉ် ကပ်ကာ လည်ပင်းတွင်ဆွဲထားသော ရွှေဆွဲကြိုးကို လုယက်တိမ်းရှောင်သွားခဲ့ရာမှ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးမိသည့် ဖူးပြည့်ကိုနှင့် ဖိုးသား(ခ)ကျော်သူရဇင်တို့၏ ထွက်ဆို စစ်ခံချက်အရ ၂၀၁၃ ခုနှစ် စက်တင်ဘာ၉ရက်တွင်လည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင်လည်းကောင်း၊ ဩဂုတ်၉ ရက်တွင် လည်းကောင်း၊ မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်းအတိုင်းအသက်၄၀ခန့်ရှိ အမျိုးသမီးတစ်ဦး၏ဘယ်ဘက်လက်တွင်ဝတ်ဆင်ထားသော ဟန်းချိန်းလုယက်သွားခဲ့မှု ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ရောင်းချသော ရွှေဆိုင်များတွင် သက်သေခံပစ္စည်းများ ထပ်မံသိမ်းဆည်းရရှိသည်။

အမှုကို မော်လမြိုင်မြို့ မုပွန်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ဖြူးမြို့နယ် ပဲခူးရိုးမတောင်ခြေတွင် လင်မယားနှစ်ဦးကို သတ်ဖြတ်သူနှစ်ဦးက တရားရုံးတွင် ဖြောင့်ချက်ပေး

ဖြူး အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ခင်တန်းကြီးအုပ်စု ကျွဲမကူးရွာ ကိုဇော်နိုင်ဦး၏ နေအိမ်တွင် လာရောက်တည်းခိုနေသော ဦးဇော်မင်းနှင့် ဇနီးဖြစ်သူ ဒေါ်တင်ရွှေတို့မှာ ရန်ကုန်-မန္တလေးအမြန်လမ်း အနောက်ဘက်တစ်ဖာလုံခန့်ရှိ ဖြူးမြို့မှ ဒေါ်စန်းစန်းသွယ်၏ သစ်မာစိုက်ခင်းတွင် အောက်တိုဘာ ၁၂ ရက် ညနေ ၆ နာရီခန့်က အစောင့်လုပ်ကိုင်နေရင်း ဦးဇော်မင်းမှာ ခေါင်းဖြတ်အသတ်ခံရပြီး ဇနီးဒေါ်တင်ရွှေမှာ ဓားဖြင့်ထိုးသတ်ခံခဲ့ရသည်။ အခင်းဖြစ်ပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဒုတိယမြို့နယ်မှူး ဒုတိယရဲမှူးစံလှ၊ နယ်ထိန်းအရာရှိ ဒုရဲအုပ်ကျော်ဇင်ထိုက်တို့ဦးဆောင်သော ရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူများအား အချိန်နှင့်တစ်ပြေးညီစုံစမ်း၍ ပြစ်မှုကျူးလွန်သူ ရဲညွန့်(ခ) ဖထီး (၅၃နှစ်)၊ သိန်းထွန်းဦး(ခ) သံချောင်း(ခ) သံလုံးတို့ကို နှစ်ဦးကို အောက်တိုဘာ ၁၆ ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး ဖြူးရဲစခန်း အချုပ်ခန်း၌ ချုပ်ထားခဲ့သည်။

ပြစ်မှုကျူးလွန်သူ နှစ်ဦး၏ထွက်ဆိုပြသချက်အရ သက်သေခံပစ္စည်းများကို သိမ်းဆည်းရရှိခဲ့ပြီး အမှုစစ် ဖြူးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်ဝင်းက လုံလောက်သောသက်သေအထောက်အထားများဖြင့် ဆက်လက်စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူနှစ်ဦးတို့က ၎င်းတို့ကျူးလွန်ခဲ့သည်ကို အမှန်အတိုင်း တရားရုံးတွင် ထွက်ဆိုလိုကြောင်း တင်ပြလာသဖြင့် အောက်တိုဘာ ၁၇ ရက် နံနက် ၁၀နာရီတွင် ဖြူးမြို့နယ်တရားရုံးသို့ ကျင့်ထုံး ပုဒ်မ ၁၆၄ အရ ဖြောင့်ချက်ရယူနိုင်ရေးတင်ပြခဲ့ရာ သိန်းထွန်းဦး(ခ)သံချောင်း၏ ဖြောင့်ချက်ကို ဒုတိယမြို့နယ် တရားသူကြီး ဦးဘသောင်း၊ ရဲညွန့် (ခ)ဖထီး၏ ထွက်ဆိုချက်ကို ဒုတိယမြို့နယ်တရားသူကြီး ဦးအောင်စန်းမောင်တို့က အရေးယူခဲ့ကြောင်း သိရသည်။

ဖြူးမြင့်ဦး

လွယ်တော်ခမ်းပူးပေါင်းဂိတ်တွင် အိုက်စ် ကျပ်သိန်းပေါင်းရှစ်ထောင်ဖိုးခန့်ဖမ်းဆီးရမိ

တာချီလိတ် အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ အောက်တိုဘာ၁၉ရက် နံနက်၁၀နာရီက လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အိုက်စ်အလေးချိန် ၄၀ ကီလိုနှင့်ထိုင်းဘတ်ငွေ ၁၃၅၀၀ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့ (၃၀) တာချီလိတ်မှ ရဲအုပ်လှလွင် ဦးစီးတပ်ဖွဲ့ဝင်များ၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းအေးဦးစီးအဖွဲ့တို့ပါဝင်သောပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် တာချီလိတ်မှ မိုင်းဆတ်ဘက်သို့ ယာဉ်မောင်း လီကွမ်းယုံမောင်းနှင်လာသည့် (၄ဂ/...) နံပါတ်ပါ တိုက်ဂါးဖိုးဗိုးခဲရောင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းတွင် စားသောက်ကုန်များဖြင့်ရော၍ တင်ဆောင်လာသော ဝေဖာမုန့်စက္ကူဂျတ်ဖာအတွင်းဆာလာအိတ်ဖြင့် ထည့်လျက် အဝါရောင်တိပ်/ပလတ်စတစ်အကြည်ဖြင့် ထုပ်ထားသည့် တစ်ထုပ်လျှင် အိုက်စ်အလေးချိန် ၁ ကီလိုခန့်ပါအထုပ်၄၀၊ စုစုပေါင်း အိုက်စ်အလေးချိန် ၄၀ ကီလို(အိုက်စ် ၁ ကီလိုလျှင် ကျပ်သိန်း ၂၀၀ နှုန်းဖြင့် ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၈၀၀၀ခန့်)၊ ယာဉ်ရှေ့ခန်းရှိ လီကွမ်းယုံကိုင်ဆောင်သည့်ဘေးလွယ်အိတ်အတွင်းမှ ZTX အမျိုးအစား CDMA ဖုန်းတစ်လုံးနှင့် ထိုင်းငွေဘတ်၁၃၅၀၀တို့ကို ရှာဖွေတွေ့ရှိသဖြင့် တာချီလိတ်မြို့မရဲစခန်းကအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ခြောက်နှစ်အရွယ် ကလေးငယ် လမ်းဖြတ်ကူးရာမှ ယာဉ်တိုက်မိ

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက ပျဉ်ထောင်ကျောင်း စာသင်ကျောင်းရှေ့၌ ကလေးငယ်တစ်ဦး လမ်းဖြတ်ကူးရာမှ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးခင်စိုး (၄၈ နှစ်) သာကေတမြို့နယ်နေသူ မောင်းနှင်လာသော ၈ ခ/... ကားသည် ပျဉ်ထောင်ကျောင်း စာသင်ကျောင်းရှေ့အရောက် လမ်းဖြတ်ကူးသူ အေးမြတ်သူ (၆နှစ်) သန်လျင်မြို့နေသူအား ဝင်ရောက်တိုက်မိရာ ဒဏ်ရာများရရှိသဖြင့် သန်လျင်ပြည်သူ့ဆေးရုံသို့ အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် တက်ရောက်နေရသောကြောင့် ယာဉ်မောင်းကို အရေးယူထားကြောင်း သိရသည်။

သန်လျင်-ဖြိုးမင်းလတ်

အမှာစကားပြောကြား

နေပြည်တော် မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်တပ်ဖွဲ့စခန်း စစ်ရေးပြကွင်း၌ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်များကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော် အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

သန်လျင်တံတားပေါ်၌ယာဉ်ဆင့်ကဲတိုက်မှုနှစ်ကြိမ်ဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ သန်လျင်တံတားပေါ်တွင် ယာဉ်ဆင့်ကဲတိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်က သန်လျင်မှ ရန်ကုန်သို့ သန်းထိုက်ဦး (၃၇နှစ်) မောင်းနှင်လာသော 7 F/....တိုယိုတာဗင်ယာဉ်သည် သန်လျင်တံတားအလယ်ရှိ လုံခြုံရေးရဲကင်းဂိတ်အကျော်တွင် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ AA/.... ယာဉ်အား နောက်မှဝင်ရောက်တိုက်မိရာ တိုယိုတာဗင် ကားပေါ်တွင် လိုက်ပါလာသူ ဝင်းဝင်းအောင် (၃၅ နှစ်) နှင့် ဝင်းနန္ဒာဦး (၈နှစ်) တို့ကို သန်လျင်ပြည်သူ့ဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က သန်လျင်မှ ရန်ကုန်သို့ ယာဉ်မောင်းသန်းနိုင်ဦး (၃၀နှစ်) မောင်းနှင်သော ၈ခ/...လိုက်ထရပ်အပြာရောင်ယာဉ်သည် သန်လျင်တံတားထိပ် ပထမလုံခြုံရေးရဲကင်းအနီးအရောက် ယာဉ်ကြောတူရှေ့မှ ကက/...အငှားယာဉ်နှင့် ၅ဃ/...ယာဉ်တို့အား ဆင့်ကဲတိုက်မိခဲ့ကြောင်း သိရသည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ သန်လျင်မြို့မရဲစခန်းမှ ယာဉ် မဆင်မခြင်မောင်းနှင်သူတို့ကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်လျင်-ဖြိုးမင်းလတ်

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31589922
09 31268183

DG
DIAMOND GROUP
အဆင့်မြင့်အမြန်ယာဉ်ငယ်အသင်း

ထီးချိုင့်-မန္တလေး	မန္တလေး
အောင်စာပေ၊ အမှတ်(၃)ရပ်ကွက်၊	သီရိမန္တလာကားကွင်း
ဖုန်း-၀၇၅-၆၀၃၆၉၊၀၉-၂၅၆၁၆၃၇၆၉	ဖုန်း-၀၉-၂၀၃၈၁၂၆၊
	၀၉-၂၅၆၁၆၃၇၈၉

နေ့စဉ် နံနက် ၇ နာရီ၊ ည ၇ နာရီ နှစ်ကြိမ်ပြေးဆွဲပေးပါသည်။

အိန္ဒိယနိုင်ငံ၌ရှိသော သံဝေဇနိယလေးဌာနဘုရားဖူးခရီးစဉ်

ဒေါ်နန္ဒာဝင်း ဦးစီးသော သံဝေဇနိယလေးဌာန ဘုရားဖူးခရီးစဉ်များကို ၄-၁၂-၂၀၁၃ရက်၊ ၁၅-၂-၂၀၁၄ရက် ခရီးစဉ်များကို စရန်ငွေတစ်သိန်းပေးသွင်းပြီး စာရင်းပေးသွင်းနိုင်ကြောင်းကို သတင်းကောင်းပါးအပ်ပါသည်။ ခရီးစဉ်တိုင်းကို လူခြောက်ဦးလျှင် ကားတစ်စီးနှုန်းဖြင့် အထူးစီစဉ်ထားပါသည်။

ဆက်သွယ်ရန်လိပ်စာ-

အမှတ်(၆၁)၊ ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း - ၀၁-၃၈၆၅၈၅၊ ၀၁-၃၈၇၂၇၆၊ ၀၉-၅၅၀၀၁၃၁၊ ၀၉-၃၃၃၆၄၇၇၇၊ ၀၉-၄၄၄၀၂၈၃၇၈၊ ၀၉-၇၃၁၅၉၉၇၁၊ ၀၉-၂၅၀၀၃၉၄၃၄၊ ၀၉-၅၀၂၆၂၅၈

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၁၁ ခုနှစ် ဓာရီမှုအမှတ်-၁၁၀

မန်နေဂျာ နှင့် ၁။ ဦးမောင် ပါ(၃)
မြန်မာ့စီးပွားရေးဘဏ်
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်-၄၅၉ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၅ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်း(၅/က)၊ ဦးပိုင်အမှတ် ၈၇၊ ဧရိယာ ဝဒသမ ၁၁၂ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၃၂×၂၇)ပေ သွပ်မိုး၊ တစ်ထပ်တိုက်နှင့် သာစည်မြို့နယ်၊ အောင်သာကျေးရွာ၊ ကွင်း(၁၈၃၉/အောင်သာကွင်း)၊ ဦးပိုင် ၁၆၇၊ မြေကွက် ၅၆၀၊ ဧရိယာ ဝဒသမ ၃၃၁ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၃၆×၃၀) သွပ်မိုး၊ နှစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၇၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင့်လွင်
တွဲဖက်မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ဒေါ်ငွေခဲ(ခ)မဆွေ သိစေရန်

ယခင်နေရပ်လိပ်စာ မိတ္ထီလာမြို့၊ ပေါက်ချောင်း(၁)ရပ်နေ ဦးဘမြင့်၏သမီး ဒေါ်ငွေခဲ(ခ)မဆွေ MTLA-၀၂၀၈၂၉သည် နဝရတ်စက်သုံးဆီရောင်းဝယ်ရေးသို့ ဒီဇယ်နှင့် ဓာတ်ဆီဖိုးပေးသွင်းရန် ကျန်ငွေကို ၃၀-၉-၂၀၁၃ရက်တွင် အပြီးအပြတ်ပေးသွင်းမည်ဖြစ်ကြောင်း သက်သေစုံရာရှေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး ယနေ့တိုင်လာရောက်ပေးသွင်းခြင်းမရှိသဖြင့် ကြေညာသည့်ရက်မှ ၁၀ရက်အတွင်း လာရောက်ပေးသွင်းပါရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးခင်မောင်မြင့် LL.B (Advocate)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၇၂၇)
လေတပ်လမ်း၊ အောင်ဇေယျာရပ်၊ မိတ္ထီလာမြို့၊
ဖုန်း-၀၆၄-၂၆၂၃၁၊ ၀၉-၄၀၂၅၅၅၄၀၆

နယ်သတင်းနှင့်ကြော်ငြာ

ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည် (၅၀၃)နှစ်မြောက် ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ငူ အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ကေတုမတီ (တောင်ငူ) မြို့တည် နန်းတည် (၅၀၃) နှစ်မြောက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက တော်ဝင်ကေတုမတီဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီများနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြ၍ သဘာပတိ၊ ပွဲတော်ကျင်းပရေး ဦးစီးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က အဖွင့်အမှာစကားပြောကြားပြီး ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များ ဖတ်ကြားတင်သွင်း အတည်ပြုချက်ရယူသည်။ အခမ်းအနားမှူးအဖြစ် တောင်ငူ တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ (ငြိမ်း) ဒေါက်တာမာမာဝေက ဆောင်ရွက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသည့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများက မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြကြပြီး ဆုံးဖြတ်ချက်များချမှတ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။

ကေတုမတီ(တောင်ငူ) မြို့တည် နန်းတည်ပွဲတော်ကို နှစ် ၅၀၀ ပြည့်မြောက်သည်မှစ၍ ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ နာယက CB ဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေး၏ ဦးဆောင်ပံ့ပိုးမှုဖြင့် နှစ်စဉ်ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၁၃ ခုနှစ် ပွဲတော်ကို လည်းယခင်နှစ်များနည်းတူ နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ စာပေဟောပြောပွဲ၊ စည်းခုံအရုံစေတီ၊ စောင်းတန်း ရေစက်ချပွဲ၊ ကေလဇတီ ဘုရား ထီးတင်ပွဲ၊ ရှင် ၅၀၃ ပါး ရှင်ပြုပွဲ၊ နှစ်ကျိပ်ရှစ်ဆူ ဘုရားများ လှည့်လည်ပူဇော်ပွဲ၊ သံဃာနှင့် သီလရှင် အပါး ၁၀၀၀ကျော်တို့အား အရုဏ်ဆွမ်း လောင်းလှူပွဲ၊ ဝင်းခင်းပွဲ၊ ဆီမီးမျှောပွဲ၊ ညပိုင်း စင်မြင့်ကားများဖြင့် ဖျော်ဖြေရေးပွဲများနှင့် ဆုပေးပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဦးကျော်လှ(တောင်ငူ)

နေပြည်တော် ရှမ်းရွာရှိ ရှမ်းကျောင်းတိုက်၌ သိမ်အောင်ပွဲကျင်းပမည်

ဇေယျာသီရိ အောက်တိုဘာ ၂၁

နေပြည်တော် ဇေယျာသီရိမြို့နယ် ထိန်ပင်ကျေးရွာအုပ်စု ရှမ်းရွာရှိ ရှေးဟောင်းဘုန်းတော်ကြီး ကျောင်းတိုက်၌ လာမည့်အောက်တိုဘာ ၂၇ ရက်၌ မြို့ပေါ်လူငယ်များ၏ အလှူငွေဖြင့် သိမ်အောင်ပွဲ အခမ်းအနားနှင့် စုပေါင်းရှင်ပြု ဆရာတော် သိက္ခာထပ်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ အလှူရှင် ကိုဝင်းဦး (ကားနှင့် ထော်လာဂျီ ရောင်းဝယ်ရေး) ထံမှ သိရသည်။

အဆိုပါ ရှမ်းကျောင်းတိုက်ကြီးသည် ဒုတိယကမ္ဘာစစ် ကာလက ရှေးဟောင်းကျောင်းတိုက်ကြီးဖြစ်ကာ ယခုအခါ နေပြည်တော် ပျဉ်းမနားမြို့ပေါ်မှအလှူရှင် ကိုဝင်းဦးနှင့်မိတ်ဆွေ ၁၀ဦးခန့်မှ စုပေါင်း၍ ကျောင်းတိုက်ကြီးအတွက် လိုအပ်သော အလျား၊ အနံ ၂၇ ပေပတ်လည်၊ အမြင့် ၁၂ ပေရှိ တစ်ထပ် RC သိမ်ကျောင်းတော်အားကာလတန်ဖိုးသိန်း ၁၅၀ခန့် အကုန်အကျခံ၍ လှူဒါန်းခဲ့ကာ အဆိုပါ ရှမ်းကျောင်းတိုက် သိမ်အတွက် သိမ်အောင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ သိမ်အောင်ပွဲနှင့်အတူ ရှမ်းကျောင်းတိုက်ဆရာတော် ဦးကဝိသာရအား သိက္ခာထပ်ကာ ရှမ်းရွာအတွင်းရှိ ကလေးငယ် ၂၇ ဦးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းလျက်အလှူမင်္ဂလာအခမ်းအနားပါ ပူးတွဲကျင်းပမည်ဖြစ်ကြောင်း အလှူရှင်အဖွဲ့ဝင်ကိုအောင်အောင်က ဆိုသည်။ **(အပေါ်ပုံ) ကာရန်ခ**

Pen Myanmar အသင်းဖွဲ့စည်းရေး မြန်မာစာရေးဆရာများ စီစဉ်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၁

စာပေပုံသဏ္ဍာန်အသစ်များ အတွေးအခေါ်အသစ်များ တိုးပွားပေါ်ထွက်လာစေရန် စာရေးသူအချင်းချင်း ပြည်တွင်းပြည်ပ စာပေလက်ရာများနှင့် ပတ်သက်၍ ဝေဖန်ဆွေးနွေးခြင်းဆိုင်ရာလှုပ်ရှားမှုများ၊ အသိအမြင်များဖလှယ်ခြင်းမျှဝေခြင်းဆိုင်ရာ လှုပ်ရှားမှုများဖြင့် သစ်လွင်သော စာပေယဉ်ကျေးမှုတစ်ရပ်ဖော်ဆောင်ရန် ကျောင်းပညာရေးနှင့် ရသစာပေကို ပေါင်းကူးဆက်စပ်မြှင့်တင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၌ Pen Myanmar အသင်းဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Pen Myanmar အသင်းသည် နိုင်ငံတကာတွင် သိရှိလက်ခံထားသော စာပေပညာရှင်များအသင်း Pen International ၏ တရားဝင်ခွင့်ပြုချက်ရရှိခဲ့ကြောင်းသိရသည်။ Pen International သည် ၁၉၂၁ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌အစပြုခဲ့ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀နိုင်ငံ၌ Centre ပေါင်း ၁၄၀ကျော်အထိ ဖွင့်လှစ်ထားခဲ့ကြောင်း သိရသည်။ Pen International တွင် ကဗျာဆရာများ၊ အက်ဆေးရေးသူများ၊ ဝတ္ထုတို ဝတ္ထုရှည် ရေးသားသူများ၊ ပြဇာတ်ရေးသားသူများ၊ အယ်ဒီတာများ စသည့် စာပေပညာရှင်များ ပါဝင်ကြသည်။

စာပေရေးသားသူ မည်သည့်စာရေးဆရာမဆို Pen Myanmar အဖြစ် လျှောက်ထားနိုင်ကြောင်း သိရသည်။ ယခုလက်ရှိ စာရေးသူဖြစ်၍ တစ်နှစ်အတွင်း ဖော်ပြခြင်းခံရလျှင် အဖွဲ့ဝင်အဖြစ် လက်ခံကြောင်း သိရသည်။ အောက်တိုဘာ ၂၇ ရက်တွင် Central Hotel ၌ Pen Myanmar ဖွဲ့စည်းရေး မြန်မာစာရေးဆရာများက တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

မူဆယ် အောက်တိုဘာ ၂၁

ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ပြည်သူများအတွင်း အသိပညာဗဟုသုတ ဖွံ့ဖြိုးစေရေးအတွက် စာဖတ်စွမ်းရည် မြင့်မားစေရန် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက မူဆယ်ခရိုင် တာမိုးညဲမြို့နယ်ခွဲ ရပ်ကွက်(၄) မူလွန်ကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်အေးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြသည်။

မြို့နယ်ဦးစီးမှူးက စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးကို ရှင်းပြပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ၍ အကောင်းဆုံးဖတ်နိုင်သူ မနွယ်နွယ်အေးအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပေးသည်။ **အယ်စိုး(Iprd)**

နွားထိုးကြီးတွင် အင်ကြင်းကျောက်အသင်းချုပ်ရုံးဖွင့်မည်

နွားထိုးကြီး အောက်တိုဘာ ၂၁

ဒေသတွင်း အလုပ်အကိုင်ရရှိရေး အင်ကြင်းကျောက်အကြွမ်းမှ အချောထည်ထုတ်လုပ်ရေးနှင့် နိုင်ငံတော်ကို အင်ကြင်းခံကျောက်ဖြင့်အခွန်အခရရှိရေးအတွက် မြန်မာနိုင်ငံ အင်ကြင်းကျောက်အသင်းချုပ်ကို ဖွဲ့စည်းရကြောင်းဖြင့် မြန်မာနိုင်ငံအင်ကြင်းကျောက်လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌက ပြောသည်။

မကြာမီ အင်ကြင်းကျောက် အထွက်ဆုံး နွားထိုးကြီးမြို့နယ်တွင် အင်ကြင်းကျောက် လုပ်ငန်းရှင်များ အသင်းချုပ်ရုံးဖွင့်၍ ဆောင်ရွက်မည်ဟု နွားထိုးကြီးမီဒီယာ၏ မေးမြန်းမှုကို အသင်းချုပ်ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။ နွားထိုးကြီး မြို့နယ်တွင် အင်ကြင်းကျောက်ကုမ္ပဏီ ၂၀ ကျော် ရှိကြောင်း သိရသည်။

ငွေးမြင့်(နွားထိုးကြီး)

ထောင်မှလွတ်ပြီး တစ်ပတ်အကြာ လူသတ်မှုထပ်မံဖြစ်

ရန်ကုန် အောက်တိုဘာ ၂၁

အောက်တိုဘာ ၁၄ ရက် နံနက် ၃ နာရီက ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်တစ်ဖက်ကမ်းရှိ အောက်ရုံရပ်ကွက် ပိတောက်ပင်လမ်း၌ လူသတ်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်းရပ်ကွက် ဘောဂဗလလမ်းတွင် နေထိုင်သူ သန်းလင်းထိုက်(ခ) မြွေပွေး (၃၃နှစ်)နှင့်အောက်ရုံရပ်ကွက် ပိတောက်ပင်လမ်းတွင်နေထိုင်သူ သိန်းတန်(၃၄နှစ်)တို့နှစ်ဦးသည် အောက်တိုဘာ ၁၃ရက် ည ၉နာရီက စကားများခဲ့ကြသည်ဟု သိရသည်။

ယင်းသို့စကားများခဲ့ကြခြင်းအပေါ် မကျေနပ်၍ သန်းလင်းထိုက်(ခ)မြွေပွေးက အောက်ရုံရပ်ကွက်သို့ သွားရောက်ကာ အိမ်ပေါ်တွင် အိပ်ပျော်နေသည့် သိန်းတန်၏ လည်ပင်းသို့ ဓားဖြင့်ထိုး၍ ပြန်လည်ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်ဟု စက်ဆန်းနယ်မြေရဲစခန်းမှူးက ဆိုသည်။

ဓားဖြင့်ထိုးသွားသူ သန်းလင်းထိုက် (ခ) မြွေပွေးအား အရေးယူပေးရန် မိခင်ဖြစ်သူ ဒေါ်စန်းက စက်ဆန်းနယ်မြေရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ဒဏ်ရာရရှိသူ သိန်းတန်အား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် အောက်တိုဘာ ၁၄ ရက် နံနက် ၄ နာရီ ၃၅ မိနစ်တွင် ရရှိဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူကို အမြန်ဆုံး ဖမ်းမိနိုင်ရေးအတွက် စခန်းမှူးစခန်းမှူး ရဲအုပ် ရဲမင်းစိုးနှင့်အဖွဲ့က နယ်မြေအတွင်း ပိတ်ဆို့ရှာဖွေခဲ့ရာ အခင်းဖြစ်ပြီးလေးနာရီအတွင်းအောက်တိုဘာ ၁၄ရက် နံနက် ၆နာရီက သန်းလင်းထိုက်(ခ) မြွေပွေးအား သက်သေခံဓားနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက်ထိုက်သင့်သောပြစ်ဒဏ်ရရှိရေးအတွက် စက်ဆန်းနယ်မြေရဲစခန်းမှ အရေးယူထားသည်ဟု ဆိုသည်။

၎င်းမှာ လက်နက်ကိုင်ဆောင်မှုဖြင့် အကျဉ်းထောင်မှလွတ်မြောက်ပြီး တစ်ပတ်အကြာ၌ ယခုကဲ့သို့လူသတ်မှု ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကိုကြီးတင်

အလိမ္မာစာမှာရှိ

နှစ် (၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်း

သားနှင့်သမီးအပေါ်မှာ နေလိုလလို မေတ္တာထားပြုစုစောင့်ရှောက်ပေးပါသော ချစ်ဖေဖေ ဦးစောလွင်နှင့် ချစ်မေမေ ဒေါ်မေမြတ်မူတို့၏ ၂၂-၁၀-၂၀၁၃ ရက်တွင်ကျရောက်သော နှစ် (၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသားသမီး၊ မြေး၊ မြစ်များနှင့်အတူ ဘာသာ သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေ…။

ချစ်သား ဟိန်းသူလွင် (2 nd Mate FG, Uniteam)-

ချစ်သမီး ဆုဝတီနွယ် (Golden Myanmar Airlines)

ကဝမဟာစည်ဘုံကထိန်ပွဲ

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ ရာဇာဓိရာဇ်လမ်း ကဝမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း ပုရိမဝါမှ ထတော်မူကြသော **ကဝဆရာတော် အရှင်ဝဏ္ဏိတသာရ၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ မဟာစည်နယ်လှည့်ဓမ္မကထိက အရှင်မြတ်** နှင့် သံဃာတော် အရှင်မြတ်တို့အား **ပဉ္စမအကြိမ် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ** ကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေး အသီးသီးမှ ကထိန်ဒါယကာ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ဖုန်း-၀၅၂-၃၀၉၅၁၊ ၀၉-၅၀၆၆၂၉၈

အကျိုးတော်ဆောင်အဖွဲ့၊ ကဝမဟာစည်

အထက ထိန်တော တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထကထိန်တောတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူပြီးကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးတို့အား တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁-၁-၂၀၁၄ရက် နံနက် ၉နာရီတွင် အထက ထိန်တော ထိန်သာယာခန်းမ၌ ကျင်းပသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူများအားလုံးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

ဦးခင်မောင်ဝင်း (ငြိမ်း)	ဖုန်း-၀၉-၈၆၁၈၃၁၉	(ရန်ကုန်)
ဦးကျော်ဦး	ဖုန်း-၀၉-၄၂၃၇၀၀၃၄၀	(ထိန်တော)
ကိုခင်မောင်အေး	ဖုန်း-၀၉-၇၃၁၇၇၁၇၃ ၀၁-၂၀၉၀၉၃	(ရန်ကုန်)
ဦးငွေးလှိုင်	ဖုန်း-၀၉-၄၂၃၇၀၈၆၉၄	(ရန်ကုန်)
ကိုကျော်မိုး	ဖုန်း-၀၉-၈၆၁၈၁၂၈	(ရန်ကုန်)
ကိုရဲကျော်သူ	ဖုန်း-၀၉-၄၂၃၇၀၀၄၁၆	(ထိန်တော)

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ စုပေါင်းမဟာဘုံကထိန်ဖိတ်ကြားလွှာ

မြစ်ကြီးနားအသင်း (ရန်ကုန်)၏ (၂၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ရွှေတိဂုံစေတီတော် ဩဝါဒခံဆရာတော်ကြီးများအပါအဝင် ပင့်သံဃာ ၁၈ ပါးတို့အား ကထိန်သင်္ကန်းနှင့်တကွ အခြံအရံလှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ၂၇-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျောက်စိမ်းတွင်းဓမ္မာရုံ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများနှင့် အလှူရှင်များမပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (နံနက်စာ ပြည်နယ်ဟင်းလျာထမင်းဟင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။)

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁) ဦးစောနွဲ့သန်းစိန် ဖုန်း-၃၇၅၄၂၁၊ ၀၉-၅၀၉၉၁၁၆၊ (၂) ဒေါ်ဘေဘီ ဖုန်း-၅၇၇၈၀၂၊ ၀၉-၅၁၇၃၃၇၈၊ (၃) ဒေါ်တင်တင်ညွန့် ဖုန်း-၅၅၅၅၂၉၊ ၀၉-၈၆၃၅၅၂၅၊ (၄) ဒေါ်ကြည်ကြည်နိုင် ဖုန်း-၀၉-၃၃၂၁၅၃၄၃၊ (၅) ဦးခင်မောင်ကျော် ဖုန်း-၀၉-၄၂၁၀၉၄၂၄၇

အမှုဆောင်အဖွဲ့

အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ မြစ်ကြီးနားမြို့၊ ဈေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၄/ရုံးကွက်အနောက်ရပ်)၊ ဦးပိုင်အမှတ် ၁၀/က-၃၊ မြေဧရိယာ ၀ဒသမ၀၆၉ဧကရှိ မြေကွက်အား ဒေါ်အေးအေးလွင် အမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်အမှုတွဲအမှတ် ၁၆၇(V)/၁၉၉၁-၁၉၉၂ ဖြင့် ၃၀-၆-၂၀၂၂ရက်အထိ နှစ် ၃၀မြေငှားဂရန် ရရှိထားပြီးဖြစ်ရာ ၎င်းမြေငှားဂရန်သည် နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူကူးယူခွင့်ပြုနိုင်ပါရန် မြေငှားဂရန်အမည်ပေါက်သူ ဒေါ်အေးအေးလွင် ကိုယ်တိုင် ဤရုံးသို့လျှောက်ထားလာပါသည်။

၂။ မြေငှားဂရန်မိတ္တူ ကူးယူခွင့်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟုတင်ပြသော မြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ ခြောက်ခန်းတွဲ လေးထပ်တိုက်၊ သုမင်္ဂလာလမ်း၊ စ/သုမင်္ဂလာရပ်ကွက်၊ တိုက်(၂)၊ အခန်းအမှတ် (၀၀၅)၊ ဧရိယာပေ (၂၅×၅၈)၊ မြေညီထပ်ဆိုင်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိအမည်ပေါက်ပိုင်ရှင်ဒေါ်ကြာချင် ၁၃/ကလတ(နိုင်)၀၁၇၉၆၈ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန္တာစိုး LL.B

စဉ်-၂၀၇၅၈ (အထက်တန်းရှေ့နေ)

အမှတ် ၃/၄၆၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၄၉၂၅၂၈၇၉၊ ၀၉-၄၂၁၀၅၉၂၃၃

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

KBZ Bank Account No. 070 12 100 73 733

KBZ Bank (Account No.00730200701690301)

EDUMAP Language Centre မှ 27th SEA Games ပြိုင်ပွဲကြီးတွင် တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများအတွက် အင်္ဂလိပ်စာပညာဒါန (အခမဲ့) ပို့ချကူညီ ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

EDUMAP Language Centre ☎ 01-505965, 09-5191046, 09-73041493

HTET OO MARITIME TRAINING INSTITUTE

Whole Package BST နှင့် **Pre-Sea** **CDC / Passport** **Coffee**

၁။ BST (4 Tickets) - **Coffee**

၂။ Tanker Familiarization Course (T.F) - **Coffee**
(Oil, Chemical, Liquefied Gas)

၃။ Pre-sea Course (Deck , Engine) - (Onboard Excursion)

၄။ Deck Officer Class - 5 (NCV)

(၁) Ph:01-544562, 09 250278274

(၂) Ph: 09 421154222

လုံးဝ မသက်ဆိုင်ကြောင်း

ဦးထွန်းရွှေ၏သား မောင်ကျော်သူ၏ဇနီးဖြစ်သူ ဦးထွန်းဝေ၏သမီး မထက်ထက်ဝေသည် ၂၀-၅-၂၀၁၁ ရက်မှစ၍ ထွက်ခွာသွားပြီး ယနေ့အထိ ပြန်ရောက်မလာပါ၍ ၎င်းနှင့်လုံးဝမသက်ဆိုင်တော့ကြောင်း ကြေညာအပ်ပါသည်။

မောင်ကျော်သူ (ကျိုက်ထို)

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

... Pent House+Lift ...

Dawei Beauty

	16 NOV / 24 DEC
	16 NOV / 24 DEC
	15 NOV / 24 DEC
	25 DEC
	25 DEC
	24 DEC
	24 DEC
	16 NOV / 25 DEC
	15 NOV / 24 DEC

Ph : 01 294326 , 09 255723554, 09 73225708, 09 73020439

Ph : 059 23987 , 09 5108450

FAME **Uritec®**
For urinary tract infection
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Urocrush®**
For renal stones
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၉-၂၀၁၃ ရက် ဤသတင်းစာ၏ ကြော်ငြာစာမျက်နှာ (၃) ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဦးတင့်လွင် ၁၂/ဥကမ(နိုင်)၀၉၄၆၅၉၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ၆၁၆/က၊ နှင်းဆီ (၅)လမ်း၊ အမည်ပြောင်းအစား မြေပုံကူးဟု ပြင်ဆင်ဖတ်ရှုပါရန်။

သွေးသည် အသက်

MCC Training Institute (Yatanarpon Campus)

B.S.E (Bachelor of Science in Engineering) အင်ဂျင်နီယာ ဘွဲ့များ

(မြန်မာနိုင်ငံအရပ်ရပ်မှ ကျောင်းသား/ကျောင်းသူများအမြန်ဆုံး ဆက်သွယ်တက်ရောက်နိုင်ပါပြီ)

Tel : 02-5178132, 5178112, 5178113, 09-43104966

Enroll Now!

Student Recruitment Agent

ဌာနဆိုင်ရာ၊ လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

သာသနာရေးဝန်ကြီးဌာန
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၊ စွယ်တော်မြတ်စေတီတော်အနီး
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဒီပလိုမာ (၁)နှစ်သင်တန်းတက်ရောက်ခွင့်

လျှောက်လွှာများခေါ်ယူခြင်း

၁။ **အရည်အချင်းသတ်မှတ်ချက်**
(က) **ပြည်တွင်းလျှောက်လွှာရှင်များ**
(၁) ရဟန်းတော်များ ဓမ္မာစရိယတန်းအောင်မြင်ပြီးဖြစ်ရမည်။
(၂) သာသနာ့နွယ်ဝင် သီလရှင်များ၊ လူပုဂ္ဂိုလ်များ (ကျား/မ)တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။
(၃) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
(ခ) **ပြည်ပလျှောက်လွှာရှင်များ**
(၁) နိုင်ငံခြားသား ရဟန်းတော်၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးများသည် သတ်မှတ်ထားသည့် အထက်တန်းအဆင့် (Matriculation) မြန်မာနိုင်ငံတွင် ကျင်းပသော အခြေခံပညာအထက်တန်း(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းနှင့်အဆင့်တူ စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(၂) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။ (ပြည်တွင်း၊ ပြည်ပ လျှောက်လွှာရှင်များသည် ပညာအရည်အချင်း၊ အောင်လက်မှတ်မူရင်းများကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရန်)။
၂။ **အသက်ကန့်သတ်ချက်**
လျှောက်ထားသူသည် အသက် (၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိသူ ဖြစ်ရမည်။
၃။ **ဝင်ခွင့်စာမေးပွဲ (ရေးဖြေ၊ နှုတ်ဖြေ)**
(က) အင်္ဂလိပ်ဘာသာဖြင့်ဖြေဆိုရမည့် မေးခွန်းလွှာများ
(၁) တက္ကသိုလ်ဝင်ခွင့်အဆင့်ရှိ အင်္ဂလိပ်ဘာသာမေးခွန်းလွှာ၊
(၂) အခြေခံဗုဒ္ဓဘာသာ ဗဟုသုတမေးခွန်းလွှာ၊
(ခ) အင်္ဂလိပ်ဘာသာဖြင့် လူတွေ့ဖြေဆိုခြင်း
၄။ **ဝင်ခွင့်လျှောက်လွှာပိတ်ရက်** - ၁၅-၁၂-၂၀၁၃ ရက်
၅။ **ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်** - ၉-၁-၂၀၁၄ ရက်
၆။ **တက္ကသိုလ်စတင်ဖွင့်လှစ်မည့်ရက်** - ၂၀၁၄ ခုနှစ် ဇွန်လ ပထမပတ်
၇။ ဒီပလိုမာ (၁)နှစ်သင်တန်းအောင်မြင်ပြီးသူသည် B.A. (B.Dh)ဘွဲ့ (၂)နှစ်သင်တန်း ဆက်လက်တက်ရောက်ရန် လျှောက်ထားနိုင်သည်။
၈။ ပြည်ပသင်တန်းသားများ ပညာဆည်းပူးနေစဉ်ကာလတစ်လျှောက် ပညာရေးနှင့် နေထိုင်စားသောက်ရေးတို့ကို တက္ကသိုလ်က တာဝန်ယူပေးမည်။
၉။ **ဆက်သွယ်စုံစမ်းရန် တယ်လီဖုန်းနံပါတ်များ**
၆၅၀၇၁၂၊ ၆၅၀၇၁၃၊ ၆၅၂၆၂၉၊ Fax- ၀၉၅-၁-၆၅၀၇၀၀

ညီညီအောင်
မော်ကွန်းထိန်း

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်လမ်း၊ တံတားများ၊ ရေပေးရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာ၊
ယင်လုံအိမ်သာလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ရှမ်းပြည်နယ်အတွင်း (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းများအပါအဝင်)တွင် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာ၊ ယင်လုံအိမ်သာလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	ကတ္တရာလမ်း-၅၅/၀မိုင်	(ခ)	ကျောက်လမ်း-၁၀၄/၀မိုင်
(ဂ)	မြေလမ်း-၂၇၄/၂မိုင်	(ဃ)	သစ်သားတံတား-ပေ ၅၅၀၀
(င)	ရေမြှုပ်တံတား-ပေ ၂၆၅၀	(စ)	ရေပေးရေး-၁၉၉ခု
(ဆ)	ရေအားလျှပ်စစ်-၅၄ခု	(ဇ)	ဆိုလာစနစ်-၂၈၉၀ခု
(ဈ)	ကျေးလက်အိမ်ရာ-၁၀၈လုံး	(ည)	ယင်လုံအိမ်သာ-၅၀၀လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၃-၁၀-၂၀၁၃ရက်မှစတင်၍ ရောင်းချလျက်ရှိပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၁၁-၂၀၁၃ ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက်သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ သပြေလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့ဖြစ်ပါသည်။
၅။ အသေးစိတ်သိရှိလိုသည့် အချက်များကို ဤဦးစီးဌာန၏ ဖုန်း-၀၈၁-၂၁၂၄၂၄၈၊ ၀၈၁-၂၁၂၄၂၄၉၊ ၀၉-၃၆၀၅၅၉၄၆၊ ၀၉-၅၂၈၃၂၆၀၊ ၀၉-၄၉၂၃၄၄၇၅၊ ၀၉-၅၀၈၀၉၄၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တောင်ကြီးမြို့

" ရောင်းရန်ရှိသည် "
ဆီဆုံ၊ ဆီစက်ပစ္စည်းများ
(တစ်ရက်လျှင် ၂၅ ပေပါ ထွက်သည်။)စက်မှုဇုန်
ရန်ကုန်တွင် ကြည့်ရန်၊ အသင့်သုံးနိုင်သည်။
ဖုန်း-၀၁-၃၈၅၇၇၅၊ ၂၄၂၂၇၉၊ ၂၅၃၅၇၉

G.T. I ကျောင်းသားဟောင်း သူငယ်ချင်းတို့ရေ-

G.T. I ရာပြည့်ဖြစ်တဲ့ ၁၉၉၅ ခုနှစ်ကစပြီး တစ်နိုင်ငံလုံးက တို့ရဲ့ G.T. I ဆရာကြီး ဆရာမကြီးတွေကို သူငယ်ချင်းတို့စုပေါင်းပြီး အာစရိယပူဇော်ပွဲအတွက် လှူဒါန်းခဲ့တာ (ကျပ်သိန်းပေါင်းခြောက်ထောင်)ကျော်ခဲ့ပါပြီ။

ဒါတင်အားမရသေးဘဲ ဆရာကြီး ဆရာမကြီးတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သီးခြားလှူဒါန်းခဲ့တာလည်း (ကျပ်သိန်းနှစ်ထောင့်နှစ်ရာ)လောက် ရှိခဲ့ပါပြီ။

ကိုယ်ရဲ့ ချွေးနဲ့စာလေးတွေထဲကနေ ပါရမီမြောက်စွာနဲ့ လှူဒါန်းခဲ့တဲ့ သူငယ်ချင်းတို့ကို မုဒိတာအပြည့်နဲ့ ဂုဏ်ပြုပွဲအခမ်းအနားတစ်ခု ကျင်းပပေးမှာမို့ အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် ကြွရောက်ပေးကြဖို့ လေးလေးစားစားနဲ့ ဖိတ်ခေါ်လိုက်ပါတယ်။ တစ်ယောက်ချင်းစီ ဖိတ်စာပို့ပေးပေမယ့် မရခဲ့ရင်လည်း ကြွရောက်ပေးပါ သူငယ်ချင်းတို့ရေ-

နေ့ရက် - ၂၇-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (Function Hall)
တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
အသေးစိတ်သိလိုသေးရင် ဦးခင်ဇေ (ရုံးအဖွဲ့မှူး)၊ ဖုန်း-၀၁-၅၁၉၈၆၃ ကို ဆက်သွယ်ကြပါနော်။

အလုပ်အမှုဆောင်အဖွဲ့
A. G.T. I အသင်း

(70'×93')2½RC 3MBR - 7500
(60'×85') - 6000
(20'×92') 2BR Hall - 3700
(40'×135') - 3200
(30'×65')1RC 1MBR,2BR - 2700
Ocean Condo (1500 sqft)1MBR,2BR,4A/C,Ph;2300
(18'×80')2BR,1A/C,Ph; 2F 950
(80'×80')4MBR,2BR,F.F 2RC 6500
(45'×85')1MBR,3BR,9A/C 2RC 25
Race Course Condo (1400 sqft)1MBR,2BR,Lift 18
Ph: 541501, 400781, 551197, 8603566,
09 73165656, 09 73095285, 09 73176988
E.mail : saikhungnoung1995@gmail.com

Since - 1993
01-583121, 09-421152155, 09-450041577, 09-43082855

STYLE
Design & Tailoring Training Centre
Dozo Fashion Technical School
Myanmar Young Designer
(2.11.2013)
09 73037491, 09 5096251

(1) Juntion Ph:571545, 09-5126882
(2) Ph:200917,09-43122884
(3) Ph:566592,09-421008133

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
Tel; (067)067-414184, 067-414223

ပြည်တွင်းပုလဲရောင်းချပွဲ

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် (၃၃)ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် ရောင်းချပါမည်။
၂။ နိုင်ငံသား မည်သူမဆို တက်ရောက်နိုင်ပါသည်။ ရောင်းချပွဲအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ရက် (ဗုဒ္ဓဟူးနေ့)
၀၉:၀၀-၁၆:၀၀ နာရီ ပုလဲတွဲများ ပြသကြည့်ရှုခြင်း
၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်(ကြာသပတေးနေ့)
၀၉:၀၀-၁၆:၀၀ နာရီ ပုလဲတွဲများ ပြသကြည့်ရှုခြင်း
၁၆:၀၀ နာရီ တင်ဒါအမှတ် (၁)ပိတ်သိမ်းခြင်း
၁၇:၀၀ နာရီ တင်ဒါအမှတ် (၁)ကြေညာခြင်း
၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက် (သောကြာနေ့)
၀၉:၀၀-၁၆:၀၀ နာရီ ပုလဲတွဲများပြသကြည့်ရှုခြင်း
၁၂:၀၀ နာရီ တင်ဒါအမှတ် (၂) ပိတ်သိမ်းခြင်း
၁၃:၀၀ နာရီ တင်ဒါအမှတ် (၂) ကြေညာခြင်း
၁၆:၀၀ နာရီ တင်ဒါအမှတ် (၃) ပိတ်သိမ်းခြင်း
၁၇:၀၀ နာရီ တင်ဒါအမှတ် (၃)ကြေညာခြင်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

S$ - 520 + OT
S$ - 430 + OT
S$ - 430 + OT
ISO 9001 : 2008
ပြည်တွင်း-ပြည်ပ
ITE

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၂၆၃/က၊ မြေကွက်တည်နေရာအမှတ် (၂၆၃/က)၊ မင်းရဲကျော်စွာ (၁)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတင်ဦး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ဦးနှင့် ဇနီးဒေါ်တင်လှိုင် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်း ၁၂/မဂဒ(နိုင်)၀၁၅၇၉၃၊ ဒေါ်ရီရီနွဲ့ ၁၂/ဥကတ(နိုင်) ၁၂၀၅၂၅၊ ဒေါ်သက်သက်ဝင်း ၁၂/ဥကတ(နိုင်)၁၂၃၉၈၈တို့က သမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တရားဝင် တစ်ဦးတည်းသော ခင်ပွန်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာလယ်လမ်း၊ စဥ့်ငူ၊ အမှတ် က/၅၁၈ နေ ကျွန်တော် ဦးဇော်ဝင်းမောင် ၁၁/စတန(နိုင်)၀၀၂၅၈၉ သည် ဒေါ်သျှင်ထွီးမ ၁၂/အစန(နိုင်)၁၇၅၆၅၅၏ တရားဝင် တစ်ဦးတည်းသောခင်ပွန်းဖြစ်ကြောင်းနှင့် ဇနီးဖြစ်သူ ဒေါ်သျှင်ထွီးမသည်လည်း အမြန်ဆုံးပြန်လာပါရန်နှင့် ကိစ္စအဝဝကို ခွင့်လွှတ်ကျေအေးပါကြောင်း၊ လက်ခံသွေးဆောင်၊ ဖြားယောင်းထားသူ၊ မိသားစုပြိုကွဲအောင် အားပေးအားမြှောက်ပြုလုပ်သူများအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်ဝင်းမောင်
၁၁/စတန(နိုင်)၀၀၂၅၈၉

ကြော်ငြာ

၂၀၁၂ ခုနှစ်အတွက် ချီးမြှင့်မည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနား၏ အောက်ပါလုပ်ငန်းရပ်များကို ရန်ကုန်မြို့တွင် ကြော်ငြာခြင်းလုပ်ငန်းနှင့်အတူ တစ်ပေါင်းတည်း ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Digital စနစ် စင်မြင့်ဆောက်လုပ်ခြင်း၊စင်မြင့်ပြင်ဆင်ခြင်းနှင့် မီးအလှဆင်ခြင်း

(ခ) အခမ်းအနားကျင်းပမည့်နေရာနှင့် ပတ်ဝန်းကျင်ပြင်ဆင်ခြင်း

(ဂ) ဖိတ်ကြားဧည့်သည်နှင့် အနုပညာရှင်များဧည့်ခံကျွေးမွေးခြင်း

(ဃ) ဖျော်ဖြေရေးအစီအစဉ်ဆောင်ရွက်ခြင်း

(င) အစီအစဉ်ကြေညာသူ၊ ဆုဗန်းကိုင်၊ မိတ်ကပ်၊ လက်ဝတ်ရတနာနှင့် ပန်းအလှပြင်ခြင်းများ စီစဉ်ဆောင်ရွက်ခြင်း

(စ) ဖိတ်စာများနှင့်မှတ်တမ်းစာအုပ်ရိုက်နှိပ်ခြင်း

(ဆ) လက်မှတ်ရောင်းချခြင်းနှင့်လုံခြုံရေးအစီအစဉ်ဆောင်ရွက်ခြင်း

(ဇ) လိုအပ်ပါက ရုပ်မြင်သံကြားတိုက်ရိုက်ထုတ်လွှင့်ခြင်း အစီအစဉ် ဆောင်ရွက်ခြင်းနှင့် သတင်းမီဒီယာများနှင့် ပတ်သက်၍ ပွဲကျင်းပချိန်တွင် စနစ်တကျရှိသော သတင်းရယူမှု အစီအစဉ်ဆောင်ရွက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁၀-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း တစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/ ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ၂၈-၁၀-၂၀၁၃ ရက်မှစတင်၍ ၂၂-၁၁-၂၀၁၃ ရက် ညနေ ၄ နာရီအထိ လျှောက်လွှာများလက်ခံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရွေးချယ်ကြော်ငြာမည့်ရက်အား ထပ်မံဆက်သွယ်ကြော်ငြာအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုံးချုပ်၊ အမှတ် ၂၈၊ ကုက္ကိုင်း ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန် ဖုန်း-၅၃၇၄၃၉၊ ၅၃၄၈၈၆ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့ရုပ်ရှင်လုပ်ငန်း

အမည်မှန်

မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်နေ ဦးပေါက် အန် ၁၃/နခန(နိုင်)၀၃၄၄၉၂၏ ဇနီးအမည်မှန်မှာ ဒေါ်ကိုက်တီဖြစ်ပြီး မူဆယ် အထက(၁)ဒုတိယတန်း(က)မှ သား၏ အမည်မှန်မှာ မောင်ဂျာချိန့်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းအရ ၂၁-၁-၂၀၁၂ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၀၊ မြေကွက်အမှတ် ၂၇၊ မြေကွက်တည်နေရာအမှတ် ၂၇၊ (၃၀)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးကျော်ဒွန်း AC-၀၃၇၇၀၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ဒွန်းကွယ်လွန်သဖြင့် ဒေါ်ခင်သန်းနွယ် ၁၂/ဥကတ(နိုင်)၀၄၀၃၀၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၁၇၄၄၃/၁၃(၁၇-၉-၁၃)ဖြင့် ဒေါ်ယဉ်ယဉ်ထွန်း ၁၂/ဒဂမ(နိုင်)၀၁၁၈၀၇ ရရှိသူမှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၄၊ မြေကွက်အမှတ် ၁၂၇၄၊ မြေကွက်တည်နေရာအမှတ် ၁၂၇၄၊ မြရတနာလမ်း၊ ၂၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကြီးမြင့် ၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆က တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် မေတ္တာဖြင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၁၁ ခုနှစ် ဓာရီမှုအမှတ်-၁၀၅

မန်နေဂျာ **နှင့်** ၁။ ဦးစိန်ဝင်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ခင်မြ
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၅ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ် (၁)ရပ်ကွက်၊ ကွင်းအကွက် (၈/ငါးဆူတိုးချဲ့)၊ ဦးပိုင်အမှတ်-(၁၄၅+၁၄၆)၊ မြေကွက်အမှတ် (၁၄၅+၁၄၆)၊ ဧရိယာ ၀ ဒသမ ၁၆၄ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇×၂၇)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း လူနေတစ်ထပ်တိုက်နှင့်တွဲလျက် (၂၇×၂၇)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ စက်ရက်ကန်းရုံ၊ ပေ(၁၀×၅) အာရ်စီ၊ စလက်မိုး၊ ရေချိုးခန်း၊ ရေအိမ် (၆၀×၂၅)ပေ ကွန်ကရစ်တလင်းနှင့် ပေ ၁၂၀ရှည် ၆ပေမြင့် အုတ်ဝင်းခြံ၊ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ် ၁၆၅သိန်း။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင့်လွင်
တွဲဖက်မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ဗိုလ်မှူးမောင်မောင်(ငြိမ်း) လေ/၁၂၉၆ လေယာဉ်မှူးကြီး(ငြိမ်း)၊ မြန်မာ့လေကြောင်း အသက်(၈၆)နှစ်

ပျဉ်းမနားမြို့နေ(ဦးဘိုးထိုက်-ဒေါ်ပု)တို့၏သား၊ ပျဉ်းမနားမြို့နယ်၊ ကျည်တောင်ကန်ကျေးရွာနေ (ဦးအုန်းမောင်-ဒေါ်သောင်း)(ဦးမြမောင်-ဒေါ်မမလေး)တို့၏မောင်၊ ဒေါ်အမာကြည်၏အစ်ကို၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေး ထောင့်ကန်လမ်း၊ ဇဝနတာဝါ၊ အခန်းအမှတ် ၅၀၁နေ ဒေါ်မေမေဟန်၏ခင်ပွန်း၊ ဒေါ်ခင်ဝင်း၊ ဦးသက်ဝေ-ဒေါ်ခင်အေးသက်၊ ဦးမောင်မောင်အေး-ဒေါ်အေးအေးဇင်၊ ဒေါက်တာမောင်မောင်လတ်- ဒေါက်တာသင်းဝါကြည်၊ ဦးမောင်မောင်ထွေး-(ဒေါ်ခင်မော်လွင်)တို့၏ဖခင်၊မြေး ၁၄ယောက်၊မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၀-၁၀-၂၀၁၃ရက် နံနက် ၂း၁၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၃ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ငွေကြည်(မော်လမြိုင်) အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ ဦးပိုက်(မော်လမြိုင်မြို့၊ စေတနာနာရေးကူညီမှုအသင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်)၏ဇနီး၊ ဦးစိုးမြင့်-ဒေါ်မြခင်၊ ဦးသောင်းရှိန်-ဒေါ်ခင်အေးမူ၊ ဦးတင်မြင့်(ခ) ဒါရိုက်တာဒီပ(သီတဂူ)-ဒေါ်ခင်ဝင်းကြည်(သီတဂူ)၊ (ဦးသိန်းဝင်း)-ဒေါ်ခင်မြင့်မူ (သီတဂူ)၊ ဦးအောင်ဝင်း-ဒေါ်တင်တင်မာ၊ ဦးမျိုးမြင့်- ဒေါ်နွယ်နီဝင်း၊ဦးနေဝင်း-ဒေါ်တင်တင်နွယ်(သီတဂူ) တို့၏မိခင်၊မြေး ၁၉ယောက်၊ မြစ် ၁၆ယောက်တို့၏အဘွားသည် ၂၀-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှေ့မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ အမှတ် ၄၁၇(က)၊ သုတ ၃လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိပါကြောင်း

၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားသော ဦးလှမြိုင်(ကိုဆောင်း) အသက် (၈၉)နှစ်အား နာမကျန်းစဉ် ဂရုတစိုက်ကြပ်မတ်ကုသပေးခဲ့သော အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာဦးဇော်သန်းထွန်း၊ ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသန့်ဇင်စိုး၊ ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးဖုန်းမြင့်၊ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးလွှမ်းဝေ၊ အရိုးအကြောအထူးကုဆရာဝန်ကြီး ဒေါက်တာဦးကျော်မင်းဦး၊ အထွေထွေရောဂါကုသမားတော် ဒေါက်တာဦးစောအောင်မိုးအေး၊ အရိုးအကြောအထူးကု ဒေါက်တာကျော်မင်းစိုးနှင့် နာမကျန်းစဉ် လိုအပ်သောပစ္စည်းများကူညီထောက်ပံ့ပေးသော ဇီဝိတဒါနသံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့၊ မြောက်ဒဂုံမြို့နယ်မှ အောက်ဆီဂျင်လှူဒါန်းသောအဖွဲ့များ၊ သတင်းစာတွင်ဝမ်းနည်းကြေကွဲကြောင်းနှင့် ဝမ်းနည်းသဝဏ်လွှာပေးပို့ကြသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီးဒေါ်သက်သက်ဆွေ၊ သမဝါယမဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများနှင့်ဝန်ထမ်းများ၊ ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ အသင်းအဖွဲ့များနှင့် မိတ်သင်္ဂဟများ နာရေးတွင် ပန်းခြင်းများပေးပို့ကြသော၊ အစစအရာရာကူညီပေးကြသော ဝေနေယျသုခရေချမ်းစင်အသင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်အသင်း၊ ထွန်းဖောင်ဒေးရှင်း၊ ဥပဒေပညာမိသားစုများ၊ လူမှုကူညီရေးအသင်း(သင်္ဃန်းကျွန်း)မှ အဖွဲ့ဝင်များ၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးကြသူများ၊ ငွေအား၊ ပစ္စည်းအား၊ လူအားဖြင့်ကူညီပေးကြသူများ၊ ရေဝေး၌ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ပေးကြသော လူကြီးမင်းများ၊ ကူညီဆောင်ရွက်ပေးသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် နိုင်ငံရပ်ခြားမှ ဝမ်းနည်းကြောင်း သတင်းပေးပို့ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ရင် (မိုးကုတ်) အသက်(၇၁)နှစ်

မိုးကုတ်မြို့၊ ကျပ်ပြင်ဈေးရပ်နေ ဖွားစက်ညွန့်၏သား၊ မိုးကုတ်မြို့၊ တောင်ကချင်ရပ်နေ ဒေါ်ညိုညို၏တူ၊ မိုးကုတ်မြို့နေဒေါ်ညွန့်ညွန့်၊ ရန်ကုန်မြို့နေ ဦးဝင်းဖေ-ဒေါ်ရွှေချော၊ ဒေါ်ပြုံး၊ မိုးကုတ်မြို့နေ ဦးခင်မောင်ဌေး-ဒေါ်စန္ဒာ၊ ဒေါ်ပျို၊ ဒေါ်ညို၊ ဦးသောင်းညွန့်-ဒေါ်ရင်ရင်၊ မန္တလေးမြို့နေ ဒေါ်ဝင်းခင်တို့၏ညီ/မောင်၊ မိုးကုတ်မြို့၊ အောင်နန်းရပ်နေ ဒေါ်ဝင်းရီ၊ ဦးကျော်ညွန့်-ဒေါ်နန်းမြထွေး၊ ရန်ကုန်မြို့နေ ဦးသန်းဝင်း-ဒေါ်မေသန်းတင်တို့၏အစ်ကို၊ ကိုဝင်းနိုင်-မဝင်းမိုးသက်၊ ကိုသိန်းဦး-မနန်းခင်စန်းကြည်၊ ကိုသိန်းဝင်း၊ ကိုမျိုးသန့်-(မမြင့်မြင့်သိန်း)တို့၏ဖခင်၊ မြေး ၂၅ယောက်တို့၏အဘိုး၊ အမှတ် ၅၄၊ ခြောက်လွှာ-A၊ ၈၇လမ်း၊ ကန်တော်ကလေးနေ ဒေါ်တင်တင်၏ခင်ပွန်းသည် ၂၀-၁၀-၂၀၁၃ရက် နံနက် ၉း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း ဗိုလ်ကြီးသန်းမြင့် (ငြိမ်း) အသက် (၆၀)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ အမှတ် (၃) လမ်းမကြီး၊ အမှတ် ၂၆၂ နေ ဒေါ်ငွေတင်၏ခင်ပွန်း၊ ကိုဝဏ္ဏထွန်းဖေ-ဒေါ်ခင်သန္တာမြင့် (Impact Co.,Ltd.) နေ ဒေါ်တင်မာလာမြင့် (ဌာနစုမှူး-၁၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဗိုလ်ကြီးမျိုးဝင်း (လ/ထ ကထိက၊ စစ်တက္ကသိုလ်) - ဒေါ်ခင်သဇင်မြင့် (ဒုတိယဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းရေးဆွဲရေး ဦးစီးရုံး)၊ ဒေါက်တာတင်မောင်အေး (အင်းစိန်ပြည်သူ့ဆေးရုံကြီး)၊ ဗိုလ်လောင်းအောင်ပြည့်စုံ (DSA)တို့၏ဖခင် ဗိုလ်ကြီးသန်းမြင့် (ငြိမ်း)သည် ၁၀-၁၀-၂၀၁၃ ရက် (ကြာသပတေးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သားတပည့်
ဒေါ်စန်းစန်းဝင်းမိသားစု (ဘားအံ)

ဝမ်းနည်းကြေကွဲခြင်း ဦးအောင်သန်းသစ် အသက် (၈၂) နှစ်

ပန်းချီ၊ ဒီဇိုင်း၊ မိတ်ကပ်၊ ရုပ်ရှင်ဒါရိုက်တာ
ဟိုက်ဖာ - (အစ္စရေး) မြန်

၁၉-၁၀-၂၀၁၃ ရက်နေ့တွင် ကွယ်လွန်ခဲ့သည့် မြူးချိုသော မျက်နှာပေးပိုင်ရှင် အစ်ကိုအောင်သန်းသစ်ပြုခဲ့သော လူအများအကျိုးပြု ကိစ္စများ အသား သွားသရာ ရောက်ရှိများနှင့် လူမှုရေးကူညီမှုများအတွက် အစ်ကိုသည် ထွတ်မြတ်သော ကောင်းကင်ဘုံ ... အတူ နေထိုင်နိုင်မည့်ဘုရားရှင်၏ အတည်ပြုပေးမှုကို ရရှိမည်ဖြစ်ပါ စေကြောင်း။ ညီလေးတို့မိသားစု အမှတ်ရ ဆုတောင်းလျက်ရှိပါသည်။

ဦးတင်ရွှေ(ခ) ရွှေရည်မြင့်-ပန်းချီမိသားစု
အမှတ် ၁၀/အနောက်ဘုံမှူး ဗိုလ်ချုပ်ဈေး ရန်ကုန်မြို့။

ဘုရား၊ ကျောင်း ဒါယိကာမကြီး ဒေါ်တင်ရွှေ (ဒါးက၊ကျောင်းစု) အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ် ၃၂B_2နေ(ဦးမောင်လေး-ဒေါ်မယ်မြ)တို့၏သမီး၊ (ဦးစံရုံ-ဒေါ်တင် မေ)တို့၏ညီမ၊ ဦးတင်ထွဋ် (EP.D)၊ ဒေါ်ခင်ဇော်ဦး(MPPE၊ နေပြည်တော်)၊ ဦးမြင့်အောင်-ဒေါ်စိန်နွယ်လေး၊ ဦးလှဌေး-ဒေါ်ဝင်းဝင်းအေး၊ ဦးကျော်မင်း-ဒေါ်ဆွေဆွေမြင့်(ဦးစီးအရာရှိ၊ပြည်တွင်း အခွန်)တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၉-၁၀-၂၀၁၃ရက် (စနေနေ့) ညနေ ၆း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း ဦးအောင်သန်းသစ် (ပန်းချီ၊ ဒီဇိုင်း၊ မိတ်ကပ်၊ ရုပ်ရှင်ဒါရိုက်တာ) အသက် (၈၂) နှစ်

ဦးအောင်ရှိန်း၊ ဒါရိုက်တာ ကြော်ငြာရိုက်ကူးရေး ဒေါ်ခင်သန္တာမြင့် တို့၏ ချစ်လှစွာသော ဖခင် ဦးအောင်သန်းသစ်၊ အသက် (၈၂) နှစ်သည် ၁၉-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူဝမ်းနည်းကြေကွဲရပါသည်။

ကိုကျော်ကိုဇော်၊ ကိုမြင့်၊ ကိုရင်၊ ကိုနိုင်နှင့်
၃၅လမ်း အနုပညာမြို့တော်မိသားစု

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၇-B၊ မြေကွက်အမှတ် ၁၃/ဃ[၇-B]၊ မြေကွက်တည်နေရာအမှတ် ၅၂၉/င၊ အဝေယာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးခင်မောင်အေး(ခ)ဦးအောင်မြင့်ဦး၊ ဒေါ်စန်းမြ အမည်ပေါက် မြေပိုင်မြေ လ/န ၃၉မြေအား အမည်ပေါက် ဦးခင်မောင်အေး(ခ) ဦးအောင်မြင့်ဦး၊ ဒေါ်စန်းမြတို့ထံမှ အရောင်းအဝယ်စာချုပ် ၂၀၂၃/၉၅ (၅-၉-၉၅)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်ကျင်မြ ကွယ်လွန်သဖြင့် ဦးတင်ငွေ ၁၀/မလမ(နိုင်)၀၆၄၈၁၂က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သွေးသည်အသက်

ဒေါ်တင်စိန် (သိမ်ချောင်း) အမှတ်(၁)အပ်ချုပ်စက်ရုံ၊ ကံဘဲ့(ငြိမ်း) အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ကန်တော်ကလေး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၂၃ (ရှစ်လွှာ)နေ (ဦးလှအောင်-ဒေါ်လှသင်)တို့၏သမီး၊ (ဦးခင်အေး)၏ဇနီး၊ (ဦးသိန်းဖေ)-ဒေါ်ခင်လှ၊ (ဦးစောလှိုင်)-ဒေါ်ခင်စိန်၊ (ဦးမောင်သွင်-ဒေါ်တင်ညွန့်)တို့၏ ညီမ၊ (ဦးအောင်ခင်-ဒေါ်စန်းကျင်)၊ ဦးအောင်ထွေး-(ဒေါ်ဝင်းမေ)၊ ဦးသိန်းထွေး-(ဒေါ်မြင့်မြင့်သော်)၊ ဦးသန်းထွေး-ဒေါ်စုစုတို့၏အစ်မ၊ (ဦးစိုးဝင်းမြင့်)၊ ဦးဝင်းမြင့် (ရတနာမြိုင်ဆောက်လုပ်ရေး)-ဒေါ်စန်းစန်းနွယ်၊ ဒေါ်အေးအေးဝင်း (အထက-၁၊ ပန်းဘဲတန်း)၊ ဦးကံကြီးမောင်-ဒေါ်အေးအေးနိုင်၊ ဦးအေးပိုင်-ဒေါ်ရီရီမြင့်(USA)၊ ဦးဟန်သိန်း BOSUN(F.G)-ဒေါ်သက်သက်နိုင်တို့၏မိခင်၊ မြေးခုနစ်ယောက် တို့၏အဘွားသည် ၁၉-၁၀-၂၀၁၃ရက် (စနေနေ့) ည ၈း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၁၀-၂၀၁၃ရက် (တနင်္လာနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ဦး (ဝါးခယ်မ) လ/ထ ညွှန်မှူး၊ လဝက(ငြိမ်း) အသက်(၇၁)နှစ်

ဝါးခယ်မမြို့နေ (ဦးဘိုနီ-ဒေါ်စိန်မြိုင်)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးစံမြ)-ဒေါ်တင်ရွှေ တို့၏ သားသမက်၊ အမှတ်၄၁ (သုံးလွှာ)၊ စလင်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဒေါ်ခင်နွဲ့)၏ခင်ပွန်း၊ ဦးစိုးမြင့်ဦး-ဒေါ်အိအိဇင်၊ ဦးတင့်ဇော်မျိုး-ဒေါ်စုသက်မွန်၊ ဦးကျော်မင်းဦး-ဒေါ်မြတ်သန္တာဦးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၀-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၄း၂၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ သဖြင့် ၂၂-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (ဈေးကလေး ၅လမ်း၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိန်ဝင်း(ဂါးဒီးယန်း)

Kyodo News (ကျောင်းကုန်း)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၈၃၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဒေါက်တာဒေါ်ခင်ခင်ထွေး)၏ခင်ပွန်း၊ ဒေါ်ရီရီဝင်း (Language Consultant)-ဦးစိုးကြူ (Sumitomo)၊ (ဦးအောင်ဝင်း)-ဒေါ်အိအိချို၊ ဒေါ်အေးအေးဝင်း (Associated Press)-ဦးမင်းဇော် (Tokyo Shimbun)၊ ဒေါ်ဖြူဖြူဝင်းတို့၏ဖခင် ဂါးဒီးယန်း ဦးစိန်ဝင်း(Kyodo News)သည် ၁၇-၁၀-၂၀၂၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

မဟာသရေစည်သူ

ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)

ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

လေ-၁၁၂၇

အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၇၃)၊ တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးဦးခိုင်-ဒေါ်အုန်းကြူ)တို့၏ သား၊ (ဦးစိန်-ဒေါ်စောညွန့်)တို့၏သားသမက်၊ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်လှဝင်း-ဗိုလ်မှူးကြီး ချောချောခိုင်၊ ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း(ငြိမ်း)- ဒေါ်ခက်ခက်ခိုင်၊ ဦးကံလှတင်ထွန်း-ဒေါ်စန္ဒီဆွေ၊(ဇေယျာတင်ထွန်း)၊ ဦးမျိုးမင်းတင်ထွန်း-ဒေါ်တင်တင်မိုး၊ ဦးကျော်စောအောင်-ဒေါ်ကေကေလျာခိုင်တို့တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းသက်တင်ထွန်း၊ မောင်အောင်ဇေယျတင်ထွန်း၊ မရွှေပန်းချီ၊ မရွှေသုန္ဒြီ၊ မရွှေရည်ရွှန်းမျိုးမင်းတို့၏ ချစ်လှစွာသော အဘိုးသည် ၂၁-၁၀-၂၀၂၄ရက် (တနင်္လာနေ့) ည ၈း၃၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဗုဒ္ဓနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တစန္ဒ မဟာထေရ်

(မြို့နယ်ဩဝါဒါစရိယ)

သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မန်ကျည်းပင်ကျေးရွာ၊ စန္ဒာရာမမန်ကျည်းပင်ကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်ဩဝါဒါစရိယ လဇ္ဇီပေသလ သီလဝန္တသိက္ခာကာမဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တစန္ဒ မဟာထေရ်မြတ်ကြီးသည် (၁၃၈၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက်) ၁၈-၁၀-၂၀၂၄ရက် (သောကြာနေ့) နံနက် ၂း၂၀နာရီတွင် ဗုဒ္ဓနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမများ

ဗုဒ္ဓနတ်ထံပျံလွန်တော်မူခြင်း

ရာဇဂြိုဟ်မင်းကျောင်းတိုက်ဆရာတော်

ဦးစီးပဓာနနာယက

ဘဒ္ဒန္တတေဇဝန္တ

သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၀)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ နှမ်းခါးရွာနေ(ခမည်းတော် ဦးရေချမ်း-မယ်တော် ဒေါ်မဝဲ)တို့၏သားတော်၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ ရာဇဂြိုဟ်မင်းကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသည့် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ မထေရ်မြတ်သည်(၁၃၈၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်) ၂၀-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၆ နာရီတွင် ဗုဒ္ဓနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ရာဇဂြိုဟ်မင်းကျောင်းတိုက်

တပည့်သံဃာနှင့်ဒါယကာ၊ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်တင့်

အသက်(၈၄)နှစ်

ထားဝယ်မြို့နေ ဦးစု-ဒေါ်လှလှစီ၊ ရဲစုတောင်နေ(ဦးသန်းထွန်း)-ဒေါ်တင်မြင့်တို့၏အစ်မ၊ ရဲစုတောင်နေ ဦးဝင်းသိန်း-ဒေါ်ခင်မာပြုံး၊ ရန်ကုန်မြို့၊ သမိုင်းလမ်းဆုံနေ သတင်းထောက် ဦးမျိုးမင်းသိန်း(မျိုးမင်းသိန်း-မရမ်းကုန်း)-ဒေါ်နန်းအေးအေးကြည်၊ရဲစုတောင်နေ ဦးသောင်းသိန်း-ဒေါ်ခင်အေးဝင်း၊ မြစ်ကြီးနားမြို့နေ ဦးလွင်ဦး (ရထားပို့ဆောင်ရေး)-ဒေါ်သိန်းသိန်းခိုင်၊ ရဲစုတောင်နေ ဦးနိုင်သိန်း၊ ဒေါ်ကြူကြူခိုင်၊ လားရှိုးမြို့နေ ဦးသိန်းလွင်(ကာကွယ်ရေးဦးစီးချုပ်ရုံး-ကြည်း၊ ငွေစာရင်းရုံး)-ဒေါ်နီနီခိုင်တို့၏မိခင်၊ သမိုင်းနေ မနန်းလဲ့လဲ့မျိုး၊ မအေးအေးမျိုး၊ ရဲစုတောင်နေ ကိုကျော်ကြီး-မဇာဇာ၊ မောင်စည်သူ(RPMM)၊ မဝေသူလွင်နှင့် မြေး၁၁ယောက်၊မြစ်ငါးယောက်တို့၏အဘွားသည် ၂၀-၁၀-၂၀၂၄ရက်(တနင်္ဂနွေနေ့)ည ၁၀နာရီတွင် အင်းစိန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၂၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်လေဗှာ

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၉၃၊ မြေညီထပ်၊ ဗိုလ်ရွဲလမ်းနေ (တီဟုတ်တီ)၏ဇနီး၊ ဦးကိုကြီး-ဒေါ်ပိုကြူး၊ ဦးကျော်မြင့်-ဒေါ်ပိုကင်း၊ ဦးမောင်မောင်လွင်-ဒေါ်ချင်ပင့်၊ ဦးချန်ကျားဟီး- ဒေါ်ဌေးဌေးအေး၊ ဦးမောင်မောင်လေး-ဒေါ်သန်းကြည်၊ ဦးကျော်စိန်ဟုတ်-ဒေါ်အေးခင်၊ ဦးကျင်းလျှံ-ဒေါ်ချို၊ ဦးမျိုးနိုင်-ဒေါ်နီနီတင့်၊ ဦးမောင်ကိန်း-ဒေါ်အေးအေးဝင်းတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၉-၁၀-၂၀၂၄ရက် ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း သာသနာ့ဒါယကာကြီး

ဦးတင်မောင် (မုံရွာမြို့)

အသက်(၉၆)နှစ်

မုံရွာမြို့၊ ဘုရားကြီးရပ်၊ သိမ်တော်လမ်း၊ အမှတ် ၈၁၀နေ ဒေါ်ခင်သန်း၏ခင်ပွန်း၊ ဒေါ်ဝင်းရီ(အထပြ၊ငြိမ်း)၊ဦးမောင်မောင်ဝင်း-ဒေါ်တင်တင်ထွေး(မဏ္ဍိုင်စာပေ၊ ရန်ကုန်)၊ ဦးမျိုးမြင့်-ဒေါ်သိန်းသိန်းအေး (မြမြင့်မိုရ်သင်္ကန်းတိုက်)၊ (ဦးကျော်ဆွေ)-ဒေါ်ခင်ဝင်းကြည်(ဝေဖြိုး ပြက္ခဒိန်ဖြန့်ချိရေး)၊ ဒေါ်ခင်ဝင်းမြင့်(ရှုတိုင်းယဉ်စာပေ၊ ရန်ကုန်)၊ ဦးမျိုးတင့်-ဒေါ်စိုးစိုးမြင့်(ဥက္ကဋ္ဌ၊ချင်းတွင်းစတားကားထုတ်လုပ်ရေး)၊ ဦးမျိုးနိုင်-ဒေါ်မြင့်မြင့်ကြူ(မျိုးနိုင်အင်တာပရိုက်စ်)၊ (ဦးမျိုးလှိုင်)-ဒေါ်သီဂီသန်း(ကုန်မျိုးစုံရောင်းဝယ်ရေး၊ သုံးထပ်ဈေး၊ မုံရွာ)၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၀-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၂၄ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် မုံရွာမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မလေး(ခ) Pansy Ba (သီပေါ)

အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၄(က)၊ ဦးကျော်လှလမ်း၊ ၇မိုင်နေ ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)၏ဇနီး၊ (ဦးစောဦး)-ဒေါ်မြကြည်တို့၏ညီမ၊ ဦးလှအေး၊ ဦးအေးဖေ-(ဒေါ်ခင်မမ)၊ ဦးချစ်ဖေ၊ (ဒေါ်သန်းသန်းစိန်)-ဦးမြင့်စိုး၊ ဒေါ်သန်းတင်-ဦးသန့်ဇင်၊ ဒေါ်စောသိန်း၊ (ဒေါ်မြတ်စော-ဦးမင်းလွင်)၊ ဦးမြင့်သိန်း-ဒေါ်မြမြကြွေ၊ ဦးထွန်းသာ-ဒေါ်ယဉ်သန်း၊ ဦးအေးမြင့်ကြူ (ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)-ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ ဦးမြင့်ဆွေ-ဒေါ်အေးအေးမေတို့၏အစ်မ၊ဒေါ်အမာရီ၊ဒုတိယရဲမှူးကြီးသိန်းအောင်(ငြိမ်း) (စက်ရုံမှူး၊ Yangon Crown၊ သံမဏိ၊ သံရည်ကျိုစက်ရုံ)-ဒေါ်ခင်သန်းဝင်း၊ စိုင်းမိုးအောင် - မစိမ့်ဝေထွန်းတို့၏မိခင်၊ ဦးဇင်မျိုးထိုက် (Raffles Ship Management)-ဒေါ်တင်မိုးမိုးအောင်(Cupid Handmade Card)၊ ကိုဖြိုးမိုးအောင်(Uniteam Marine)တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၁၀-၂၀၂၄ရက် ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၂၄ ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဝင်းတင် (သုံးဆယ်မြို့)

အသက်(၆၈)နှစ်

သုံးဆယ်မြို့၊ ဗေဒင်ကုန်းရပ်ကွက်နေ ဒေါ်မြမြဝင်း၏ခင်ပွန်း ဦးဝင်းတင် အသက်(၆၈)နှစ်သည် ၁၇-၁၀-၂၀၂၄ရက်တွင် မလေးရှားနိုင်ငံ၌ ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့

ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦး-ဒေါ်ချိုချိုခိုင်

မိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မလေး(ခ) Pansy Ba (သီပေါ)

အသက်(၉၀)

သီပေါမြို့နေ ဦးမောင်မောင်ဘ-ဒေါ်ခင်ပိတောက်တို့၏သမီး၊(စောသုနန္ဒာ) (စောအုန်းညွန့်) (ဒေါ်ခင်မကြီး)တို့၏ညီမ၊ ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ အမှတ် ၄(က)၊ ဦးကျော်လှလမ်း၊ ခုနစ်မိုင်နေ ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)၏ဇနီး၊ ဦးစိုးဝင်း-ဒေါ်ခင်ခင်ရွှေ၊ စပ်ဆေးဟုမ်၊ ဒေါ်စပ်ခေမာဝတီ၊ဒေါ်ခင်ဆွေဦး၊ ဦးမြင့်ဆွေ-ဒေါ်သန်းသန်းမြင့်၊ဦးရဲမြင့်ဖေ-ဒေါ်ညိုညိုတို့၏အဒေါ်သည် ၂၀-၁၀-၂၀၂၄ ရက် ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၂၄ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးကြည်

ရွှေကျင်မြို့နယ်အသင်းဝင်

အသက်(၈၄)နှစ်

ရွှေကျင်မြို့နေ ဦးသက်တင်-ဒေါ်မြရင်တို့၏သား၊မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ဘောလုံးကွင်းရပ်ကွက်၊ (၁)လမ်း၊အမှတ်၂၉နေ ဒေါ်ကြည်၏ခင်ပွန်း၊ ဦးမြတ်ထွန်း-ဒေါ်အမာနီ၊ ဦးထွန်းရည်-ဒေါ်ခင်သန်းထွေးတို့၏ အစ်ကိုကြီး၊ ဦးစိုးနိုင်ဦး၊ ဒေါ်မိုးမိုးကြည်၊ ဦးဝင်းနိုင်တို့၏ဖခင်သည် ၁၈-၁၀-၂၀၂၄ရက် (သောကြာနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ရွှေအုန်း (မုံရွာ)

အသက်(၇၂)နှစ်

မုံရွာမြို့၊ ဒေါနခြံရပ်နေ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ရဟန်းများ၏ဒါယကာ သုဓမ္မမဏိဇောတဓရ ဦးစန်းမောင် (စာရေးဆရာ မုံရွာ စန်းမောင်)၏ဇနီးသည် ၂၀-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၅နာရီတွင် အမှတ် ၃၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၂၄ရက် (စနေနေ့) နံနက်တွင် မုံရွာမြို့၊ ဒေါနခြံရပ်ရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်မြင့်

(ရုပ်ရှင်ကော်ပိုရေးရှင်း)

စာရင်းကိုင်(ငြိမ်း)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက် ၁၊ အမှတ် ၀၀၃နေ [ဗိုလ်ကြီးမောင်စော(ငြိမ်း)-ဒေါ်သင်းကြည်]တို့၏သမီးကြီး၊ (ဦးဇော်အောင်)၊ (ဦးလှမိုး)၊ ဦးအောင်ခိုင်ဆွေ (ခေတ္တ-အင်္ဂလန်) - ဒေါ်ဥမ္မာစိုးကြည်၊ ဦးစောသန်း 2/O (Inter Ocean)-ဒေါ်သန္တာစိုးကြည်၊ ဦးတင်ကိုလင်း(ခေတ္တ-စင်ကာပူ)-ဒေါက်တာစုန္ဒယ်အေး၊မောင်သန့်ဇင်အေး(2nd M.B.,B.S)၊ မဆုမွန်မျိုးမြင့် (Myanmar Airways International)၊ မောင်သက်ဇူဦး(B-Tech 2nd)၊ မောင်ဝေလျှံမျိုးမြင့် (2nd M.B.,B.S)၊ မငုစောစန္ဒီမျိုး (ခေတ္တ-Austrualia)၊ မောင်မျိုးရန်နိုင်ဦး (ခေတ္တ-Austrualia)၊ မဆုမွန်မွန်စံ (ခေတ္တ-England)၊ မောင်ဖွဲ့အာကာစံ (Final year MMU)၊ မောင်ထက်နန္ဒစံ (Uniteam Marine) တို့၏ အဒေါ်၊ မရွှေယမင်းဦး(ရှိုးမဘဏ်)၊ မဆုရတီ (Grade-11) တို့၏အဘွားသည် ၂၀-၁၀-၂၀၂၄ရက် ညနေ ၄း၀၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁၀-၂၀၂၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဒေါက်တာဇော်မြင့် အသက်(၄၇)နှစ်

အင်းစိန်မြို့နယ်၊ အမှတ် ၅၁၉၊ အဝေရာလမ်း၊ နံ့သာကုန်းနေ ဒေါက်တာအောင်မြင့်-ဒေါ်အေးအေးမူတို့၏သားကြီး၊ ကမာရွတ်မြို့နယ်နေ ဦးကိုကြီး-(ဒေါ်စန်းရီ)တို့၏သားသမက်၊ ဒေါက်တာသီဂီကိုကြီး (ဝိတိုရိယဆေးရုံ)၏ ခင်ပွန်း၊ ဦးသောင်းထွဋ်-ဒေါ်သီတာမြင့်၊ ဒေါက်တာကျော်မြင့်-ဒေါ်ယဉ်ယဉ်ဆွေတို့၏အစ်ကိုကြီး၊ မောင်ဗစ်တာမင်းထွဋ်၏ဦးကြီး၊ မမေမြင့်မြတ်(ဒုတိယနှစ်၊ ဆေး-၁)၊ မဆုရည်မြင့်မြတ် (ဆဋ္ဌမတန်း၊ အထက-၂၊ ကမာရွတ်)တို့၏ ဖခင်သည် ၁၉-၁၀-၂၀၂၄ရက် ဒေသစံတော်ချိန် နံနက် ၁၀း၀၄နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ Medanta the Medicity Hospital၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ခင်ကြီး

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊တိုက်၂၁၈၊ အခန်း ၁၇နေ(ဗိုလ်မှူးသန်းလွင်၊ငြိမ်း/ရေ)၏ဇနီး၊ဦးသန်းထူး-ဒေါ်စီစီတင်၊ ဦးစန္ဒောဘာသ(ဦးဆန်းထူး)-ဒေါ်တင်တင်အေး၊ ဦးစိုးမြင့်-ဒေါ်စုစုမာတို့၏အစ်မကြီး၊ ဦးလွင်မော်ဦး-ဒေါ်ခိုင်ခိုင်ထွန်း (Rosana Floral)-ဒေါ်ခင်မေမီလွင် (အမက-၃၊ မူလွန်၊ ဗဟန်း)တို့၏မိခင်၊မခိုင်ဇင်သက်ထားဘို၊ မညွှန်းသစ္စာလွင် (အမက-၃၊ ဗဟန်း)တို့၏အဘွားသည် ၂၁-၁၀-၂၀၂၄ရက် နံနက်၇း၁၅နာရီတွင် တိုက်၂၀၅၊ အခန်း ၂၂၊ ရန်ကင်းမြို့နယ်နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၃-၁၀-၂၀၂၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါက်တာကိုကိုကြီး

(B.V.S) (84 Batch)

အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ(ဦးမျိုးတင့်-နော်မဂ္ဂီရင်)တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မော်လမြိုင်ပန်းခြံ၊ ရွှေလီလမ်း၊ အမှတ် ၆/၁၄/၁၇၄နေ ဦးခင်ညို(ကောလင်းအသင်း၊ ပင်လည်ဘူးအသင်း နာယက)-ဒေါ်ခင်ဝင်းတို့၏ သားသမက်၊ (ဦးကိုကိုလေး)-ဒေါ်အေးပို၊(ဦးကိုကိုလင်း)၊ဦးကိုကိုအောင်(ဦးစီးအရာရှိ၊စက်မှုလယ်ယာ၊နေပြည်တော်)-(ဒေါ်ရည်ရည်မွန်)၊ ဦးကိုကိုသိန်း-ဒေါ်ဝင်းရွှေ၊(ဦးတင်ထွန်း)-ဒေါ်သန်းဝင်းညို (အမက-၁၂၊ အင်းစိန်)၊ ဗိုလ်မှူးကြီးဝင့်လွင်ဦး - ဒေါ်ချိုချိုဦး၊ ရဲအုပ်ကျော်ကျော်ဦး-ဒေါ်ဝင်းလဲ့ခိုင်၊ ဦးဝင်းလွင်ထွေး-ဒေါ်နုနုခိုင်တို့၏ အစ်ကိုကြီး၊ ကိုအောင်စည်သူ(ဦးစီးအရာရှိ၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန)၊ မမေနှင်းသူ [Software Engineer (MIT)]၊ ကိုကျော်စည်သူ(အငယ်တန်းအင်ဂျင်နီယာ၊ New Force Co;)တို့၏ဖခင်၊ ဒေါ်သန်းဝင်းခင် (အထပြ၊ အထက-၁၊ရွှေပြည်သာ)၏ခင်ပွန်းသည် ၂၁-၁၀-၂၀၂၄ရက်(တနင်္လာနေ့)နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ ရွှေပြည်သာမြို့နယ်၊မော်လမြိုင်ပန်းခြံ၊ ရွှေလီလမ်း၊ အမှတ် ၆/၁၄/၁၇၄ ဒေါ်သန်းဝင်းခင်၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ထားရီ

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

အလက(သင်္ကြယ်ကုန်း)၊ ခရမ်းမြို့

အထက(၂)ကြည့်မြင်တိုင်

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာအေးမြလမ်း၊ အမှတ် ၇၂၁နေ (ဦးသိန်း-ဒေါ်လှခင်)တို့၏သမီး၊(ဒေါ်လှညွန့်)၏ညီမ၊ ဒေါက်တာကျော်ဇော - (ဒေါ်မြင့်ကြည်)၊ (ရဲအုပ် ဒေါ်ခင်လှိုင်မြင့်)တို့၏ အစ်မ၊ ကိုသီဟကျော်ဇော၊ ကိုနန္ဒကျော်ဇောတို့၏အဒေါ်သည် ၂၀-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁၀-၂၀၂၄ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရွှေအုန်း (မုံရွာ)

အသက်(၇၂)နှစ်

ပို့ဆောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)(ဦးဝင်းမြင့်-ဒေါ်မို့မို့သွယ်)တို့၏မိခင်၊ မောင်ဘုန်းမိုရ်-မစုသက်အေး၊ မဝတ်ရည်မြင့်သွယ်၊ မောင်စိုးပြည့်စုံတို့၏အဘွားသည် ၂၀-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၅နာရီတွင် အမှတ် ၃၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ ရန်ကုန်မြို့နေအိမ်၌ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၂၄ရက် (စနေနေ့) နံနက်တွင် မုံရွာမြို့၊ ဒေါနခြံရပ်ရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုကျော်ခိုင်စိုး(ခ)

နားကွင်းကျော်ကြီး

အသက်(၄၃)နှစ်

မန္တလေးမြို့၊ အကွက် ၃၂၃၊ ဒေးဝန်းအနောက်၊ ကမ်းနားစာတိုက်အနီး၊ ချမ်းအေးသာစံမြို့နယ်နေ ဒေါ်စုစုချော၏ခင်ပွန်း၊ မပီတီခင်၊ မောင်ထူးမြတ်မောင်တို့၏ဖခင်သည် ၂၁-၁၀-၂၀၂၄ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၂၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်မြင့်

(ရုပ်ရှင်ကော်ပိုရေးရှင်း)

စာရင်းကိုင်(ငြိမ်း)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက် ၁၊ အမှတ် ၀၀၃နေ [ဗိုလ်ကြီးမောင်စော(ငြိမ်း)-ဒေါ်သင်းကြည်]တို့၏သမီးကြီး၊ ဒေါက်တာစိုးကြည် - (ဒေါ်ဖိလစ်သန်းတင်)၊ ဒေါက်တာသိန်းလင်း - ဒေါ်ရီမြင့်တို့၏ညီမ၊ဒေါ်တင်တင်ဝင်း၊Capt:သိန်းအေး-ဒေါ်မြင့်မြင့်စိန်၊ ဦးမျိုးမြင့် (Uniteam Marine)-ဒေါ်တင်အေး၊ ဦးခင်မောင်သန်း 2/O (Oversea Yeman)-ဒေါ်အေးအေးသင်း (အထက-၂၊ သင်္ဃန်းကျွန်း)၊ဦးမျိုးတင့်-ဒေါ်ကြည်ကြည်မြင့်၊ ဦးစံလှမြင့် (Uniteam Marine)-ဒေါ်မြမြသင်းတို့၏အစ်မကြီးသည် ၂၀-၁၀-၂၀၂၄ရက် ညနေ ၄း၀၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၂၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၂၄ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက် ၁၊အခန်း ၀၀၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်တင်ရွှေ(ခ)ဒေါ်ရွှေကြီး

အသက်(၈၃)နှစ်

ပေါင်မြို့နယ်၊ ဇင်းကျိုက်ရွာ၊ ဖလပ်ပိုင်းနေ(ဦးဆိုင်-ဒေါ်လှအေး)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ ၃လမ်း၊ အမှတ်၁၇၅နေ ဦးဘိုဟိန်း၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်ခင်နွဲ့ခိုင်၊ ဦးနေဝင်း၊ဦးအောင်မင်း-ဒေါ်တင်တင်ဆွေ၊ဦးဇော်ဝင်း၊ ဒေါ်တင်တင်မြင့်၊ ဦးသိန်းလွင်-ဒေါ်ဝင်းမာချို၊ ဦးအောင်ဆန်းဝင်း-ဒေါ်ချိုချိုသင်း၊ ဦးစန်းယု-ဒေါ်နွယ်နွယ်လွင်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့)ည ၁၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၂-၁၀-၂၀၂၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးပြုံးချို(ခ)ဦးဝင်းသန်း

အသက်(၅၈)နှစ်

အမှတ် ၉၁၊ ကျောက်ရေတွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးမောင်မူ - ဒေါ်ရင်နု)တို့၏သားကြီး၊ (ဦးအုံးမြိုင်-ဒေါ်လှိုဲ)တို့၏ သားသမက်၊ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ကိုထိန်လင်းဦး-မသန္တာဝင်း၊ ကိုဝင်းမြင့်၊ ကိုမောင်မောင်ငြိမ်း-မတင်တင်မြ၊ ကိုနန္ဒလင်းတို့၏ဖခင်သည် ၂၁-၁၀-၂၀၂၄ရက်(တနင်္လာနေ့)နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မိုးကုတ်မြို့နယ်အသင်း

ဦးခင်မောင်ရင်

အသက်(၇၀)

မိုးကုတ်မြို့၊ ကျပ်ပြင်ဈေးရပ်နေ ဖွားစက်ညွန့်၏သား၊ ရန်ကုန်မြို့၊ အမှတ် ၅၄ (ခြောက်လွှာ)၊ ၈၇လမ်း၊ ကန်တော်ကလေးနေ ဒေါ်တင်တင်၏ခင်ပွန်းသည် ၂၀-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၂၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်သူ့လွှတ်တော်အစည်းအဝေး

အကြမ်းဖက်မှုများ မဖြစ်ပေါ်နိုင်ရေးအတွက် ယခင်ကသိမ်းဆည်းခဲ့သောလက်နက်များကို ဆက်လက်သိမ်းဆည်းသွားရမည်သာဖြစ်

နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို အစီအစဉ် (၉)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **ယခင်အစိုးရလက်ထက်တွင် သိမ်းဆည်းခဲ့သော နိုင်ငံအဝန်းလိုင်စင်ဖြင့်ကိုင်ဆောင်ခဲ့သော သေနတ်များအား မူလပိုင်ရှင်များသို့မဟုတ် အမွေဆက်ခံခွင့်ရှိသူများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ၁၉၇၇ခုနှစ်၊ လက်နက်ကိုင်ဆောင်ရေးမူအခန်း (၁၂)၊ အပိုဒ် (၂၉)တွင် ဒေသဆိုင်ရာလုံခြုံရေးအခြေအနေအရ သိမ်းဆည်းနိုင်ကြောင်းကို ပြဋ္ဌာန်းထားရှိပါကြောင်း၊ ယိုယွင်းလျက်ရှိသည့် နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရန်အလို့ငှာ ယခင်အစိုးရ အဆက်ဆက်တွင် နိုင်ငံတစ်ဝန်းလုံးရှိ လိုင်စင် သို့မဟုတ် ပါမစ်ဖြင့် ကိုင်ဆောင်ခွင့်ပြုခဲ့သော နိုင်ငံသားအချို့၏ လက်နက်များကို သိမ်းဆည်းခဲ့ခြင်း ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် လူမှုရေးပဋိပက္ခအခြေအနေများကို အကြောင်းပြုပြီး ဘာသာရေးအသွင်ဆောင်သည့် ဆူပူအကြမ်းဖက်မှုအချို့ ဖြစ်ပွားခဲ့သည့်အတွက် ငြိမ်းချမ်းစွာ ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြီး ဆက်လက်မဖြစ်ပွားစေရေး၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေ စိုးမိုးမှုရရှိစေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားသော နည်းလမ်းများအားလုံးကို အသုံးပြုပြီး အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆူပူအကြမ်းဖက်မှုများကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်လျက်ရှိသကဲ့သို့ လက်နက်များဖြင့် အကြမ်းဖက်မှုများ မဖြစ်ပေါ်နိုင်ရေးအတွက် ယခင်က သိမ်းဆည်းခဲ့သောလက်နက်များကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော

စာမျက်နှာ ၇ ကော်လံ ၁ ❐

အမျိုးသားလွှတ်တော်အစည်းအဝေး

ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်ထား

နေပြည်တော် အောက်တိုဘာ ၂၁

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသာမက မြန်မာနိုင်ငံတောင်ပေါ်ဒေသများ၊ နိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်၊ ကမ်းရိုးတန်းဒေသများနှင့် စစ်တောင်းမြစ်ဝှမ်းဒေသများတွင် နေရာဒေသမရွေး မိုးကြီးရေလွှမ်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ရေရှည်အစီအမံများဖြင့် ထိရောက်စွာ ရုပ်လုံးဖော်နိုင်ရေးအတွက် **"မြန်မာနိုင်ငံ မိုးရာသီ ရေကြီးပျက်စီးဆုံးရှုံးမှုများ လေ့လာဆန်းစစ်ခြင်း (Flood Damage Analysis) နှင့် ထိခိုက်မှုသက်သာလျော့နည်းစေရန် ကုစားနိုင်မည့် အစီအမံများ (Mitigation Measures) ဖြင့် ပြည်သူများ ရေရှည်အကျိုးခံစားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ဦးမျိုးမြင့်က လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံး အတိုင်းအတာ လွှမ်းခြုံသည့် ရေအရင်းအမြစ်များအား စီမံဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (National Water Resources Committee)ကို ဖွဲ့စည်းထားပြီး ယင်းကော်မတီအား ပံ့ပိုးပေးနိုင်မည့် ကျွမ်းကျင်ပညာရှင်များအဖွဲ့ (Expert Group) ကိုလည်း အဖွဲ့ဝင် ၂၈ ဦးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ထို့ကြောင့် ၎င်းအဖွဲ့အစည်းကြီး၏အောက်တွင် မူလရည်မှန်းချက်ဖြစ်သည့် တစ်နိုင်ငံလုံး အတိုင်းအတာလွှမ်းခြုံလျက် နှစ်စဉ်ကြုံတွေ့ခံစားရသည့် ရေကြီးရေလွှမ်းမှုများကို ထိရောက်သော အသေးစိတ်စူးစမ်းလေ့လာမှုများကို အခြေခံပြီး နိုင်ငံအတွက် ရေတိုရေရှည် အကျိုးရှိစေမည့် မဟာစီမံချက်ကိုချမှတ်ခြင်းဖြင့် အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် တင်သွင်းခဲ့ရာ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

မြန်မာအမျိုးသမီး မွေလက်ဝှေ့အားကစားသမားနှစ်ဦး၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ဆီးဂိမ်း မွေလက်ဝှေ့အားကစားပြိုင်ပွဲ မြန်မာ့လက်ဝှေ့ကျော်များ ပါဝင်ထိုးသတ်မည်

နေပြည်တော် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားများအနေဖြင့် မွေအားကစားနည်းတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုင်းဇော်ဇော်က ပြောသည်။

"ကျွန်တော်တို့ ဆီးဂိမ်းပြိုင်ပွဲမှာ ရိုးရာအားကစားနည်းတစ်မျိုးဖြစ်တဲ့ မွေလက်ဝှေ့ပြိုင်ပွဲမှာ မြန်မာ့ရိုးရာ လူငယ်လက်ဝှေ့အကျော်အမော်များ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ လောလောဆယ် နေပြည်တော်မှာရှိတဲ့ Gold Camp မှာ

စာမျက်နှာ ၈ ကော်လံ ၁ ◆

ဗီယက်နမ်ယူ -၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်းတတိယလုပွဲကစားရမည်

[ဖိုးသော်ဇင်]

ရန်ကုန် အောက်တိုဘာ ၂၁

ဗီယက်နမ် ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များမှာ အောက်တိုဘာ ၂၁ ရက်က ပြီးဆုံးသွားခဲ့ပြီး မြန်မာ ယူ-၁၉ အသင်းမှာ တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု နောက်ဆုံးပွဲစဉ်များတွင် မြန်မာက ဩစတြေးလျကလပ် ဆစ်ဒနီလူငယ်ကို တစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင်ဗီယက်နမ်က မလေးရှားကို ငါးဂိုး-တစ်ဂိုးတို့ဖြင့်အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ၅၅ မိနစ်တွင် ရှိုင်းသူရက သွင်းယူပေးခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ဗီယက်နမ်က ကိုးမှတ်ဖြင့် ပထမ၊ ဆစ်ဒနီလူငယ်က ခုနစ်မှတ်ဖြင့် ဒုတိယ၊ မလေးရှားက ငါးမှတ်ဖြင့်တတိယ၊ မြန်မာက လေးမှတ်ဖြင့်

စာမျက်နှာ ၉ ကော်လံ ၁ ■

မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ယနေ့ မာတိကာ

အမေရိကန်-ပါကစ္စတန် ဆက်ဆံရေး အလွန်အရေးကြီးဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ ပြောကြား　စာ - ၄

အချိန်မီပြုပြင်ရန်လိုပါသည် (ဆောင်းပါး)　စာ - ၆

ဘာနေပျူးကွင်းမှာ ခက်ခဲဦးမယ့် ဂျူဗင်တပ်စ်　စာ - ၁၄

ဆီးဖြူ ဖန်ခါး ငုံထားမလား　စာ - ၁၅

မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်တွင်းရေကြောင်း ဆိပ်ခံဇောတံတားကပ်ခနွန်းများ မြင့်တက်　စာ - ၁၆

ကမ္ဘာကို ဝင်တိုက်နိုင်သည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားသိပ္ပံပညာရှင်တို့ တွက်ချက်မှုအရ တိုက်နိုင်ခြေအခွင့်အလမ်းနည်း

[မောင်နွေသစ်]

ဝါရှင်တန် အောက်တိုဘာ ၂၁

နက္ခတ္တဗေဒပညာရှင်များ မကြာမီက လေ့လာတွေ့ရှိခဲ့သော ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုသည် ကမ္ဘာကိုဝင်တိုက်နိုင်သည့် အခွင့်အလမ်း အလွန်နည်းသွားပြီဖြစ်ကြောင်း အမေရိကန်ကျွမ်းကျင်ပညာရှင်များက ပြောကြားလိုက်သည်။ အဆိုပါ ဂြိုဟ်သိမ်ဂြိုဟ်မွှားကို asteroid 2013 TV 135 ဟု အမည်ပေးထားပြီး ယူကရိန်းနက္ခတ္တဗေဒ သိပ္ပံပညာရှင်များက

စာမျက်နှာ ၈ ကော်လံ ၄ ✳